
mgyoe.com

# ဂရုမိတ်ဆက်ခံမှုနှင့်

# ငြိမ်းကျော်



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ချစ်သူနှစ်ယောက်ကိစ္စကို ယောက်ျားလေး မိန်းကလေး နှစ်ဘက်အသိုက်အဝန်းက
စကားဟ ကတည်းက ဘယ်ရောင် ဘယ်စေတနာနဲ့ ဝင်မယ်ဆိုတာ
အရေးအကြီးဆုံးပေါ့။
ချစ်နေတဲ့သတင်း ကြားလိုက်ရတာနဲ့ပဲ မြင်လဲမမြင် လေ့လည်း မလေ့လာ
ရသေးတဲ့ကြားက ခေါင်းခါလက်ခါချင်တာတွေက များပါတယ်။

အနက်ဆုံး ချောက်ကမ်းပါးထဲကို ဆင်းပြီး ကျွန်တော် ဒူးထောက်နိုင်ပါတယ်။
မိန်းမတစ်ယောက်ကို ဒူးထောက်တာ မဟုတ်ပါဘူး။ ကရုဏာရှင် ဂုဏ်သိက္ခာရှင်ကို
အဲဒီ ကရုဏာဂုဏ်သိက္ခာကို လေးစားသောအားဖြင့် ဒူးထောက်လိုက်ပါတယ်။
အဲဒါကြောင့် လက်ထပ်ပါလို့ ကျွန်တော် အသနားမခံချင်ပါဘူး။
ဒါပေမယ့် သူ ကျွန်တော့်ကို ဘာဖြစ်လို့ တွေ့ဆုံနေသေးတယ်ဆိုတာ စဉ်းစားမရဘူး။

ဂျာမီဗောက်ခင်မွှန်

ငြိမ်းကျော်

FIC0119
3,000.00 KS

mgyoe.com

ပါရမီဖက်ခင်မွန်၊ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၃၆ မျက်နှာ၊ ၁၄ • ၅ စင်တီ × ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၂ ဆောင်းသဇင်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပါရမီဖက်ခင်မွန်

ငြိမ်းကျော်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ ၁ ]

စွေနေသောမိုးသည် မြည်သံပေးကာ သည်းလာ၏။ လေပြင်းတစ်ချက် ဝှေ့သည်။ အအေးသည် လေတွင် ရောပါ၍နေ၏။ မိုးပေါက်တွေ ပို၍ စိပ်လာ၏။ ဆင်ဝင်အောက်သို့ လှမ်းသောခြေမှာ စီးနေသော ရေအောက်တွင် နစ်နေ၏။ ဒူးဆစ် အထက်သာသာ ရေစိုနေပေပြီ။ နောက်ကျောမှာ ရေမှုန်ရေမွှား ဆွတ်ထားသကဲ့သို့ ဖြစ်နေသည်။

ထီးရိုးကို ပခုံးတွင်တင်ထားပြီး မိုးကိုကာထားရသည်။ ခရိုင်တွေနှင့် ခေါင်းထိနေ၏။ ပိတ်ရင်းနှင့် ခပ်သုတ်သုတ်လှမ်းကာ ဝင်လိုက်သည်။ ကိုယ့်လိုပင် မိုးခိုနေကြသူတွေ ပြည့်နေ၏။ ရုံးဆင်းချိန်နှင့် အချိန်ကိုက်၍ ရွာတတ်သောမိုးကို မကျေမနပ် ဖြစ်သည်။ နောက် နာရီဝက်၊ တစ်နာရီနေမှ ရွာရောပေါ့။ အချိန်ပို အလုပ်မဆင်းရတဲ့ နေ့မို့လို့ စောစောပြန်မယ် စိတ်ကူးတယ်။ ဈေးဝယ်ချိန်တောင် ရမှရပါ့မလား မသိဘူး။ ကားပေါ် ရောက်မှ ရွာချင်လည်းရွာပေါ့။ တစ်ခုတော့ ကောင်းပါတယ်။ မိုးသည်းချိန် ကားတိုးရတာ သိပ်မခက်ဘူး၊ နေရာချောင်တတ်တယ်ဟု တွေးရင်း အဆောက်အအုံ လေှကားခုံဘက်သို့ ကျောကပ်၍ ရှေ့သည်။

* * *

ထီးကို ခေါက်ပြီး လိပ်သည်။ ပလတ်စတစ်အိတ်ထဲတွင်ထည့်ပြီး မှတ်တိုင်သို့ လျှောက်သွားသည်။ လွယ်အိတ်ထဲသို့ ထီးထည့်ရင်း ကောင်းကင်ကို တစ်ချက်ကြည့်၏။ စိတ်မချရ။ ခဏကြာလျှင် ရွာမည့်နိမိတ် ရှိနေသည်။ စကြံပေါ်မှ ရေတွေစီးနေဆဲ။ ဗာဒံပင်နှင့် ခရေပင်တွေထက်မှ ရေစက်တွေကျလျက်ပင် ရှိသေးသည်။ သွားသူ လာသူဖြင့်

mgyoe.com

လမ်းသည် ပြန်လည် စည်ကားလာ၏။

"အစ်ကိုကြီး"

ဘယ်ဘက်က ခေါ်သံ။ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ လွယ်အိတ်ကို ကိုယ်ရှေ့တွင် ကပ်ထားပြီး သူ့ကို ပြုံးကာ လှမ်းခေါ်သူ။ မြင်ဖူးသည်ဟု အောက်မေ့သည်။ ဆယ့်ခုနစ်၊ ဆယ့်ရှစ်သာသာ။ မျက်နှာဝိုင်း၊ မိန်းကလေး၏ဘေးတွင် ရပ်နေသူ ရွယ်တူကောင်လေးက မျက်နှာပျက်သွားသည်။ ကလေးမလေးက ငါ့ကိုသိလား၊ ဘာလို့ခေါ်ပါလိမ့်ဟု တွေးရင်း ခြေစုံကို သိသိသာသာ ရပ်လိုက်သည်။ သံတံခါးတွေ ပိတ်ထားသော အခန်း၏ အပေါ်ဆုံး လှေကားထစ်ပေါ်တွင် ရပ်နေသူ မိန်းကလေးထံသို့ လျှောက်သွားသည်။

"ကျွန်မကို လိုက်နှောင့်ယှက်နေတဲ့သူဆိုတာ ဒီပုဂ္ဂိုလ်ပဲ အစ်ကိုကြီး"

အခြေအနေကို ချက်ချင်း သဘောပေါက်သည်။ ဆွေမျိုးသားချင်း အကြီးအကဲကို တိုင်တန်းပြောပြထားပြီးသော အနေ။ ငယ်ရွယ်သူ သဘာဝအလျောက် စာလိုက်ပေးခြင်း၊ စကားပြောခြင်းကိစ္စ၊ သူ မျက်နှာထား ပြင်လိုက်သည်။ မီးစင်ကြည့်ပြီး ကရမည့်ဇာတ်။ အစ်ကိုကြီးတစ်ယောက်၏ ဟန်ပန်။ မိမိ၏ နှမငယ်ကို လိုက်လံနှောင့်ယှက်နေသူကို ကြည့်သောအကြည့်ဖြင့် လူငယ်လေးကို ကြည့်သည်။ အောက်ဆုံးလှေကားထစ်တွင် ဘယ်ခြေ၊ အလယ် လှေကားထစ်တွင် ညာခြေတင်ကာ သံတံခါးကို လှမ်းကိုင်ထားသော လူငယ်၏မျက်နှာသည် နီမြန်းမြန်း။

"မင်း... တော်တော် လွန်နေပြီ"

ကိုယ့်အသံ ကိုယ်အားမရ ဖြစ်သွား၏။ သဟောက်သဟပြသံ၊ မာန်မဲ သတိပေးဟန် မပေါက်။ အရေးထဲတွင် ရုံးဆင်းခါနီးက စားခဲ့သော ငှက်ပျောကြော်ကြောင့် လည်ချောင်း ကပ်တတ်တတ် ဖြစ်နေ၏။ ထို့ကြောင့် ချောင်းတစ်ချက်ဟန့်ပြီး...

"ဒါ... မိကောင်းဖခင် သားသမီးတွေ မလုပ်တဲ့ အလုပ်ပဲကွ"

အမ်းတမ်းတမ်းဖြစ်နေသော လူငယ်သည် စကြံကျောက်ပြားပေါ်သို့ လှမ်းဆင်းပြီးနောက်...

"ကျွန်တော်...ကျွန်တော်...တကယ် မေတ္တာရှိလို့ပါ"

ဟေဟု လည်ချောင်းသံဖြင့် သူ အသံပြုသည်။

"ဟ...မင်း...တကယ် မေတ္တာရှိရင် မိသားဖသားပီပီ လာပြောပေါ့ကွ၊ ခု ဥစ္စာက..."

"အို...အစ်ကိုကြီးကလည်း၊ ဒီလို လူစားမျိုးကို ဘာလာပြောခွင့်ပေးရမှာလဲ"

mgyoe.com

mgyoe.com

မပြောတတ် မဆိုတတ်ဖြင့် စကားမှားသွားပြီဟု သိလိုက်၏။ မိန်းကလေး၏ ဖြတ်ပြောသော စကားနောက်သို့ အဆင်ပြေပြေ လိုက်နိုင်အောင် စဉ်းစားပြီး…

"မဟုတ်ဘူး၊ စကားပမာပြောတာ။ အဲသလို လာပြောဦးတော့ မျိုးရိုးဗီဇ အကျင့်စာဂဆိုတာ မစဉ်းစားလို့ မရဘူး။ ခုလို လမ်းမှာလိုက်ပြီး နှောင့်ယှက်တာကျတော့ ရိုင်းတယ်ကွ။ နောက်တစ်ခါဆိုရင်တော့ ရဲစခန်း ပို့ပစ်ရလိမ့်မယ်၊ ဒါပဲ"

ဆံပင် ဖုတ်သိုက်၊ ပုဆိုး ဖိုသီဖတ်သီ၊ ရှပ်လက်တို ကျပ်ကျပ်၊ အင်္ကျီ ကြယ်သီး မတပ်၊ ပိန်ကပ်ကပ်၊ မည်းကြုတ်ကြုတ် သူငယ်သည် ထိတ်လန့်သော မျက်နှာဖြင့် ကြည့်နေသည်။ စကားအဆုံးတွင် ဆောရီးပဲ အစ်ကိုကြီးဟုပြောကာ ကလေးမလေးထံသို့ တစ်ချက်ကြည့်၏။ ထိုနောက် ရုပ်ရှင်ရုံတွေဘက်သို့ ခပ်သုတ်သုတ် ထွက်သွားသည်။ တိုက်ခန်းလေးငါးခန်း လွန်သွားသည်အထိ သူလှမ်းကြည့်နေသည်။ ကလေးမလေးဘက်သို့ မျက်နှာအမူတွင် ရှက်ပြုံး ပြုံးကာ…

"ကျေးဇူးပဲ၊ ကျုပ်ရှင် အသွားအပြန် လိုက်နှောင့်ယှက်တာများပြီ"

ဟုတ်လားဟု သူ စကားထောက်သည်။

"အဲလကားလူ၊ ဆေးသမား"

ဒုတိယ ဟုတ်လားမှာ အံ့အားသင့်သံ ပါသွားသည်။

"အစ်ကိုကြီးကို အစ်ကိုအရင်း သဘောမျိုးနဲ့ အကူအညီတောင်းရတာ ခွင့်လွှတ်ပါ။ ကျုပ်ရှင်သွားတာ မိုးသည်းလို့ ဒီမှာဝင်ခိုတာ၊ သူပါလိုက်လာပြီး စကားပြောတယ်လေ။ မိုးထဲသွားရင်လည်း ထီးအောက် ကပ်လိုက်မှာ၊ ထီးနဲ့ ရိုက်ပြယ် ဘာပြယ် ဆိုတော့လည်း မကောင်းဘူးလေ။ မိုးစဲတော့ ကျောင်းအထိ လိုက်လာဦးမှာ။ ဒါနဲ့ အကြံထုတ်ရင်း ဒီဆင်ဝင်အောက်မှာပဲ နေရတာ"

"ကိစ္စ မရှိပါဘူး၊ သဘောပေါက်ပါတယ်။ ကျောင်းက ဘယ်နားလဲ၊ ကျောင်းနားအထိ လိုက်ပို့ပေးမယ်"

ရပါတယ်ဟု ပြောသော်လည်း လေ့ကားထစ်မှ ဆင်းလာသည်။ ရေစွတ်စိုနေသော စကြ်ကျောက်ပြားနှင့် ခုံမြင့်ဖိနပ်ခွာထိသံ ကြားရ၏။

မိုးသည် အမှုန်အမွှားဖြင့် ကျနေ၏။

* * *

ဩော်…လက်စသတ်တော့ ကိုကြီးသော်က လူစွမ်းကောင်း ဝင်လုပ်ပေးလိုက်ရတာကိုးဟု လက်နှိပ်စက်စာရေး မင်းဇော်က ရယ်ရင်းပြောသည်။ ဟိုကောင်လေးက

mgyoe.com

mgyoe.com
ငါနဲ့ သူနဲ့ ဘာမျှ မတော်ဘူးလို့သာသိရင် ပြဿနာကွ၊ သိလားဟု စာရွက်တွေ ဖိုင်တွဲရင်း သူ ပြောသည်။ သေချာတာပေါ့ဟု အောင်ကြိုင်က ပြော၏။ မင်းဇော်က ကိုကြီးသော် သူ့ကို မမှတ်မိဘူးလားဟု မေး၏။ မမှတ်မိဘူးကွ၊ သူ ဆယ်တန်းအောင်တုန်းက လုပ်အား လာပေးတာ ငါတို့ဌာနခွဲမှမဟုတ်တာ။ နေရာက အပေါ်ထပ်နဲ့ အောက်ထပ်၊ ဘယ် သတိထားမိပါ့မလဲဟု သူ ပြောသည်။ သူတို့ စကားဝိုင်းထဲသို့ ညွှန့်ညွှန့်ဝင်လာပြီး ဘာလဲဟု အောင်ကြိုင့်ကို မေးသည်။

အောင်ကြိုင် ပြောပြပြီးသောအခါ ကိုကြီးသော်ကလည်း သူ ဒေသကောလိပ် တက်ကတည်းက စာမေးပွဲပြီးရင် ဒီမှာ လုပ်အားလာပေးတာပဲ။ ဧကန္တ ကိုကြီးသော် မျက်မှန်တပ်ဖို့ လိုပြီထင်တယ်ဟု ရယ်ပြီး ပြော၏။ ဒါပေါ့ မိညွှန့်ရာ၊ အသက်ကကြီးပြီ မဟုတ်လား။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနဲ့ လျှာ ချွတ်ယွင်းပြီ ပေါ့ဟု အောင်ကြိုင် နောက်၏။ ရယ်သံတွေကြားမှ ခွေးကောင်လေးဟု လှမ်းဆဲသော သူ့အသံက စူးသွား၏။

"ငါက မင်းလို မိန်းကလေးမြင်တိုင်း ထိုင်မှတ်နေတဲ့ကောင် မဟုတ်တော့ မသိဘူး ပေါ့ကွ။ ဘယ်လာ မှတ်မိပါ့မလဲ အောင်ကြိုင်ရာ"

သူ့စကားကြောင့် ရယ်ကြသည်။ ရယ်သံတွေ အစဲတွင် ညွှန့်ညွှန့်က...

"နောက်တစ်ခါ မခင်မွန်နဲ့ လမ်းမှာဆုံရင်ကော ကိုကြီးသော် မှတ်မိပါ့မလား"

"ခုမှတော့ မမှတ်မိဘဲ ဘယ်နေပါ့မလဲ"

ဖြေပြီးချိန်တွင် မင်းဇော်ထံမှ ဟဲ...ဟဲ...ဟူသော တမင် ရယ်သံထွက်လာ၏။

"ဘာ...ဟဲ...ဟဲလဲ"

အောင်ကြိုင် မေးသည်။ မင်းဇော်က မျက်မှန်ပင့်တင်ရင်း...

"ခုတော့လည်း မှတ်မိသွားတဲ့ ဟဲ...ဟဲလေ၊ သိတယ် မဟုတ်လား။ ဗိုလ်အောင်ဒင် ထဲက ခင်မောင်ရင့် ရယ်သံ ဟဲ...ဟဲလေ"

သူ ဣန္ဒြေမဆောင်နိုင်တော့။ ဟက်ဟက်ပက်ပက် ရယ်လေသည်။

❑

mgyoe.com

mgyoe.com

[ ၂ ]

အိမ်ပေါ်သို့ လှမ်းတက်ချိန်တွင် အမေက မင်းလုံချည်တစ်ထည်လုံး မိုးရွှဲလာတာ၊ ကိုးဟု ပြောကာ ပုဆိုးခေါက် လှမ်းပေးသည်။ အိမ်ရှေ့အဆင့်တွင် သူ ခြေစုံရပ်၏။ ဂျပန်ဖိနပ်ကို စင်တွင်ထောင်သည်။ ထီးကိုဖွင့်ကာ ရေစစ်သည်။ အမေက မင်းလွယ်အိတ် ပေးလေဟု ပြောသည်။ အမေ့ထံသို့လွယ်အိတ်လှမ်းပေးရင်း ရန်ကုန်ထဲမှာ တစ်စက်တစ်မှုန် တောင် မရွာဘူး။ ဒီရောက်မှ ကားပေါ်ကလည်းဆင်းရော သွန်ချသလား အောက်မေ့ရ တယ်ဟု ပြောသည်။ ဒူးအထက်ရောက်အောင် ပုဆိုးစကိုမသည်။ ရေညှစ်ချပြီး ပုဆိုး လဲဝတ်သည်။ ထိုစဉ် သွားကြားထိုးရင်း အိမ်ရှေ့သို့ ထွက်လာသူ အဖေက အေးကွာ... ရွာလိုက်တာမှ တစ်မိုးစာရေ တစ်ရက်နဲ့ ကုန်ပြီလားတောင် ထင်ရတယ်။ အဝတ် မြန်မြန်လဲ၊ ရေမချိုးနဲ့တော့၊ အအေးပတ် နေဦးမယ်ဟု လှမ်းပြောသည်။ မိုးသံသည် အဖေ့အသံကို လွှမ်းချင်သည်။

* * *

လေနည်းနည်းပွချင်လို့ အဖေ ထမင်းစောစောစားလိုက်တာဟု အဖေပြောသည်။

"ကျွန်တော့်ကို မစောင့်ပါနဲ့၊ အချိန်ပိုက ဆင်းချင်ဆင်းရတာမျိုးဆိုတော့ အဖေတို့ ဘယ်လာစောင့်ပြီး စားလို့ ဖြစ်ပါ့မလဲ"

လက်သုတ်ပဝါကို တန်းတွင် ဖြန့်လှမ်းရင်း လှည့်၍ပြောသည်။

"မနှစ် မိုးတွင်းတုန်းက ဒီလို မဟုတ်ဘူးကွ၊ ဒီမိုးကျမှ ဗိုက်က တယ်မကောင်း ချင်ဘူး။ အသက်ထောက်လာရင် ဒီလိုပါပဲကွာ"

mgyoe.com

စကားအဆုံးတွင် ခြေအိတ်ကို ဆွဲတင်သည်။ ထိုနောက် ရေနွေးအိတ်ပေါ်တွင် ခြေဖဝါး ကပ်သည်။

"မိုးတွင်း၊ ဆောင်းတွင်းဆိုတာ ဒီလိုပါပဲ အဖေရာ၊ အဖေတွင် မဟုတ်ပါဘူး။ ကျွန်တော်တို့တောင် ခြေအေးလွန်းရင် ရင်ပြည့်ရင်ကယ်ချင်သလိုလို ဖြစ်သေးတာပဲ"

ခြေရင်းပြတင်းနှင့် ကပ်လျက်ရှိသော ကွပ်ပျစ်ပေါ်တွင် သူ ထိုင်ရင်းလှမ်းပြော သည်။ ညိုသောနဖူး အရေးအတွန့်တွေ သူ မြင်လိုက်၏။

"အဖေတို့...လူကြီးက မင်းတို့လို ဝမ်းတွင်းဓာတ်မီး တယ်မကောင်းတော့ဘူးကွ၊ အပ ပယောဂ ဥတု အပူအအေးကို သပ္ပာယဖြစ်အောင် ဝမ်းတွင်းမီးက မမီနိုင်တော့ဘူးလေ။ မင်းလည်း နောက် ခြောက်နှစ်၊ ခုနစ်နှစ်ဆို လေးဆယ်၊ ယောကျ်ားက လေးဆယ်ဆို သတိထားရတယ်။ အနေအထိုင် မတောရဘူး၊ ဒူလာ စတာ အဲဒီအချိန်၊ ခြောက်ဆယ် လောက်မှာ တစ်ချက် သတိထားရပြန်တယ်။ အစားအသောက် အနေအထိုင် ဘယ်လောက် ပြုပြင်ပြုပြင် မဆိုစလောက်တော့ ဒူလာ လက္ခဏာ ကချိကချောက် ပြတာချည်းပဲ"

အဖေသည် ကျန်းမာရေးကို ဂရုတစိုက် ရှိသည်။ ခြောက်ဆယ့်သုံးလေးနှစ် အသက်ထက် ဆယ်နှစ်မက ငယ်သည်ဟု ထင်ရသည်။ ပုပုပျပ်ပျပ်အရပ်နှင့် ကိုယ်နေ သွယ်သောကြောင့် အရွယ်တင်ဟန်တူ၏။ အမေကမှ အသက်ထက် ပို၍ ရင့်ချင်ချင်။ တစ်ခုတည်းဖွား လေးငါးလသာ ကွာသော်လည်း အိမ်မှုကိစ္စ၊ ကုန်ရောင်းကုန်ဝယ် ကိစ္စများ ကြောင့် အမေအရွယ် ကျဟန်တူ၏။ သို့သော် အမေသည် အဖေကဲ့သို့ ရုံးဝန်ထမ်း မဟုတ်သဖြင့် သွားလာလှုပ်ရှားမှုပိုကာ အဖေ့ထက် ကျန်းမာသည်။

"သား...ရုပ်အင်္ကျီ လက်တိုလေးနဲ့ မနေနဲ့လေ၊ အနွေးထည် ထပ်ဝတ်ထား"

အိမ်ရှေ့ခန်းသို့ ထွက်လာသော အမေက မျက်ခုံးတစ်ချက်တွန့်ပြီး ပြောသည်။

"ရပါတယ် အမေ၊ ဒီလောက် မချမ်းပါဘူး"

"ဘယ့်နှယ် မချမ်းရမှာလဲ၊ မင်း လက်ဖျားတွေ ခုထိ ပဲခွံတွန့်နေတဲ့ဥစ္စာ၊ ဝတ်ထား"

ကွပ်ပျစ်အထက်ရှိ အဝတ်တန်းပေါ်မှ နိုင်လွန်ဆွယ်တာကို လှမ်းယူပြီး ဝတ်ထား လိုက်ရသည်။ သို့မဟုတ်ပါက အမေကိုယ်တိုင် ယူပေးပြီး ဝတ်ပေးမှာ သေချာသည်။

"အမေ၊ ဆိုင်ဘယ်အချိန်က သိမ်းလဲ"

"ငါးနာရီတောင် မနေပါဘူး၊ မိုးကမည်းပြီး သည်းနေတာ။ လကလည်း လကုန် ရက် မဟုတ်လား။ ဒါနဲ့ စောစောသိမ်းလိုက်တာ"

"ဒေါ်နုကော ဆိုင်မှာ လာထိုင်နိုင်ပြီလား"

အမေ့ဆိုင်အကူ ဒေါ်နု။ တုပ်ကွေးဖျားလိုလို၊ မီးယပ်ဖျားလိုလို ဖြစ်ကာ

mgyoe.com

mgyoe.com
အမေ့ဆိုင်သို့ မလာနိုင်သည်မှာ လေးငါးရက် ရှိပေပြီ။

"မနက်က ဆွမ်းခံပြန်ချိန်လောက် ဆိုင်ရောက်လာတယ်။ နေကောင်းပေမယ့် ခံတွင်းပျက်နေတယ်။ လူလည်း တော်တော် ချုံးသွားတယ်။ နားဦး၊ ဆိုင်မထိုင် နဲ့ဦးဆိုပြီး အမေ ငွေငါးဆယ် ထုတ်ပေးလိုက်တယ်။ ဒါ သူ့လခနဲ့ မဆိုင်ဘူးလေ။ သက်သက်ပေး လိုက်တာ၊ နှစ်ရက်၊ သုံးရက်နေမှ ဆိုင်ထိုင်ဖို့လည်း ပြောလိုက်ရသေးတယ်"

သူ ခေါင်းညိတ်သည်။ အမေသည် အိပ်ခန်းထရံနှင့် ကပ်နေသော ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်ရင်း ဆေးသောက်ပြီးပြီလားဟု အဖေ့ကို မေး၏။ အဖေက အင်းဟုပြော ပြီး...

"ဒီနေ့က ပျားရည်နဲ့ သောက်လို့လား မသိဘူး၊ ဗိုက်ထဲ ကယ်တယ်တယ် မနေဘူးကွ"

"ဟုတ်မှာပေါ့၊ ဒါဆို ပျားရည်နဲ့ပဲသောက်၊ ခြေဖျားအေးတာရော"

မဆိုးပါဘူး၊ တယ်ပြီး မအေးလှဘူးဟု အဖေ ပြောသည်။ အမေနှင့် အဖေတို့ စကားပြောနေသည်ကို ကြည့်ရင်း မဆီမဆိုင် သတိရသည်။ မပြုံးမရယ် လျက်နှင့်လည်း လှနေသော ခင်မွန့်နှုတ်ခမ်း။

❑

mgyoe.com

mgyoe.com

# [ ၃ ]

"ကိုကြီးသော်...ညွှေ့သည်"

သကြား ပိသာချိန်တွေကို ရုံးသူရုံးသား ဦးရေဖြင့် စားလိုက်သည်။ စိမ်းပြာရောင် အီလက်ထရွန်းနစ် ဂဏန်းလေးတွေ ပေါ်လာသည်။ ဒသမတွေဖြင့် အဖြေထွက်လာသည်။ ဟာ...ဒုက္ခပဲ။ တစ်ယောက်ကို ခုနစ်ဒသမ လေးရှစ်သုံးကိုးကျပ်သား ခွဲတမ်းရတယ်။ ရတီနဲ့ ချိန်ရမယ်ထင်တယ်ဟု အောင်ကြိုင့်ကို သူ လှမ်းပြောရင်း ကုလားထိုင်မှ ထသည်။ ညွှန့်ညွှန့်ရှိရာသို့ လျှောက်ရန် ခြေပြင်စဉ်တွင်ပင် ကုလားထိုင်ပေါ်က ညွှေ့သည်ကို မြင်သည်။ မခင်မွန်။ သူ့ကို လှမ်းကြည့်ပြီး ပြုံးသည်။ လေးငါးခြောက် စားပွဲကျော်သို့ အရောက်တွင်...

"ညွှေ့သည်ဆိုလို့ ဘယ်သူလဲ အောက်မေ့တယ်"

ညွှန့်ညွှန့်က ခုမှ ဘယ်သူ ဖြစ်နေတာကိုးဟု နောက်သည်။ မခင်မွန် ရယ်သည်။

"ကျွန်မကို ဦးတင့်သော် မှတ်မိပါတယ်နော်"

မမှတ်မိရာ စကားများကို ညွှန့်ညွှန့်က တင်ကြိုပြောပြထားမှန်း သိလိုက်သည်။

"ဟာ...မှတ်မိပါတယ်၊ ဒါပေမဲ့...နာမည်က မခင်မွန်လို့ခေါ်မှန်း ဒီမရောက်ခင် အောင်ကြိုင် ပြောလိုက်လို့"

ညွှန့်ညွှန့်ကပါ ရော၍ ရယ်၏။

ညွှန့်ညွှန့်က စားပွဲဘေးရှိ ကုလားထိုင်ကို တိုးပေးကာ ထိုင်ရန် နေရာပေး၏။

"ဆို...ဘယ်ပုဂ္ဂိုလ်ကိုလိုက်ပြီး ရှင်းပေးရမလဲ၊ ပြော"

တိုက်ပုံအင်္ကျီ တံတောင်ပင့်ဟန်ပြုပြီး ရယ်စရာဆို၏။ မခင်မွန်က အဲဒီ ပြဿနာ

mgyoe.com

mgyoe.com
ရှင်းသွားပါပြီ။ ဒီကို အလည်သက်သက် လာတာပါဟု ရယ်မောပြီး ပြောသည်။ ကုလားထိုင်တွင် ထိုင်ပြီးပြီးချင်း ဒါထက် ညွန့်ညွန့်... ညှော့သည်အတွက် ဘာများရမလဲဟု မေးသည်။ ကော်ဖီနဲ့ စမူဆာ မှာထားပြီးပါပြီ ကိုကြီးသော်ရယ် ဟုပြောသည်။ ပြုံးထွေသောမျက်နှာနှင့် ကိုကြီးသော်ရယ်ဟူသော လေယူလေသိမ်းကြောင့် သူမျက်နှာ ရှိန်းသွား၏။ မသိယောင်ပြုကာ ကျူရှင်က ပြန်လာတာလားဟု မခင်မွန်ကိုမေးသည်။

"ဟင့်အင်း...ကျောင်းက ပြန်လာတာ၊ ကျူရှင်က ညနေကျမှ သွားရမှာ"

ဩော်...ဟု အသံ ခပ်ရှည်ရှည်ပြုသည်။

"ဦးတင့်သော်တို့ ဌာနခွဲမှာ ကျွန်မ သုံးရက် လုပ်အားပေးဖူးတယ်။ ကြာတာက အပေါ်ထပ်မှာ"

"ဟုတ်တယ်၊ ဟိုနေ့က အိမ်ပြန်ရောက်မှ အဲဒီအကြောင်း စဉ်းစားလို့ရတယ်။ ဒီက ညွန့်မှုုးနဲ့က ဆွေလိုမျိုးလိုဖြစ်နေလို့ ကျောင်းပိတ်ရက်တိုင်း လုပ်အား လာလာပေးနေတယ်ဆိုတာ ပြန်သတိရတယ်"

"မနှစ်က အသုံးလုံး လုပ်အားပေးလိုက်သွားရတာ တစ်လကြာတာနဲ့ ဒီမှာ တစ်ပတ်လား လုပ်အားလာပေးနိုင်တော့တယ်"

သူ ခေါင်းညိတ်သည်။ ထိုအချိန်တွင် အောင်ကြိုင် ရောက်လာ၏။ မခင်မွန်က အောင်ကြိုင့်ကို နှုတ်ဆက်သည်။ နှုတ်ဆက်စကား အဆုံးမှာ အောင်ကြိုင်က...

"ကျွန်တော်တို့ရုံးမှာ လုံခြုံရေး လူစွမ်းကောင်းရှိတယ်၊ မခင်မွန် လိုအပ်ရင်ငှားပါ။ ဒေးဗစ်ချန်း မဟုတ်ဘူး ဒေးဗစ်သော်၊ ဘရုစလီ မဟုတ်ဘူးဗျ၊ ဘရုစ သော်လို့ ခေါ်တယ်"

ဟာ...ဒီကောင်လေးဟု သူ ဟန့်သည်။ ရယ်သံတွေ ထွက်လာ၏။

"ကျွန်မကတော့ ငှားပြီးပြီ။ ဒါကြောင့် ဒီနေ့ ကျေးဇူးတင်စကား လာပြောတာ"

အောင်ကြိုင်က တဟဲဟဲ ရယ်သည်။ ဟာ...ကိစ္စမရှိပါဘူးဟူသော စကား ပြောရကောင်းနိုး၊ မပြောရနိုး သူ ရယ်ရင်း ချင့်ချိန်နေသည်။ ပြောလိုက်လျှင် ညွန့်ညွန့်တို့ သောမည်စိုးရသေး၏။ အလိုက်သင့် အလျားသင့် နေလိုက်တာပဲ ကောင်းပါတယ်ဟု တွေး၏။

ခင်မွန် ပြန်သွားလျှင် နောက်ကြ၊ ပြောင်ကြပေလိမ့်ဟု တွေးမိပြန်သည်။

* * *

ဒီနေ့ကျတော့လည်း ရာသီဥတုက တယ် သာယာတာပဲအထိ မင်းဇော် စကားကို အမှတ်တမဲ့ ဖြစ်နေသေးသည်။ ကောင်းကင်က ကြည်လင်နေတာပဲ။ ကဗျာဆရာလို

mgyoe.com

mgyoe.com
တင်စားပြောရရင် အင်းလေးလုံချည်နဲ့ တိုက်ပုံအကျီ အပြာနုဝတ်ထားတဲ့ ကောင်းကင်ပဲ ပေါ့ဟူသော နေရာရောက်မှ ကိုယ့်ကို နောက်နေမှန်း သိသည်။ မင်ခံစက္ကူ၊ ခဲတံ၊ ဖယောင်း စက္ကူ၊ ရုံးသုံးစက္ကူ စာရေးကိရိယာစာရင်းတွေ သွင်းနေရာမှ မင်းဇော်ကို လှမ်းကြည့်သည်။ သူ အကြည့်တွင်မှ မင်းဇော်က ပြတင်းဘက်သို့ မျက်နှာမူလိုက်၏။ ကောင်းကင်သို့ ကြည့်နေလေဟန်။ ပြုံးစေ့စေ့ နှုတ်ခမ်းကို သူ မြင်ရ၏။

"မင်းဇော်...ခုန ဘာပြောလိုက်တယ်၊ ပြန်ပြောပါဦး"

မျက်နှာပိုး သတ်ထားသော်လည်း မပိမရိ။

"ရာသီဥတု သာယာတာကို ပြောတာလေ ကိုကြီးသော်"

"ကောင်းကင်က တိုက်ပုံတွေဘာတွေ ဝတ်တယ်ဆိုတာရော"

"ကဗျာဆန်တာလေ"

လက်နှိပ်စက် စာရေးမ သုံးဆယ်ကျော် အပျိုကြီး မမြအုန်းက သူတို့ နှစ်ယောက် ကို ပြုံးကာ ကြည့်နေ၏။

"မင်း တော်တော် လည်တာပဲ"

"အကောင်း ပြောတာပါ ကိုကြီးသော်ရ"

"စကား လွှဲမနေပါနဲ့ကွာ"

"အဟုတ် ပြောတာပါ၊ ကျွန်တော် ဘာပြောလို့လဲ။ ကိုကြီးသော် ခေါင်းလိမ်းဆီ လိမ်းပြီး ကျကျနန ခေါင်းဖြီးလာတာကို ကျွန်တော် နောက်မိလို့လား။ အရောင် နုနုလေးတွေ ဝတ်လာတာကို မဝတ်စဖူး ဝတ်တယ်ဆိုပြီး ကျွန်တော် လှောင်မိလို့လား။ တစ်လခွဲနီးပါး လောက် ဒီမှာလုပ်အားလာပေးမယ့် တက္ကသိုလ်ကျောင်းသူတွေ ဒီနေ့ အလုပ်စဝင်မှာမို့လို့ ပြင်ဆင် အချောအလှတိုက်..."

ဟာ...ဟော့ကောင်...ဟု သူ လှမ်းဟန့်သည်။ မျက်မှောင်တစ်ချက် ကြုတ်သာ ကြုတ်မိသော်လည်း အများနည်းတူ ရယ်မောမိသည်။ မင်းဇော်ကို လက်သီးဆုပ်ပြကာ ဒီမှာ၊ မင်း...မလွယ်ဘူးဟု ရယ်ရင်း ကြိမ်းသည်။

"သိပါတယ် ကိုကြီးသော်ရာ၊ လက်သီးရော၊ ကရာတေးရော အတိုက်အခိုက် တော်လို့ လူမိုက်ငှားရာက စပြီး ဟဲ...ဟဲ...တံယောဇဉ်...တံယောဇဉ်..."

ရယ်သံတွေကြားတွင် ညွှန့်ညွှန့်၏အသံက ပို၍ ကျယ်သည်။ သူ့ကို လှမ်းကြည့် နေကြသည်။ မျက်နှာ မထားတတ်အောင် ဖြစ်သွားသည်။ ပြန်ပြောစရာ စကား ရှာမရ။ ဘာဖြစ်လဲကွဟု ပြော၍မဖြစ်။ ဟာ...မတော်တဆ တိုက်ဆိုင်တာပါဟု ပြောလျှင်လည်း အံ့သြစရာ၊ မတော်တဆဟု နောက်သူက နောက်ဦးမည်။

mgyoe.com

mgyoe.com

ရယ်ရွှန်းဖတ်ရွှန်းနေတာပဲ ကောင်းပါတယ်ဟု သဘောရသည်။ စိတ်ဆိုး၍လည်း မဖြစ်။ ညီအစ်ကို မောင်နှမတွေကဲ့သို့ ဖြစ်နေပေပြီ။ ပြောမနာ ဆိုမနာတွေ။ ရာထူးဌာနန္တရ အရိုန်၊ ပညာအရှိန်၊ ဥစ္စာအရှိန်တို့ဖြင့် ဖိစီးဆက်ဆံသူ မရှိသလောက် ရှားသော ဌာနထဲက အရင်းနှီးဆုံး အသိုက်အဝန်းတစ်ခု။ သာရေးနာရေးတွင် ကိုယ်နှင့်ထပ်တူ တစ်သဘောတည်း ရှိကြသူတွေ။ နစ်နာထိခိုက်အောင် အပြောအဆိုပင်လျှင် မရှိကြသူချင်း။

"ကိုကြီးသော် စိတ်ဆိုးတယ် မဟုတ်လား"

အတည်မေး မေးခြင်းမဟုတ်။

"ဆိုးတယ်ကွာ"

"အပေါ်ယံက စိတ်ဆိုးပေမယ့် ဝမ်းထဲကတော့ ပျော်လည်းပျော်၊ မျှော်လည်းမျှော်၊ ခုမှဆယ်နာရီ ရှိသေးတာ။ တော်ကြာလောက်ဆို..."

မမြအုန်း၏ ရွှတ်...ဟူသော တိတ်တိတ်နေ အထိမ်းအမှတ်။ ဟိုမှာ...ကောင်မလေးတွေ လာနေပြီဟု မမြအုန်း တိုးတိုးပြောသည်။ လှမ်းကြည့်သည်။ ရုံးသူ့ လက်စွဲဝါးခြင်းကိုယ်စီနှင့်။ ကျောင်းသူသုံးယောက်။ အလယ်မှာ မခင်မွန်။

* * *

ဖြူသည်တော့ မဟုတ်။ ဝါသလား၊ စိမ်းဖန့်ဖန့်လား၊ နို့နှစ်ရောင်လား။ ရှည်ကြာစွာ စူးစူးစိုက်စိုက် ကြည့်မိလျှင်တော့ မခင်မွန် အသားအရေ၏ အရောင်အသွေးကို ပြောနိုင်ပေလိမ့်မည်။ ပခုံးနှင့် လက်မောင်းရှိ မွေးညင်းလေးတွေကို ပြတင်းနေရောင်ဖြင့် မြင်လိုက်ရသည်။ နုညက်သောမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။ စိုးတင်ပေးသော ဖိုင်တွဲတွေကို ခင်မွန် လှမ်းယူရင်း ပြုံးသည်။ စိုးတင်က ရေးမှတ်စရာ ပြောနေဟန်တူ၏။ ခေါင်းငုံ့ပုံ၊ ခေါင်းညိတ်ပုံ၊ မျက်ခုံးပင့်ပုံ၊ အံ့သြစွာ ရယ်မောပုံတွေကို မျက်လုံးထောင့်မှ မြင်နေရ၏။ အမြင်ကို ဖယ်စရာ အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။ ငါ့အာရုံ သူ့ဆီ ဘာဖြစ်လို့ ရောက်နေရတာပါလိမ့်။ မသင့်လျော်ပါဘူးဟု ကိုယ့်ကိုယ်ကိုယ် တားမြစ်သည်။

"ကိုကြီးသော် ဆယ့်နှစ်နာရီ ထိုးပြီ၊ ထမင်းစားကြရအောင်ဗျာ"

အောင်ကြိုင်က ဗီရိုထဲရှိ ထမင်းဘူးကိုထုတ်ရင်း လှမ်းပြောသည်။

❑

mgyoe.com

mgyoe.com

[ ၄ ]

ဘာပါလိမ့် မခင်မွန်ဟု စာရေးနေရာမှ ရပ်ကာ မော့ကြည့်ပြီး မေးသည်။ ကျက်သရေ တင့်တယ်သော အပြုံးနုတ်ခမ်း၊ ပလတ်စတစ်အိတ်ထဲမှ စလူရွက်ထုပ်၊ လှမ်းယူစဉ် မခင်မွန် ပြောသည်။

"ဆီထမင်းလေ၊ ငါးကြော်လည်း ပါတယ်"

"ဟာ...များလိုက်တာ၊ တစ်ဝက်လောက် ပြန်ယူသွားပါလား"

"ရှိတယ်၊ သူတို့အတွက်ပါ ဝယ်လာတာ ဦးတင့်သော်"

"အားနာစရာကြီး"

"ရပါတယ်၊ ဟိုနေ့က ဦးတင့်သော်က ဆီထမင်းနဲ့ ငါးကြော် ကြိုက်တယ် ပြောလို့ ဝယ်လာတာ"

ဩော်နှင့် ဒုက္ခရာလို့ စကားနှစ်ခွန်းအကြားတွင် မင်းဇော်ဆီမှ ချောင်းဟန့်သံ သဲ့သဲ့ ကြားရ၏။ အောက်ဆင့် စားပွဲအံထဲတွင် ဟိုဟာရှာ၊ ဒီဟာရှာသယောင် မင်းဇော် ပြုနေ၏။ ခါတိုင်းလောက်တော့ အနောက်အစ မပြုတော့။ ရိုးသွားကြဟန်တူ၏။

* * *

နှစ်စားပွဲကျော် မျက်နှာချင်းဆိုင် စားပွဲတွင် ခင်မွန် ကိုယ်တစောင်းနေသည်။ မရှင်းလင်းသည်တို့ကို ဘေးချင်းကပ်စားပွဲရှိ ညွှန့်ညွှန့်ထံသို့လှည့်ကာ မေးနေသည်။ လုပ်အားပေး ရောက်လာပြီး တစ်ပတ်ကျော်အကြာတွင် ခင်မွန်နှင့်သာမက ခင်မွန့် သူငယ်ချင်း ချိုတီတို့၊ လှလှတို့နှင့်ပါ ခင်မင်ရင်းနှီးလာသည်။ ကလေးမလေး သုံးယောက်

mgyoe.com

mgyoe.com
စလုံးသည် စိတ်သဘောကောင်းကြသည်။ ပွင့်ပွင့်လင်းလင်း ပြောပြောဆိုဆို ရှိကြသည်။ လှလှတစ်ယောက်သာ စကားနည်းလွန်းသည်။ သုံးယောက်စလုံး၏ အရာရာကို လေးနက်တတ်ခြင်းမှာ သဘောကျစရာကောင်းသည်။ သူတို့သုံးယောက်သည် ရုံးသွားရုံးပြန် အတူတူ။ စားသောက်ဆိုင်သို့ ဆင်းလျှင်လည်း အတူတူ။ အစဉ်သဖြင့် ရွှင်ရွှင်ပျပျ၊ ရယ်ရယ်မောမော နေတတ်ကြသည်။

"ကိုကြီးသော်...ဆန်အိတ်တွေ ဘယ်အချိန် သွားထုတ်မလဲ"

အောင်ကြိုင် မေးသည်။ ဆယ့်နှစ်နာရီလောက်မှ သွားကြတာပေါ့ကွာဟု သူ လှမ်းဖြေသည်။ သူ့အဖြေနှင့် မရှေးမနှောင်းတွင် ခင်မွန် လှမ်းကြည့်သည်။

"ဦးတင့်သော်တို့ အပြင်သွားရင် မှာစရာတစ်ခုရှိတယ်" သူ ပြန်လည် ပြုံးသည်။

"မှာလေ၊ ရပါတယ်၊ ဘာလဲ..."

"ခေါက်ထီး လက်ကိုင်"

လက်ကိုင်ပဲ့သွားသော ခေါက်ထီးကို ခြင်းထဲမှယူကာ ပြ၏။

"ကော်လက်ကိုင်လား၊ သံလက်ကိုင်လား"

"သံပဲဝယ်တာ ကောင်းပါတယ်၊ ပလတ်စတစ်က ခိုင်မှမခိုင်တာ"

ဝယ်ခဲ့မယ်လေဟု သူအပြောအပြီးတွင် ခင်မွန်က လက်ကိုင်အိတ်ကို ဖွင့်သည်။ ဆယ်တန်တစ်ရွက်ထုတ်ပြီး ထိုင်ရာမှထရန် ဟန်ပြင်၏။ သူ လက်ကာ၏။

"ပြန်လာမှ ပေးပါ"

"တစ်ခါတည်းယူသွားလည်း ရတာပဲ"

"ပြန်လာမှပေးလည်း ရတာပဲ"

မင်းဇော်က ကိုကြီးသော်မှာ ပိုက်ဆံရှိလို့လား၊ မုန့်ဖိုးက တစ်နေ့မှ တစ်ကျပ်ပဲ ရတာ။ လမ်းကျမှ ကျွန်တော်တို့ဆီကနေ မချေးနဲ့ဟု လှမ်းနောက်၏။ ညွှန့်ညွှန့်က ဟုတ်တယ်၊ ကိုကြီးသော်အမေက မုန့်ဖိုးပေးတာ၊ ကားခပါရော ပေးထားတာ။ သားလူပျို ကြီးအတွက် စိစိစစ်စစ်နဲ့ပေးတာ။ ချေးမရမှ ချေးမဖို့သွန်ပြီး ကုန်စရာ စုထားတာဟု နောက်သည်။ ခင်မွန်က ဟုတ်လားဟု ရောချနောက်၏။ အလကားပါ၊ တစ်နေ့ တစ်ကျပ်ခွဲ ပေးတာ မဟုတ်ပါဘူး။ တစ်ကျပ်နဲ့ ခြောက်ဆယ့် ငါးပြားကြီးပေးတာပါဟု သူရယ် မောပြီး ဖြေ၏။

ထီးလက်ကိုင် ဝယ်လာပြီးမှ ငွေပေးလျှင် မယူပါဘူး။ နေပါစေ၊ စတက်ဒလာ ရစ္စတိုဖောင်တိန် လက်ဆောင်ပေးထားတာကို ပြန်ပြီး လက်ဆောင်ပေးတာပါဟု ပြောမည် စိတ်ကူး၏။
mgyoe.com

mgyoe.com
ရက်ဆက် ရွာခဲ့သောမိုးသည် စဲသွားခဲ့၏။ ကောင်းကင်ပြာကို မမြင်ရ။ တိမ်ဖြူတွေသာ တစ်မိုးလုံး ပြည့်နေ၏။ နေရောင်သည် တိမ်ဖြူထုကို မဖောက်။ အလင်းဖွေးဖွေးနှင့်သာ ရှိလေ၏။ ရုံးမှန်ပြတင်းမှ မြင်နေရသော ဗာဒံနှင့် ခရေညွန့်များ စိမ်း၍ ဝေလျက်ရှိ၏။ အရွက်အချို့မှာ အလင်းရောင်ပြန် ထင်နေသည်။ လေမလာ သဖြင့် သစ်ရွက်တွေ ငြိမ်သက်ကာနေ၏။ မှုတသောရာသီ၏ အငွေ့အသက်ကို ရလေသည်။

"ကိုကြီးသော်၊ မနက်ဖြန်ည ရုံးတာဝန်ကျတယ်"

အောင်ကြိုင်က စားပွဲရှိရာသို့ လျှောက်လာရင်း ပြော၏။ အပေါ်သို့တင်ရမည့် စာရွက်တွေမှာ ထပ်ဆင့် လက်မှတ်ထိုးနေရာမှ သူ လှမ်းကြည့်၏။ ခေါင်းတစ်ချက် ညိတ်ပြီး...

"ဘယ်သူရယ်...ဘယ်သူရယ်လဲ"

အောင်ကြိုင်က စားပွဲတွင် လက်ထောက်ကာ...

"မင်းဇော်ရယ်၊ ဦးစိုးတင်ရယ်၊ ကိုကြီးသော်ရယ်"

သူက ပြုံးပြီး ကျရာတာဝန်ပေါ့ကွာဟု ပြောလိုက်သည်။ မင်းဇော်တို့ကို တစ်စုံတစ်ရာပြောရန် သူလှမ်းကြည့်၏။ နေရာတွင် မရှိကြ။ အောင်ကြိုင်ဆီသို့ မျက်နှာပြန်အမူတွင် ခင်မွန်လှမ်းပြောသည်။

"မနက်ဖြန် ဦးတင့်သော်တို့ ညဂျူတီ ကျသလား"

သူ ခေါင်းညိတ်သည်။ အောင်ကြိုင်က ခင်မွန် ထိုင်နေရာသို့ လှမ်းကြည့်၏။

"ဒါဖြင့် မနက်ဖြန် ရုံးကိုလာကတည်းက အိပ်ရာလိပ်တို့၊ ခြင်ထောင်တို့ပါ တစ်ခါတည်း ယူလာကြရမှာပေါ့နော်"

ယောင်မှားပြီး အင်းလိုက်မည်သို့ ဖြစ်သွား၏။ ချက်ချင်း သတိရ၍...

"ဟာ...ဒီကောင်မလေး၊ ညလုံခြုံရေး တာဝန်ကျပါတယ်ဆိုကာမှ ဘယ့်နှယ် အိပ်ရာတွေ၊ ခေါင်းအုံးတွေ ယူလာရမှာလဲ"

ခင်မွန့် ရယ်မောသံသည် ချိုလွင်လှပ၍နေ၏။ ညီညာသော သွားဖြူဖြူလေးတွေကို မြင်လိုက်၏။ အောင်ကြိုင်က ရယ်သံနှင့်ပင်...

"အဲဒါတွေတွင် ဘယ်ကမလဲ၊ အိပ်ဆေးပါ ဆရာဝန်ဆီက အသင့်တောင်း လာကြရမှာ"

* * *

ပထမဦးဆုံး စပ်မိသောစကား။ ပြောပြနေသူ ခင်မွန်၏ မျက်နှာသည် ရှက်ယောင်ယောင် ရှိနေသေးသည်။
mgyoe.com

mgyoe.com

"အဲဒီ ချာတိတ်က ဘယ်ကလဲ၊ ကျောင်းသားလား"

ခင်မွန် ပြုံးသည်။

"ကျောင်းသားတော့ ကျောင်းသားပါပဲ၊ ကျောင်းသားအစစ် မဟုတ်ဘူး။ ကျောင်းသားကပြား"

သူ မျက်ခုံးပင့်ကာ "ဟေ"ဟု အံ့အားတသင့် မြည်၏။ ခေါင်းခါကာ နားမရှင်းဘူး၊ ဘာဆိုတာလဲဟု မေး၏။

"ဆယ်တန်းတော့ အောင်ခဲ့ပါတယ်၊ ဒေသမှာ သုံးခါကျပြီး ခုတော့ စာပေးစာယူတက်သလိုလို ဘာလိုလိုနဲ့။ သူ့အိမ်ကိုတော့ ဘယ်လိုပြောထားသလဲ မသိဘူး။ ကျောင်းလွယ်အိတ်တော့ လွယ်ထားတုန်းပဲ။ သူ ခင်မွန့်ကို နေ့တိုင်းလိုလို နှောင့်ယှက်ခဲ့တာကြာပါပြီ။ နင့်ကို မစဉ်းစားဘူးလို့ အပြတ်ပြောခဲ့တာလည်း မရဘူး။ အိမ်ကိုပြောလည်း ပြဿနာဖြစ်လာမှာ စိုးရသေးတယ်။ ဦးတင့်သော်နဲ့ တွေ့တဲ့နောက်ပိုင်း တစ်ခါ၊ နှစ်ခါ ရစ်သီရစ်သီ လုပ်ချင်သေးတယ်။ နောက် ဦးတင့်သော်တို့ရုံး ဆင်ဝင်အောက်မှာ ဦးတင့်သော်ကို လှမ်းအော်ခေါ်တော့ သူ လစ်သွားတယ်။ အဲဒီကစပြီး မတွေ့တော့ဘူး"

"အဲဒီကစပြီး မကောင်းသောဂြိုဟ်၊ မကောင်းသောအနှောင့်အယှက် ကင်းစင်သွားတယ် ဆိုပါတော့"

သူ့ရယ်စရာစကားကြောင့် ခင်မွန် ရယ်သည်။

"ရုပ်ကလေးက သနားကမားလေးပဲ"

သူ့မှတ်ချက်ကို ခင်မွန်က မျက်မှောင်ချိုပြီး...

"သူ့သနားကမားရုပ်ကို ချက်စားလို့မှမရတာ။ ကျောင်းသားအရွယ်မှာ ကျောင်းစာတောင် ဒီလောက် ပေါ့ပျက်ပျက်နေနေသေးတာ။ အိမ်ထောင်ရေးကို ဘယ်လာလေးနက်နိုင်ပါ့မလဲ"

"ကောင်လေးမိဘတွေက သူ ကလေဖြစ်နေတာ မသိကြဘူးလား"

"ခင်မွန် သူ့အကြောင်း သိပ်မသိဘူး၊ လုလုရဲ့ အစ်မတွေနဲ့ တစ်လမ်းတည်း။ ခင်တော့ မခင်ကြဘူး၊ သိရုံပဲ။ ဒါပေမဲ့ သူ့အကြောင်း သိကြတယ်။ ဆေးသမားလို့လည်း ပြောကြတယ်။ မိဘတွေကတော့ အရမ်းချမ်းသာကြတယ်။ မောင်နှမနှစ်ယောက်၊ သူ့အစ်မက ဆရာဝန်တောင် ဖြစ်သွားပြီ။ သူ့ကို ဘယ်သူမှ ဆုံးမလို့မရဘူးတဲ့"

"အစစ အဆင်ပြေပါလျက်ကနဲ့ သူ့ပြဿနာ သူရှာတာပဲ",

"နောက်ပြီး ကြားရတာက သူ့မှာ ရည်းစားတစ်ဒါဇင်လောက် ရှိတယ်တဲ့။ သူ ခင်မွန့်ကိုလိုက်ပြီး စကားပြောတဲ့နေ့က သူ့မှာတဲ့ ရည်းစားတွေရှိပါတယ်တဲ့။

mgyoe.com

mgyoe.com
ဆေးတက္ကသိုလ်နဲ့ စက်မှုကောလိပ် ရှိပါတယ်တဲ့။ ဒါပေမဲ့...သူ ခင်မွန်ကို မဟာမေတ္တာနဲ့ ချစ်မိလို့ ပြောတာပါတဲ့"

သူ နှုတ်ခမ်း ဟတတ၊ အံ့ဖွယ်စကား။ ချစ်စကား၊ ကြိုက်စကား လိုက်ပြောသူ၏ နိဒါန်းစကားတွင် ရည်းစားရှိပြီး ဝန်ခံချက်နှင့်တကွ။ ကျွန်တော့်မိဘ သဘောတူထားပေမယ့် နှစ်ဖက်လူကြီး သဘောတူထားပေမယ့် ကျွန်တော် တကယ်ချစ်တာကတော့...ဟု စကားပျိုးလျှင် ဟုတ်သေး၏။ ကိုယ်ကြိုက်၍ ကိုယ်ရှာခဲ့သော ချစ်သူတစ်ဦး ရှိနေသည်ကိုပင်လျှင် ဘာကြောင့်၊ ညာကြောင့် ချစ်မိခြင်းသာဖြစ်ကြောင်း၊ ခင်ဗျားကိုကျမှ မေတ္တာစစ်၊ မေတ္တာမှန် စသည်...စသည်ဆို ဟုတ်သေး၏။ ယခုသော် ချစ်သူတွေရှိကြောင်း၊ ချစ်သူတွေမှာ အဆင့်မသေးကြောင်း၊ ဆရာဝန်လောင်း၊ အင်ဂျင်နီယာလောင်းတွေ ဖြစ်ကြောင်း၊ ခင်မွန်ကို ဂုဏ်တင်ပြီး ပြောသည်လား၊ ရည်းစားများစွာ ကြိုက်နှစ်သက်ခြင်း ရထားသူဖြစ်ကြောင်း ပြောသည်လား၊ ရိုးသားသော ဖြောင့်ချက်ပေးခြင်းလား မကွဲပြား။

"ဒီအတိုင်း ပြောလား"

"ဩော်...ဦးတင့်သော်ကလည်း ခင်မွန် ညာတတ်လို့လား"

"မဟုတ်ဘူး၊ ခင်မွန် ညာတယ်ဆိုတဲ့သဘော မဟုတ်ပါဘူး၊ အံ့သြလို့"

"မအံ့သြနဲ့၊ တကယ်ပဲ။ သူဟာ သာမန်မဟုတ်ဘူး၊ ချစ်သင့် ချစ်ထိုက် ကြောင်း ထောက်ခံစာနဲ့တကွ မလာလို့ တော်သေးတာပေါ့"

တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်ကြသည်။ ထိုအခိုက် လှလှနှင့် ညွန့်ညွန့်တို့ စားသောက်ဆိုင်မှ ပြန်လာကြ၍ စကားစ ပြတ်သွားသည်။ တစ်စားပွဲတည်း မျက်နှာချင်းဆိုင်ထိုင်ကာ ရယ်မော စကားဆိုနေကြသော သူတို့နှစ်ယောက်ကို ထမင်းဖြူ ထုပ်နှင့် ကုလားပဲဟင်း ဗယာကြော်သုပ်ဝယ်ပြီး ပြန်လာကြသူ အောင်ကြိုင်နှင့် မင်းဇော်က ထမင်းစားရအောင်ဗျို့ဟု လှမ်းအော်ခေါ်၏။ အော်သံ၊ ခေါ်သံရှိရာသို့ သူလှည့်ကြည့်ပြီး လာမယ်...လာမယ်ဟု လှမ်းပြော၏။ ထိုနောက် ခင်မွန့်ကို...

"မဆာသေးဘူးလား၊ တစ်ဝိုင်းတည်း စားမယ်မဟုတ်လား"

ခင်မွန် ခေါင်းညိတ်ကာ...

"စားမယ်လေ၊ ဦးတင့်သော်ပါ စားမယ်မဟုတ်လား"

ခေါင်းညိတ်ပြီးမှ ဟန်ပန်အမူအရာတွေ ဖျတ်လတ်နေလွန်းသလားဟု မလုံမလဲ တွေးမိသည်။

❑

mgyoe.com

mgyoe.com

## [ ၅ ]

ကိုးနာရီလောက်က မိုးတစ်ပြေးသာရွာခဲ့ပြီး တိတ်သွားသည်။ မိုးငွေ့ပါသော လေကသာလျှင် တစ်ချက်တစ်ချက် ဝှေ့သည်။ ပြတင်းမှ ဝင်လာသောလေကြောင့် အင်္ဂတေအဆောက်အအုံ၏ အပူငွေ့ပျံ့ခြင်းမှ သက်သာရာရသည်။ အိုက်စပ်စပ် မဖြစ်တော့။ ပြတင်း သံပန်းခက်တွေအနီးသို့ ကပ်၍ မော့ကြည့်သည်။ ဝါခေါင်ည၏ ပြည့်လုလုလသည် တိမ်ညိုညိုအောက်မှ လွတ်စ၌ရှိ၏။ ပါးလွှာသော တိမ်ဖြူတစ်ဆုပ်၊ နှစ်ဆုပ်သည် အရှေ့မြောက်ဘက်သို့ လွင့်နေ၏။ တိမ်နိမ့်မြူတို့သည် အပြာရောင်ကောင်းကင်တွင် အရှိန်ဖြင့် ခရီးနှင်လျက် ရှိကြသည်။

"ကိုကြီးသော်၊ ဘာတွေတွေးပြီး ဘာတွေငေးနေတာလဲဗျ"

မင်းဇော်က ဓာတ်ဘူးထဲမှ လက်ဖက်ရည်ကို အချိုပန်းကန်သုံးလုံးတွင် ငှဲ့ထည့်ရင်း လှမ်းမေးသည်။

"မတွေးပါဘူးကွာ၊ လပြည့်ခါနီးတာ မိုးပေါ် မော့ကြည့်ပြီး လကိုမြင်မှ သိရတော့တယ်။ အင်္ဂလိပ်လပဲ သုံးနေတော့ ဗမာလ ဘယ်ရက်လပြည့်၊ လကွယ်တောင် မသိတော့သလို ဖြစ်နေပြီ"

"မသိပါဘူးဗျာ၊ ဟိုကောင်မလေးကိုများ လွမ်းနေသလားလို့"

ခင်မွန့်ကို ရည်စူး ပြောမှန်းသိ၍...

"မဟုတ်တာကွာ..."

"ကိုကြီးသော့် လေသံက ငြင်းသာငြင်းတာ၊ အသံအား မရှိပါလား"

ပြတင်းမှခွာကာ မင်းဇော်ကိုကြည့်ပြီး ရယ်သည်။

mgyoe.com

mgyoe.com
"မခင်မွန်က ကိုကြီးသော်ကို အားလုံးထက်ပိုပြီး ခင်ပုံရတယ်။ တရင်းတနှီး ဆက်ဆံတာ ကျွန်တော်တို့အားလုံး အမြင်ပဲ"

"သူ ရိုးရိုးသားသား ခင်တာပါကွ"

မင်းဇော် ပြုံး၏။ ဝအစ်အစ်မျက်နှာမှာ မချိုမချဉ်။

"သံယောဇဉ်အားလုံးဟာ ရိုးရိုးသားသားက စခဲ့တာချည်းပဲလေ"

တယ်ဟုတ်တဲ့ အပြောပါကလားဟု ရယ်စရာထားပြီး ပြောလိုက်သည်။ ထိုစဉ် လှေကားဘက်မှ ခြေသံကြားရ၏။

စစ်ဆွယ်တာဝတ်ထားသော စိုးတင်။ နေမကောင်းချင်သလိုလို ဖြစ်နေသည် ဟု ပြော၍ အောက်ထပ် စုံစမ်းရေးအခန်းတွင် နားနေစေရသည်။

"ဘယ့်နှယ်လဲ"

စိုးတင်က နဖူးမှချွေးစတွေကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း...

"ချွေးရလာတော့ မဆိုးပါဘူး၊ ဘာစပရိုနစ်ပြားနဲ့ ဘာမီတွန်တစ်ပြား သောက်လိုက်တာ တော်တော်ဟန်ကျသွားတယ်။ အခန်းလေးက လေလုံနေတော့ စောင်ခြုံစရာတောင် မလိုဘူး။ တိုက်က အငွေ့ပျံတာနဲ့ အဆင်သင့်ပဲ။ ချွေးအောင်းတဲ့အခန်း လုပ်ထားတာကိုး"

မင်းဇော်နှင့် သူ ရယ်သည်။ စိုးတင်က ကုလားထိုင်ဆွဲပြီး ထိုင်သည်။ လက်ဖက်ရည်ပန်းကန်ကို ကြည့်ကာ ဆာနေတာနဲ့ အတော်ပဲဟု ပြောသည်။ မင်းဇော် က ပေါင်မုန့်ရှိသေးတယ်။ မီးကင်ပေးရမလားဟု မေး၏။ ကောင်းသားပဲဟု စိုးတင်က ပြောသည်။ စာအိတ်ဖောက်သော သံမဏိဓားဖြင့် ပေါင်မုန့်ချပ်ကို လျှိုကာ လျှပ်စစ်မီးဖိုပေါ်တွင် တင်သည်။

"ဦးစိုးတင် သူငယ်ချင်းကို အိမ်ထောင်လေး ဘာလေး ချမပေးတော့ဘူးလား"

မင်းဇော် နောက်သည်။

"ဒီအရွယ်ကြီးကျမှ ဒုက္ခမပေးချင်တော့ပါဘူးဗျာ၊ ငါ့သူငယ်ချင်းကို သနားပါတယ်"

ခွေးကောင်ဟုပြောကာ သူ ပြုံးနေ၏။ မင်းဇော်က...

"ဒီအရွယ်ကြီးဆိုတာကတော့ မကောင်းပါဘူး ဦးစိုးတင်ရာ၊ အသက် သုံးဆယ့်သုံး ဆိုတာ အရွယ်မဟိုင်းသေးပါဘူး"

စိုးတင်က ကုလားထိုင်တွင် တင်ပျဉ်ချိတ် ထိုင်ပြီး...

"သုံးဆယ်က လစွန်းရင် သုံးဆယ်ကျော်၊ လေးဆယ်တွင်းလို့ ခေါ်လို့ရပြီ မင်းဇော်
mgyoe.com

mgyoe.com
ရ၊ ငါဆို ကလေးသုံးလေးယောက်နဲ့ ဘယ်လောက်ကသီလဲ။ သူ့ဘာသာသူ လွတ်လွတ်လပ်လပ် နေပါစေကွာ၊ နေပါဦး၊ မင်းတို့က သတို့သမီး တွေ့ထားလို့လား"

ပေါင်မုန့် မီးစွဲသော အနံ့ရသည်။ မင်းဇော်က တစ်ဖက်ကို မီးကင်ရင်း...

"သင့်တော်တဲ့သူ တွေ့ထားလို့ပေါ့"

ဟေဟု စိုးတင်က ဝမ်းခေါင်းသံဖြင့် အံ့ဩသံပြု၏။ သူ့ထံသို့ကြည့်၏။ သူရယ်နေသည်။

"ငယ်တော့ ငယ်တယ်၊ အမျိုးသမီးက ဆယ့်ရှစ်၊ ဆယ့်ကိုးပဲ ရှိသေးတယ်"

"ဒွေးချိုး၊ လေးတိုး။ မင်းက သုံးဆယ့်သုံး မလုပ်နဲ့ သုံးဆယ့်လေးထဲမှာဆိုတော့ တစ်ဝက်ချိုးရင် ဆယ့်ခုနှစ်၊ လေးနှစ်ပေါင်းရင် နှစ်ဆယ့်တစ်။ ဆယ့်ကိုးဆိုတော့ နှစ်နှစ်လိုနေတယ်။ မကိုက်ဘူး၊ နောက်တစ်ယောက်ပြောင်း"

စိုးတင်က ပြောပြီးတော့ ဟားသည်။ နေမကောင်းတဲ့သူရဲ့ အသံလားကွာ၊ ဖုတ်အကောင်တစ်ထောင် ဝင်နေသလား မှတ်ရတယ်ဟု သူပြောသည်။ စိုးတင်က ရယ်သံနှင့်ပင် မင်းဇော်ကို မေးသည်။

"ဘယ်သူတုံးကွ၊ မင်းဇော်"

"လူဆိုးတွေလက်ထဲက ဇာတ်လိုက်ကယ်လိုက်တဲ့ မင်းသမီးလေ"

ဩော်...မခင်မွန်ကိုးဟု စိုးတင် ခေါင်းတညိတ်ညိတ်နှင့် ပြော၏။

"မင်းတို့ကွာ၊ စကားမရှိ စကားရှာ၊ သူတစ်ပါး သားသမီးကို"

မင်းဇော်က ပေါင်မုန့်မီးကင်ကို သတင်းစာခေါက်ပေါ်တွင်တင်ပြီး စိုးတင် ရှေ့တွင်ချပေး၏။ လက်ဖက်ရည် ပန်းကန်ကို သူက ရွှေ့ပေး၏။ စိုးတင်က မင်းဇော်လက်ထဲရှိ စာအိတ်ဖွင့် ဓားကိုကြည့်ပြီး သန့်ရဲ့လားကွာဟု မေး၏။

"စိတ်ချ၊ ရန်ကုန်ရုံးတွေမှာရှိတဲ့ မေးခိုင်ပိုးက ခြောက်သန်း၊ အသားဝါ အသည်းရောင်ပိုးက ငါးသန်း၊ မျက်စိနာပိုးက နှစ်သန်းခွဲ၊ ဦးနှောက်အမြှေးရောင် ပိုးကသုံးသန်း၊ အာရှ တုပ်ကွေးပိုးက သုံးသိန်း၊ အဲဒီဓားမှာ အစကတည်းက ရှိပြီးသား။ စားသာစား၊ ကျွန်တော်တို့က ရောဂါပြီးနေကြပြီပဲ"

မင်းဇော်၏ ရွတ်တွတ်တွတ် စကားကြောင့် ရယ်လိုက်ကြသည်။ ရယ်သံ အဆုံးတွင် စိုးတင်က အင်း...မဆိုးပါဘူး၊ အမျိုးသမီးက ငယ်တာလေးတစ်ခု၊ တက္ကသိုလ်ကျောင်းသူ၊ ရည်ရည်မွန်မွန် စိတ်သဘောကလည်း တော်တယ်၊ အေးလေကွာ၊ ဝါထွက်တော့ ကြည့်ကြပ်စီစဉ်ကြတာပေါ့ဟု ဆက်၍ နောက်သည်။

"အင်း...အိပ်ချင်ပြေတယ်၊ ဟာဒယရွှင်ဆေးက ရယ်ရတယ်"
mgyoe.com

mgyoe.com

သူ့စကားကို စိုးတင်က ခုနေတော့ ဟာဒယရွှင်ဆေးပေါ့ကွာ၊ တော်ကြာမှ ဟာဒယ ကုပ်ချောင်းချောင်းဆေး ဖြစ်လာမယ်။ အဲဒီကျမှ အမလေး...အဘလေး... အော်ချင်အော် ပေါ့ဟု ပြောပြီး ပေါင်မုန့်တစ်ကိုက် ကိုက်၏။ ရုံးတာဝန်ကျသော ညသည် ရှေးရှေးသော တာဝန်ကျ ညများနှင့်မတူဟု ခံစားရ၏။

❑

mgyoe.com

mgyoe.com

[ ၆ ]

တက္ကသိုလ်ကျောင်း ဖွင့်တော့မည်။ သန်ဘက်ခါဆိုလျှင် ခင်မွန် ကျောင်းတက်တော့မည်။ မနက်ဖြန် တစ်နေ့တော့ ဌာနသို့ ခင်မွန်လာဦးမည်။ အာရုံထဲမှ တစ်စုံတစ်ရာ လျော့ပါးသွားတော့မည်ကဲ့သို့ ခံစားနေရမှန်း သိနေသည်။ အမည်ပေး၍မရသော ဝေဒနာ။ မခံစားခဲ့ရဖူးသော ဝေဒနာ။ မြင်နေကျကို မမြင်ရတော့မည် စိုးသော၊ ကြားနေကျကို မကြားရတော့မည်စိုးသော တစ်စုံတစ်ရာ။ ငါ ဘာဖြစ်နေတာပါလိမ့်ဟု တွေးသည်။ သူ ဌာနကို မလာတော့တာနဲ့၊ ခင်မွန် ဌာနမှာမရှိတော့တာနဲ့ ငါကဘာဆိုင်လို့ အောက်မေ့သလိုလို အနေပဟာသလိုလို ဖြစ်နေရတာပါလိမ့်ဟု တွေးသည်။ သူ ဆယ်တန်းအောင်စာရင်း ထွက်လာပြီး ဒီဌာနကို လုပ်အားလာပေးတုန်းက ငါသတိမပြုမိခဲ့ဘူး။ အဲဒီတုန်းကတည်းက ငါနဲ့သိခဲ့ရင် ကောင်းမှာပဲဟု တွေးပြီးမှ မဟုတ်သေးပါဘူးဟု စိတ်ကို ပြန်လည်ထိန်းသည်။

"ဦးတင့်သော်"

အသံမြင့်ပြီး ခေါ်သံ။ ဖောင်တိန်ကိုင်ထားသော လက်ခုံနှင့် မေးထိထားရာမှ ဖျတ်ခနဲ လှည့်ကြည့်သည်။ ခင်မွန်က ပြုံးရင်း...

"သုံးလေးခွန်း ခေါ်ရတယ်၊ ဘာတွေ စိတ်ကူးနေလဲ"

သူ မဖြေမီ အောင်ကြိုင်က...

"ညနေ ရုံးဆင်းလို့ မိုးရွာရင် ဘယ်လို ပြန်ရပါ့မလဲ စိတ်ကူးနေတာ။ မနက်က ရုံးအလာမှာ ထီးကို ကားပေါ်မှာ ပုံသကူပစ်ခဲ့တယ်လေ"

ညွန့်ညွန့်က ဟုတ်လားဟု မေး၏။ အောင်ကြိုင်က ကားပေါ်မှာ ထီးမေ့ကျန်သည့်

mgyoe.com

mgyoe.com

အကြောင်း ပြောပြသည်။ ဖြစ်မှ ဖြစ်ရလေဟု ညွန့်ညွန့်က နှမြောစွာပြော၏။ ထိုအခါမှ နောက်ပြောင်နေခြင်း မဟုတ်ကြောင်း ခင်မွန်သိ၍ ဟုတ်လားဦးတင့်သော်ဟု မေး၏။ သူ ခေါင်းညိတ်ပြလိုက်သည်။ အောင်ကြိုင်က...

"ကိစ္စမရှိပါဘူး ကိုကြီးသော်၊ မိုးမရွာရင်တော့ ကျွန်တော့်ထီး ငှားသွားလေ၊ အချင်းချင်းပဲ"

ခင်မွန်က ပြုံးသည်။ ထိုနောက်...

"ခင်မွန့်ထီးကို ယူသွားပါလား၊ လှလှနဲ့ အတူပြန်ရင်ရတယ်"

သူ ခေါင်းခါသည်။

"ကိစ္စမရှိပါဘူး၊ မရွာမှာ သေချာပါတယ်။ ရာနှုန်းပြည့်လို့ ဆိုထားကတည်းက စိတ်ချပြီးသားပါ"

လှလှတို့ကပါ ရောၡရယ်သည်။ အရယ်စဲသည်လောက် ရှိသောအခါ ခင်မွန်က...

"နေ့လယ်ကျရင် ရုံးကိစ္စနဲ့ အပြင်ထွက်ဖို့ ရှိသေးလား"

သူ ခေါင်းခါလိုက်သည်။

"နေ့လယ် ခင်မွန်တို့အားလုံး ထမင်းစုပြီး စားရအောင်၊ ခင်မွန်ဟင်းချက်ပြီး ယူလာခဲ့တယ်။ အားလုံးအတွက်"

သူ ခေါင်းညိတ်ပြီး အားနာစရာကြီးဟု ပြောသည်။ အောင်ကြိုင်က...

"ကျွန်တော်တော့ ခွင့်ယူထားတဲ့ မင်းဇော်အတွက်ပါ နှစ်ဆ စားမယ်"

မနက်ဖြန်ကျလျှင် ခင်မွန်အတွက် စားစရာ၊ သောက်စရာ တစ်ခုခု စီစဉ်ပေးမည်ဟု စိတ်ကူးရလိုက်၏။ အိမ်မှ ချက်လာဖို့ကျတော့ မလွယ်၊ အမေ့မှာ အလုပ်ပိုမည်။ အကောင်းဆုံးက ဆိုင်တစ်ဆိုင်တွင် မနက်စာကျွေးတာပဲ ကောင်းမယ်ဟု တွေးမိသည်။

* * *

မနက်ဖြန်ကျရင် ငွေတစ်ရာလောက်ပေးပါ အမေဟု ပြောသည်။ သား ဘာဝယ် မလို့လဲဟု အမေမေးသည်။ သူငယ်ချင်းတစ်ယောက်က ငွေခဏလှည့်ပါဆိုလို့ဟု အဆင် ပြေအောင် ပြောလိုက်သည်။ ပြောပြီးမှ မိတ်ဆွေတွေကို ထမင်းကျွေးမလို့ပါဟု အမှန် အတိုင်း ပြောလိုက်ဖို့ ကောင်းသည်ဟု အတွေးရ၏။ ဘယ်သူတွေလဲ။ ကောင်မလေး တွေနဲ့ ရုံးကတချို့ပါ။ အမေးအဖြေကို စိတ်ထဲတွင် မရှုံ့မရဲဖြစ်ကာ လျှာသင့်သလို ပြောမိခဲ့ သည်။ အိပ်ခန်းထဲသို့ ရောက်သောအခါ ဘယ်ဆိုင်မှာ ကျွေးရကောင်းနိုး စဉ်းစားသည်။

mgyoe.com

ဟိန္ဒူဆိုင်မှာ ကျွေးရကောင်းမလား၊ မွတ်စလင်ဆိုင်မှာ ကျွေးရကောင်း မလား၊ တရုတ်ဆိုင်မှာ ကျွေးရကောင်းမလား၊ မြန်မာထမင်းဟင်းကိုတော့ နေ့တိုင်းမို့ ရိုးနေပါပြီ။ သို့သော် ဟင်းချက်ကောင်းကောင်း၊ တို့စရာ အမည်စုံစုံ၊ သန့်သန့်ရှင်းရှင်း ဆိုင်ဆိုလျှင် ကောင်းနိုင်သည်။ မိုးတွင်းဖြစ်၍ ယင်ကောင်ကင်းသောဆိုင်ကို ရွေးရမည်။ ဘာအစား အသောက်၊ ဘာဆိုင်ဖြစ်ဖြစ် သန့်ရှင်းဖို့ လိုလိမ့်မည်။ ဟင်းချိုထဲသို့ ယင်ကျလျှင် ထမင်းဝိုင်း မတင့်တယ်။ မနက်ကျမှ ဘယ်ဆိုင်မှာစားမည်ကို မေးရမည်။ ရုံးဆင်းခါနီးတုန်းက မနက်ဖြန်ကျရင် ထမင်းဘူးထည့်ယူမလာနဲ့၊ ဆိုင်မှာသွားစားရအောင်၊ ကျွန်တော် ဒကာခံ ပါ့မယ်ဟု ခင်မွန်တို့ကို ပြောခဲ့သည်။

* * *

ဆိုင်မှာ စားသောက်နေစဉ် ချိုတီက ခင်မွန်ကို စားလုချည်လားဟု နောက်၏။ ခင်မွန်က စားလို့ကောင်းလို့ စားတာပေါ့။ စားတာ ရှက်စရာကိစ္စမှ မဟုတ်တာဟု ပြန်ပြော၏။ မဟုတ်ဘူးလား ဦးတင့်သော်ဟု စကားဖော်စပ်၏။ ဟာ... ဟုတ်တာပေါ့ဟု သူ့အပြောတွင် ရယ်ပွဲကျသွား၏။ အောင်ကြိုင်က ကျွန်တော်ကတော့ ရှက်တယ်၊ ဒါကြောင့် လေးပန်းကန်ခွဲပဲ စားတာဟု နောက်၏။ မင်းဇော်က ငါလည်းမင်းလိုပဲဟု ပြော၏။ စိုးတင်က ဌာနမှ ရယ်စရာတွေပြော၏။ ညွန့်ညွန့်နှင့် မမြအုန်း တို့က တစ်ခွန်းစ၊ နှစ်ခွန်းစ စကားဝင်ပြော၏။ လှလှကမူ အစားအသောက်ကို ရှက်သော အမူအရာဖြင့် ခေါင်းငုံ့ကာ စား၏။ ရယ်စရာကို ခပ်ဝှက်ဝှက် ရယ်၏။

ထမင်းစားဝိုင်းသည် ခင်မင်ရင်းနှီးမှုတွေကို ပို၍ လမ်းဖွင့်ပေးသကဲ့သို့ ရှိသည်ဟု ထင်၏။ ဌာနသို့ ပြန်ရောက်သောအခါ အလုပ်ပါးနေ၍ စကားဝိုင်းဖွဲ့နေကြသည်။ လေးနာရီထိုး ရုံးဆင်းချိန်တွင် ခင်မွန်က ဦးတင့်သော် လက်ဖက်ရည်လိုက်ပြီး သောက်ပါ လားဟု ပြောသည်။ ကောင်းသားပဲဟုပြောကာ အအေးခန်း လက်ဖက်ရည်ဆိုင်သို့ သွား သည်။ လှလှက အပြန်ဈေးဝယ်ရန် ကိစ္စရှိသည်ဟုပြောကာ လက်ဖက်ရည်ဆိုင်သို့မလိုက်။ ချိုတီသာ၊ ခင်မွန်နှင့်အတူ လိုက်ဖြစ်သည်။ နာရီဝက်သာသာမျှ စကားစမြည် ပြောကြသည်။

ဦးတင့်သော် အိမ်လိပ်စာ ပေးပါလားဟု ခင်မွန်ပြော၍ လိပ်စာရေးပေးလိုက် သည်။ ခင်မွန်နှင့် ချိုတီက လှလှ၏ လိပ်စာကိုပါ ရေးပေးသည်။ ခင်မွန့်တွင် အစ်ကိုနှင့် အစ်မတို့ရှိသည်ဟု ပြောပြသည်။ ခင်မွန့် အစ်ကိုကြီးသည် မီးရထားဌာနတွင် အရာရှိ အိမ်ထောင်သည်၊ အစ်မဖြစ်သူက စိုက်ပျိုးရေးဌာနတွင် အရာရှိငယ်၊ အပျိုကြီး။ မိခင်နှင့် ဖခင်နှစ်ဦးစလုံးသည် ဘဏ်အရာရှိ အငြိမ်းစားများ။ မိုးကုန်တော့မှ ဦးတင့်သော်တို့အဖွဲ့ကို

mgyoe.com
အိမ်အလည် ဖိတ်ရဦးမယ်ဟု ခင်မွန်ပြောသည်။

"ကျွန်တော့်အိမ်လည်း အလည်လာနိုင်ပါတယ်။ တနင်္ဂနွေဆိုရင် အိမ်မှာ ရှိတတ်တာ များပါတယ်"

ဆိုင်မှ အထွက်တွင်...

"ခင်မွန်တို့အားရင် လာလည်ကြမှာပါ၊ အားလုံးကို နှုတ်ဆက်တယ်လို့ ဦးတင့်သော် ပြောပြပေးပါ"

သူ ခေါင်းညိတ်သည်။ သွားမယ်နော်ဟု ခင်မွန် နှုတ်ဆက်၏။ ချိုတီက အပြုံးဖြင့် နှုတ်ဆက်၏။ နှုတ်ဆက်သံတွေ၊ အပြုံးတွေကို ကြားရ၊ မြင်ရသည်မှာ ဝမ်းနည်းစရာကောင်းသည်ဟု ထင်သည်။ လမ်းတစ်ဖက်သို့ ကူးပြီး ခင်မွန်တို့ လျှောက်သွားရာသို့ လှမ်းကြည့်၏။ လူသွားစင်္ကြံတစ်လျှောက်တွင် သွားလာသူတွေဖြင့် မကွယ့်တကွယ် မြင်နေရ၏။ သက်ပြင်းရှည်တစ်ချက်ချကာ ကားမှတ်တိုင်ရှိရာသို့ သူ လျှောက်သွား၏။

ခင်မွန်နှင့် ပထမဆုံးဆုံရာ ဗာဒံပင်အနီးသို့ရောက်သော် ခဏရပ်နေမိသည်။ ခင်မွန်၏ ထိုနေ့က အဆင်အပြင် သဏ္ဌာန်တွေ ပြန်လည်မြင်သည်။

❑

mgyoe.com

mgyoe.com

[ ၇ ]

သီတင်းကျွတ်လ၏ ရနံ့သည် မြေ၏ ရနံ့သက်သက် မဟုတ်ဟု ခံစား ရသည်။ မရေရာသောလေ၏ အထိအတွေ့ကိုပါ သိရှိနေရသည်။ ပူနွေးသော အငွေ့အသက်သည် ဆည်းဆာချိန်၌ ယုတ်လျော့စ ပြုလာ၏။ အုံ့မှိုင်းသော ကောင်းကင်ကို မမြင်ရတော့။ ရံခါမြင်ရသော တိမ်ဖြူတို့သည် မြောက်အရပ်သို့ အသွားနှေးလျက် ရှိလေသည်။ လေသည် မိုးထက်တွင်သာ တုံ့ဆိုင်းသည်မဟုတ်။ မြေပြင်တွင်လည်း တစ်စေ့နှစ်စေ့၊ စိုစိုထိုင်းထိုင်း မရှိတော့။ သွေ့တော့တော့၊ အအေးငွေ့ငွေ့။ မိုးရေကို ကောင်းစွာမှီဝဲခဲ့ပြီးနောက် ရွက်သစ် များစွာ မထွက်တော့သော သစ်ပင်၊ နွယ်ပင်တွေ ငြိမ်သက်အနားယူချိန်ဟု ထင်ရ၏။ တစ်ခါတလေတွင် တစ်ကမ္ဘာလုံး၏ အသည်း နှလုံးတို့သည် သစ်ရွက်တွေလိုပင် ငြိမ်သက် နေသည်ဟု အောက်မေ့၏။ ထိုအသည်းနှလုံးတို့သည်ကား ငါ၏ ထိုအရာနှင့်မတူဟု ကိုယ့်ကိုယ်ကိုယ် သတိပြုမိသည်။ ငါ၏နှင့် ခပ်သိမ်းသော၏ အသည်းနှလုံးတို့သည် ခြားနားကောင်း ခြားနားနေပြီဟု သိသည်။ ခုန်သောရင်သည် ခင်မွန့်ထံသို့ မကြာခဏ ပျံသန်းနေမိမှန်း အတန်ကြာမှချည်း သိလေသည်။

* * *

"ကိုကြီးသော်"

အေးချမ်းလှပသော ခေါ်သံ။ ဖျတ်ခနဲ လှမ်းကြည့်သည်။ ခင်မွန့်အပြုံးသည် ဥယျာဉ်တစ်ထောင်မှ ပန်းခင်းတွေထက် လှသည်ဟု အောက်မေ့သည်။ စောစောလေး ကတောင် သတိရနေသေးတယ်ဟု ဝမ်းသာအားရ ပြောမိမတတ် ဖြစ်သွားသည်။ ဖော်င်တိန်

mgyoe.com

mgyoe.com
ကိုပိတ်ကာ ထိုင်ရာမှထ၏။ နေရာထိုင်ခင်း စီစဉ်ပေးမည်အပြုတွင် ခင်မွန်က ကုလားထိုင် အလွတ်တစ်လုံးကို ဆွဲယူလာပြီး စားပွဲရှေ့တွင် ချ၏။

"မမမြတို့ကော"

ကျောင်းလွယ်အိတ်ကို စားပွဲပေါ်သို့ လှမ်းတင်သည်။ ထိုင်ရင်း မေးသည်။

"ရှိတယ်၊ သက်သာက ဒီနေ့ ဆီနဲ့ ဆပ်ပြာပေးလို့ သွားထုတ်ကြတယ်။ ညွှန့်ညွှန့်ပါ ပါသွားတယ်။ တော်တော်ကြာလောက် ပြန်ရောက်လာကြမှာပါ။ ကျွန်တော်က အခန်းစောင့် တာဝန်လေ။ အောင်ကြိုင်ကတောင် မနေ့က မခင်မွန်တို့ လာမလည်ကြတာ ကြာပြီလို့ ပြောသေးတယ်"

ခင်မွန် ပြုံးလက်စနှင့် ခေါင်းတစ်ချက်ညိတ်ပြီး...

"ကျောင်းတစ်ဖက် ကျူရှင်တစ်ဖက်နဲ့၊ ဒီကြားထဲ ကျောင်းက ဗုဒ္ဓဘာသာအသင်း ထဲမှာပါနေတော့ ရောက်မလာဖြစ်ဘူး ကိုကြီးသော်ရယ်။ သတိတော့ရပါတယ်။ ကိုမင်းဇော် တို့၊ ကိုအောင်ကြိုင်တို့ရော"

"ဆီချိန်ရာထူးနဲ့ ဆပ်ပြာလိုးရာထူး၊ ငွေသိမ်းရာထူး သွားယူနေကြတယ်"

ခင်မွန် ရယ်သည်။

"ဦးစိုးတင်ကြီးရော၊ သူ့လည်း သတိရပါတယ်"

"အခြေခံ အလုပ်သမား အစည်းအဝေးသွားတယ်။ သူကလည်း မခင်မွန်တို့၊ ချိုတီတို့ကို သတိတရစကား တစ်နေ့က ပြောသေးတယ်။ ဒါနဲ့ မခင်မွန် ဘာစားမလဲ။ စားသောက်ဆိုင်က တိုးတက်လာပြီ။ လက်ဖက်ရည်၊ ကော်ဖီတွင် မကတော့ဘူး။ ထမင်းသုပ်၊ ခေါက်ဆွဲသုပ်၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါးပါ ရတယ်"

နေပါစေဟု ခင်မွန် အားနာသော မျက်နှာဖြင့် ကြည့်ပြီးပြော၏။

"ဆာမှာပေါ့၊ မခင်မွန် အစားအသောက် ဝါသနာပါတာ ကျွန်တော်သိတဲ့ ဥစ္စာပဲ။ ဆိုင်ကို ဒီက ဖုန်းလှမ်းဆက်ပြီး မှာရင်ရတယ်။ ဘာစားမလဲ ပြောပါ"

ခင်မွန် ချက်ချင်းမဖြေ။

"စားတဲ့ကိစ္စက ရှက်စရာမှ မဟုတ်တာ"

စကားဟောင်းကို ခင်မွန် မှတ်မိပြီး ရယ်သည်။

"မရှက်ပါဘူး၊ ဘာစားရရင် ကောင်းမလဲလို့ ခင်မွန်စဉ်းစားနေတာပါ။ ထမင်း သုပ်ပဲမှာပေးပါလား"

"ကော်ဖီလည်း သောက်မယ်မဟုတ်လား"

ခင်မွန် ကော်ဖီကြိုက်သည်ကို မှတ်မှတ်သားသားရှိကြောင်း စကား။ ခင်မွန်
mgyoe.com

ခေါင်းညိတ်သည်။ စားသောက်ဆိုင်သို့ ဖုန်းဆက်ပြီး ထမင်းသုပ်နှစ်ပွဲ၊ ကော်ဖီ နှစ်ခွက် မှာလိုက်သည်။

"ချိုတီတို့၊ လှလှတို့ မပါကြဘူးလား"

"သူတို့ ကျောင်းမှာပဲ ကျန်ရစ်ခဲ့ကြတယ်။ ချိုတီက အနုပညာအသင်း ဝင်ထားတယ်။ ပန်းချီဆရာမ"

ဟုတ်လားဟု အံ့သြစွာ ပြောလိုက်၏။

"လှလှက အားကစားသမား၊ လှေလှော်ရွက်တိုက်အသင်း ဝင်ထားတယ်"

"သူတို့နှစ်ယောက်က ဝါသနာချင်းအတော်နီးတာပဲ"

တစ်ယောက်က ဆေးဘူးတွေ စုတ်တံတွေနဲ့။ တစ်ယောက်က အင်းလျား ကန်မှာ လှေတစ်စင်း ရွက်တစ်စနဲ့။ မခင်မွန်ကရော ဘာဝါသနာပါသလဲ"

"စားတာရယ်၊ သောက်တာရယ်"

တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ရယ်ကြသည်။ ရယ်ပြီးမှ...

"ခင်မွန်က စာဖတ်တယ်၊ အသင်းအပင်း အဖွဲ့အစည်းထဲ ဝင်ရတာ ဝါသနာပါ တယ်"

"ကျွန်တော်လည်း စာဖတ်တာရော၊ လူမှုရေး ဆောင်ရွက်ရတာရော ဝါသနာ ပါတယ်။ အားကစားကတော့ ကြက်တောင်ရိုက်တာလေး ဘာလေးပါ။ အဲ...သီချင်း နားထောင်တာတော့ ဝါသနာပါတယ်"

"ခင်မွန်လည်း သီချင်းကြိုက်တယ်"

"မခင်မွန် သီချင်းဆိုပါလား၊ အသံကောင်းတာပဲဗျာ"

ခင်မွန့် မျက်ခုံးသည် ပင့်တက်သွားသည်။ နဖူးမှ သနပ်ခါး အရေးအကြောင်း လေးတွေ ထင်းလာ၏။

"ခင်မွန့်အသံကို ကိုကြီးသော် ဘယ်တုန်းက ကြားဖူးလို့လဲ"

"စကားပြောဆိုနေတဲ့အသံ ကြားရတာနဲ့ သီချင်းဆိုရင်လည်း ဒီအသံကောင်းမယ် လို့ တွက်တယ်လေ"

ခင်မွန် ပြုံး၏။ နဖူးဆံပင်ကို တစ်ချက်ဆတ်ပြီး တင်သည်။ ဆံနွယ်ကြွင်းတွေကို လက်သန်းဖြင့်သပ်ပြီး တင်၏။ ဝင်းသော ပါးမို့မို့နှစ်ဖက်တွင် သနပ်ခါးနှစ် ပါးပါးရေးရေး ထင်နေ၏။

"ကိုကြီးသော် တိုက်ဆောက်ရအောင် ဆိုပေးမယ်လေ"

"ပုလင်းတို့၊ ဘာတို့ပါရရင် ကောင်းတာပေါ့"

mgyoe.com

mgyoe.com
ရယ်စရာ ဆိုဖြစ်ကြသည်။ သုံးဆင့် ဆံပင်သည် ပန်ကာလေတွင် လှုပ် လွင့်လွင့်။
"အကောင်း ပြောတာပါ၊ သီချင်းဆိုပါလား။ အနုပညာ တစ်ခုခုဖြစ်ဖြစ်"
"ခင်မွန်က အနုပညာ ခံစားသူတစ်ယောက်ပဲ ဖြစ်နိုင်မှာပါ"
အစားအသောက်တွေ ရောက်လာ၍ စကား ခဏပြတ်သွားသည်။ ခင်မွန် လာလည်၍ ဝမ်းသာနေသည်ကိုကား သိနေသည်။ တစ်ယောက်ယောက်ကို ထို ဝမ်းမြောက်မှုတွေ ပြောပြချင်သည်။ ခင်မွန်နှင့် မျက်နှာချင်းဆိုင်ကာ စားသာစားရသည်။ စားသည်ကိုပင် အမှတ်တမဲ့။ ကျောင်းက အကြောင်းတွေ၊ သူငယ်ချင်းများ အကြောင်းတွေ၊ ဘာသာရပ် အကြောင်းတွေ၊ စမ္မစကြာ ကျက်မှတ်ရပုံတွေ ခင်မွန်ပြောသည်။ အကြောင်း...ချင်းတတွေ ထက် အသံကို နားမှာ ပို၍အာရုံစွဲနေသည်။ ခင်မွန်၏ နှုတ်ခမ်းအလှုပ်အရှား။ မျက်လုံး အရွှေ့အလျား။ ထို့ပြင် နုညက်သော လက်ဖမိုးက ကြောစိမ်းလေးတွေ။ အလုံးစုံသော အလှအပ ပုံသဏ္ဍာန်တွေကို လျှပ်တစ်ပြက် အမြင်နှင့် သိမ်းဆည်းနိုင်ခဲ့သည်။

* * *

ဦးတပ်ပြီး ခေါ်တုန်းက နားမှာ သက်တက်တက်၊ စိမ်းတိမ်းတိမ်း။ ရင်းနှီးသူတွေ ခေါ်သည့်အတိုင်း ကိုကြီးသော်ဟုခေါ်သောအခါ နှစ်ဦးအကြားရှိ အကွာအဝေးသည် မဝေးကွာလွန်းဟု မှတ်မိသည်။ ကိုကြီးသော်ဟု ဦးဆုံးခေါ်သောနေ့ကို မည်သည့် အခါမျှ မေ့ပျောက်၍ မရတော့ဟု အာရုံစွဲလျက် ရှိသည်။ တစ်ယောက်ယောက်နှင့် စကားလက်ဆုံကျချင်သည်။ ခင်မွန့်အကြောင်းကိုပဲ ပြောချင်သည်။ ခင်မွန့်အလှကို ဖြစ်စေ၊ အပြောအဆို ပွင့်လင်းသည်ကို ဖြစ်စေ၊ သဘောမနော ဖြောင့်စင်းသည်ကို ဖြစ်စေ တစ်ခုခု ပြောချင်သည်။
စိတ်ဝင်စားခြင်း အဆင့်ထက် လွန်နေပြီလားဟု အမေးရောက်လာလျှင်လည်း ဝန်ခံနေချင်သည်။ မင်းဇော်ကို ပြောပြရကောင်းမလားဟု တွေးသည်။ လှောင်ပြောင်နေမည် စိုးသည်။ အောင်ကြိုင်ကို စကားစမည် ကြိုးစားသည်။ နားမလည်နေလျှင် အရယ်ခံရမည် စိုးရ၏။ စိုးတင်ကိုလည်း ပြောချင်သည်။ အောင်ကြိုင်တို့နှင့်စာလျှင် စိုးတင်က နားလည်မှုရှိမည်ဟု တွက်သည်။ အောင်ကြိုင်တို့ အနေနှင့်လည်း လူငယ်ဖြစ်သော်လည်း တစ်ဖက်သား၏ အခြေအနေကို အလေးအနက် ထားတတ်မှန်းသိသည်။ လေးနက်စွာ စကားဆိုလျှင် အလေးအနက် စဉ်းစားပြီး ဆွေးနွေးကြမည်ဟု ယုံကြည်သည်။
"စိုးတင်"
ထီးတွေ၊ အိတ်တွေ၊ ထမင်းဘူးတွေ သိမ်းဆည်းနေရာမှ သူ့ကို လှမ်းကြည့်၏။ စားပွဲအနီးတွင် ရပ်ကာ...
mgyoe.com

"မင်းအိမ်ကို တစ်ခါတည်း ပြန်မလား"

အိတ်ကို ပြန်ပိတ်ရင်း...

"ပြောလေကွာ၊ ဘယ်သွားချင်လဲ။ ရုပ်ရှင်လား"

"ရုပ်ရှင် မဟုတ်ပါဘူး၊ လက်ဖက်ရည်ဆိုင် သွားထိုင်မလား စိတ်ကူးလို့"

ဖိတုံးများ၊ မျှင်းတံ၊ ဖိုင်တွဲတွေကို နေရာတကျချပြီး အံဆွဲတွေ၊ ဗီရိုတွေကို သော့ခတ်ပြီး၊ မပြီး စမ်းသပ်သည်။ ထို့နောက်မှ...

"သွားလေကွာ၊ ဘယ်ဆိုင်သွားမလဲ"

အဆင်သင့်ရှိထားသော စကားပြောသည်။

"ကျောင်းထဲကို မင်းရောငါရော မရောက်တာကြာပြီပဲကွာ။ ကျောင်းထဲက တစ်ဆိုင်ဆိုင်မှာ သွားထိုင်မလား အောက်မေ့တယ်"

စိုးတင်က ခဏ တွေဝေနေ၏။ သွားလေကွာ၊ မင်းက ဘာစိတ်ကူးများ ပေါက်လာသလဲ မသိဘူးဟု ခပ်ပြုံးပြုံးပြောသည်။

"ဘာရယ် မဟုတ်ပါဘူးကွာ၊ အေးအေးဆေးဆေး စကားပြောလို့ရတဲ့ နေရာမို့လို့ပါ"

ခင်မွန့်အကြောင်း စပြောချိန်တွင် စိုးတင် အံ့အားသင့်မှာပဲဟု တွက်ထားပြီးဖြစ်သည်။ မည်သို့ စကားစရမည်ကို တွေးမရသေး။ လိပ်ပြာမလုံချင်လှ။

❑

mgyoe.com

mgyoe.com

[ ၈ ]

လမ်းကွေ့သို့အရောက်တွင် စုံပတတ်ပင်ဘက်သို့ လှမ်းကြည့်သည်။ တစ်ခုတည်းသော စားပွဲ။ ထိုင်နေသူတွေ ထသွားကြသည်။ ဟိုစားပွဲမှာ သွားထိုင်ရအောင် ဟု စိုးတင် ပြောသည်။ အခြားသူတွေ နေရာဝင်ယူမည် မစိုးရ။ ကျောင်းထဲမှာ အသွားအလာ ကျဲလျက်ရှိ၏။ ဆိုင်ခန်းတွေဘက်တွင် စားသောက်နေသူတွေ အနည်း အကျဉ်းမျှသာ ရှိသည်။ ကုလားထိုင်တွင် ထိုင်ရင်း...

"ဒီကို မရောက်တာ လေးငါးခြောက်နှစ်တောင် ရှိသွားပြီပဲ"

စိုးတင်က အောက်မေ့သံဖြင့် ဆို၏။

"အပြောင်းအလဲ သိပ်မရှိပေမယ့် နည်းနည်း စိမ်းနေသလိုပဲနော် စိုးတင်"

စိုးတင်သည် ပတ်ဝန်းကျင်ကိုကြည့်ရင်း အင်းဟု သံရှည်ဆွဲပြီး ပြောသည်။

"ကျောင်းထဲရောက်တော့ စိတ်ပါပြောင်းသွားတယ်။ ကျောင်းသားလေး တစ်ယောက်လို ငါတော့ ခံစားရတယ်"

စိုးတင်စကားကို ဟုတ်တယ်ဟု သူထောက်ထောက်ခံခံ ပြောသည်။

"ငါတောင် သားတွေ၊ သမီးတွေနဲ့ အိမ်ထောင့်တာဝန် ပိနေတဲ့ကြားက စိတ်ပျို့သွားသေးရင် မင်းဆို နတ်ရေကန်ထဲ ပြန်ဆင်းရလို့ ဆယ့်ခြောက်နှစ်သား ချက်ချင်းဖြစ်သွားသလား တင့်သော်"

သူ ရယ်သည်။ ထိုစဉ် ဆိုင်အမှုထမ်းက ဘာသုံးဆောင်ကြပါမလဲဟု လာမေးသည်။ လက်ဖက်ရည် ချိုပေါ့နှစ်ခွက်ဟု မှာလိုက်သည်။ ဆိုင်အမှုထမ်း သူငယ်ကလေး ထွက်သွား၍ လမ်းခုလတ်ရောက်မှ ဟေး...ညီလေး...ဒူးယားတစ်ဘူးပါ ဆွဲခဲ့ဟု စိုးတင်

mgyoe.com

mgyoe.com
လှမ်းမှာသည်။ ဟုတ်ကဲ့…ဟုတ်ကဲ့ဟု လှမ်းအော်ပြောအပြီးတွင် စိုးတင်က…

"တန်ဆောင်တိုင်ပွဲတော်ရောက်ဖို့ တစ်ပတ်ကျော်တောင် လိုသေးတယ်။ ဆောင်းအဝင် စောမလား မသိဘူး၊ ခပ်စိမ့်စိမ့် ဖြစ်လာပြီ"

ရင်ထဲ၌ ပို၍ စိမ့်နေသောစကား အစရ ခက်နေ၏။ မရန်းနှင့် ပိတောက်ပင်တန်းတွေဘက်သို့ ငေးရင်း သူ ခေါင်းညိတ်၏။ အလျားသွယ်သော ရွက်သား မာသောကြောင့် လေဖြင့် ရွက်ချင်းခတ်သံတွေကို ပို၍ ကြားရသည်။ တခြားအပင်တွေကြားသို့ နေရောင်တိုးဝင်နိုင်သော်လည်း ကံ့ကော်နှင့် မရန်းပင်ကြားသို့ နေရောင် မတိုးသာ။

"ငါ ပြောစရာ နည်းနည်းရှိလို့ စိုးတင်"

ဆံပင်ဖုတ်သိုက်ကြားထဲသို့ လက်ချောင်းတွေ ထိုးထည့်ပြီး ဖြီးရင်း အင်းဟု စိုးတင် စကားလိုက်၏။

"တခြား မဟုတ်ဘူးကွ"

ရှက်ရွံ့ရှက်ယောင်မျက်နှာဖြင့် မပွင့်တပွင့် ပြုံးသည်။ ထူးဆန်းသော စကားပလ္လင်ကြောင့် စိုးတင် မျက်တောင်အခတ် ခဏ ရပ်သွား၏။

"ငါ…ဘာပြောရမလဲကွာ၊ ဟိုသင်းကွာ…ခင်မွန့်ကို သတိတရဖြစ်နေတာ အတော်ကြာပြီ"

စိုးတင် မျက်ခုံးပင့်သွား၏။ နှုတ်ခမ်းဟတတ၊ ဆေးကြေးအညှိစွန်းသော သွားထပ်တွေကို မြင်ရ၏။ ဟေဟု အမှန်တကယ် အံ့အားသင့်သံပြု၏။ သူ ပြုံးသည်။ အင်းဟု တစ်စုံတစ်ရာ စဉ်းစားသံဖြင့် စိုးတင်နေ၏။ အဆောင်တွေဘက်သို့ လှမ်းကြည့်ကာ ခဏ ငေးနေ၏။ ထိုနောက်…

"ခင်မွန့် အနေအထားကရော"

အဟင်းခနဲ တစ်ချက် ရယ်ပြီး…

"ရိပ်တောင် ရိပ်မိမယ် မဟုတ်သေးဘူး"

"မင်းပြောလိုက်တော့ ငါတော်တော် အံ့အားသင့်သွားတယ် တင့်သော်"

"ငါ့ကိုယ်ငါလည်း အံ့အားသင့်ခဲ့တာပဲ။ မင်းသိပါတယ်ကွာ၊ ငါဘယ်သူ့မှ စိတ်မဝင်စားခဲ့တာ။ ကျောင်းသားတုန်းကလည်း ကျောင်းစာနဲ့၊ အလုပ်ဝင်တော့လည်း အလုပ်ထဲနစ်၊ အိမ်ထောင်ရေးကို စဉ်းမှ မစဉ်းစားခဲ့တာ။ ခုတော့ ဘယ့်နှယ်…ဘယ့်နှယ် ငါ အဲသလိုဖြစ်လာမှန်း မစဉ်းစားတတ်မိအောင်ပဲ။ မိန်းကလေးတွေနဲ့ အနေမနီးလို့လို့ ပြောမဖြစ်ဘူး။ တို့ဌာနလောက် အမျိုးသမီးများတာ တို့ဌာနပဲ ရှိမယ်။ အခြေအနေပေးခဲ့တဲ့သူတွေ ရှိတာလည်း မင်းအသိသားပဲ။ အင်း…ဟင်း…ခုကျမှ"
mgyoe.com

mgyee.com
ခပ်တိုးတိုး ရယ်နေလိုက်၏။ စိုးတင်က ခေါင်းတစ်ချက် ကုတ်သည်။

"ကောင်မလေးက ငယ်တော့ငယ်တယ်၊ ငါစိုးရိမ်တာက ဒီလိုပါ။ ထားပါတော့... မင်းတို့ အဆင်ပြေကြပြီ ဆိုပါတော့။ ချက်ရေးပြုတ်ရေး အိမ်ထောင်ထိန်းသိမ်းရေးကို ခင်မွန်ကျွမ်းကျင်ပါ့မလား။ အဝတ်အစား အသစ်အဆန်းပေါ်တိုင်း ဝယ်ဝတ်၊ အလှအပပဲ စိတ်ဝင်စား၊ ရုပ်ရှင်ပွဲလမ်းသဘင်ပဲ အာရုံရှိနေရင် ဘယ့်နှယ်လုပ်မလဲ။ ငါတို့ မျက်စိအောက်မှာ အဲဒါတွေ အများကြီးနော်။ ပူညံပူညံ အိမ်ထောင်ရေးဆိုရင် ဒုက္ခပဲ။ ဒီကြားထဲ အလှပျက်မှာစိုးလို့ နို့ဘူးတိုက်ပါဆိုရင်ကော။ မင်း လေ့လာပြီးပြီလား"

"ခင်မွန့် စရိုက်ကို အကုန်တော့ မဟုတ်ဘူးပေါ့ကွာ၊ တော်တော်လေးတော့ သိရပါတယ်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား မဟုတ်ပါဘူး။ လေးလေးနက်နက်ပါပဲ"

"လှချင်တဲ့ အရွယ်ဆိုတာလည်း မမေ့နဲ့ဦး တင့်သော်"

"အမျိုးသမီးဆိုတာကတော့ ဘယ်အရွယ်ရှိရှိ၊ ငယ်ငယ်ကြီးကြီး၊ အလှအပ ကြိုက်တာ သဘာဝပဲလေ"

စိုးတင် ပြုံး၏။

"ခင်မွန့်ကို မင်းပြောရင် ဖြစ်နိုင်မယ်ထင်လား"

"မထင်ဘူး"

ဟ...ဒါဖြင့် ဒီစကားတွေ ဘာလို့ပြောနေရသေးလဲဟု စိုးတင် ညည်းပြောပြောသည်။ လက်ဖက်ရည်၊ မုန့်၊ အကြွမ်းကရားနှင့် စီးကရက်ဘူး ရောက်လာခိုက် စကားရပ်လိုက်ကြသည်။ ထို့နောက်...

"မထင်ဘူးဆိုတာ မမျှော်လင့်လို့ပေါ့ စိုးတင်ရာ၊ ဒါပေမဲ့...မျှော်လင့်ချက်တော့ ထားချင်ကြတာပဲပေါ့။ အဲဒီအတွက် မင်းဆီက အကြံဉာဏ် တောင်းချင်တယ်လေကွာ"

စိုးတင်က စီးကရက်ဘူး ဖွင့်သည်။ တံဆိပ်ပတ်နေရာမှ လက်ညှိုးဖြင့် ဆတ်၍ တောက်ပြီး အစီခံတက်အောင် ပြုသည်။

"မင်းတို့ တော်တော် ရင်းနှီးနေကြပြီလား"

"ရင်းတော့ ရင်းနှီးပါတယ်၊ ဖွင့်ပြောလို့တော့ ဖြစ်ဦးမယ် မဟုတ်သေးဘူး"

"ဒါဆို အချိန်ယူဦးပေါ့"

"ဘယ်လောက်လောက်လဲ"

"ပြောလို့ ရနိုင်တဲ့အဆင့်အထိ အချိန်ယူပေါ့ကွ"

"သူ ဌာနကို အလည်လာတဲ့ အခါလောက်သာ တွေ့ရ၊ ဆုံရတာ"

ငါ့လခွီး...ဟု စိုးတင် ရေရွတ်၏။ အဓိပ္ပာယ်မသိ၍ သူ မျက်လုံးဝိုင်း သွားကာ...
mgyee.com

mgyoe.com

"ဘာဖြစ်လို့လဲ"

မျက်မှောင်တစ်ချက်ကြုတ်ပြီး သူ့ကိုကြည့်ကာ...

"မင်းမှာ ခြေထောက်မရှိဘူးလား၊ သူအလာကို မင်းက ဌာနကနေ ထိုင်စောင့်မှပဲ တွေ့ရတော့မှာလား။ သူ့အိမ်ကို အလည်အပတ်သွားပေါ့။ မင်းနှယ် တုံးလိုက်တာ"

"အဲဒီလို သွားလည်ဖို့ကျတော့ ကြောင်တောင်တောင်ဖြစ်မှာလည်း စိုးရသေးတယ်"

"ဟ...သူ ဒီမှာ ကျောင်းတက်နေတာ၊ မင်း ဒီကို လာလက်တွေ့လည်း ရတာပဲ"

ကျောင်းကိုသွားတွေ့တော့ ဘယ်လိုတွေ့မလဲ၊ ဘာကိစ္စနဲ့လာတယ်ဆိုတာ ဘယ်လိုပြောမလဲ။ အသားလွတ်ကြီး လာတွေ့တယ်ထင်ရင် မကောင်းဘူးလေ။ ချိုတီတို့၊ လှလှတို့ကရော ဘာပြောမလဲ၊ ဘာထင်ကြမလဲ။ စာသင်ခန်းနားမှာ ရစ်သီရစ်သီ နေရမယ့် အရွယ်လည်း မဟုတ်တော့ဘူး။ စားသောက်ဆိုင်တွေက ထိုင်စောင့်ရအောင် ကလည်း ဘယ်စားသောက်ဆိုင်ဘက်မှာ သွားစားကြမှန်းမသိ။ ဆိုင်မှာ တစ်ယောက်တည်း ထိုင်စောင့်ရင် ဘေးက ဘာထင်မလဲ။ ဘယ်ကလူလဲ၊ ဘာလာလုပ်လဲ၊ ဘာလာ စုံစမ်းလဲ တွေးမယ်၊ ထင်မယ်ဟု အတွေးတွေဖြင့် ကြောင့်ကြလာသမျှ မပြောရဲ။ ဒီလောက် ဉာဏ်နည်းရသလားဟု စိုးတင်ဆိုမည် စိုးရသေး၏။

"ပါးစပ်နဲ့ ပြောရမလား၊ စာနဲ့ ရေးရမလား။ ဘယ်လိုပြောရမလဲ စိုးတင်"

"လက်နဲ့ပြော"

"ဟာကွာ... အကောင်းပြောစမ်းပါ"

"ဩော်...မင်းက တလွဲတွေးတာကိုး၊ အမရာကို မဟောသဓာ လူပျိုလှည့်သလို လက်သီးဆုပ်ပြတာတို့၊ ဘာတို့လို လက်နဲ့ပြောဖို့ ငါ ပြောတာပါ"

"မင်းကလည်း ဆရာတင်ကာမှ လေးလေးနက်နက် ပြောစမ်းပါကွာ"

စိုးတင် ရယ်သည်။ လက်ဖက်ရည်တစ်ငုံ ငုံသည်။ စီးကရက် မီးညှိသည်။ ထို့နောက်...

"ရည်းစားစာတစ်စောင် ငါးမတ်နဲ့ ငါရေးပေးမယ်လေ"

"ဘဝေဘဝါက ပန်ဖူးသော ပန္နက်ကြောင့် ခင့်ကို မြင်ကတည်းက ဆန် တစ်ပြည်နဲ့ ဆိတ်တစ်ကောင်ထက် ပိုမစားနိုင်၊ နေဝင်က နေထွက်ထက် ပိုမအိပ်နိုင်အောင် ဝေဒနာ မြားမြောင် ညော်င်နာနာ ဖြစ်နေရပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားပါသည် ခင်ခင်ရေ့...ဆိုတဲ့ စာမျိုးလား"

စိုးတင်က တဟားဟား ရယ်သည်။ ခေါင်းတညိတ်ညိတ်နှင့်...

mgyoe.com

mgyoe.com
"မင်း... ရေးတတ်သားပဲ၊ အဲဒီအတိုင်း ရေးပါလား၊ ဒစ္စကို ရည်းစားစာလေ"

နှစ်ယောက်သား ရယ်ကြသည်။ လက်ဖက်ရည် ပန်းကန်လုံးကို သူမအဲ့ယူတွင် ဟော်... ကိုကြီးသော်တို့ပါလားဟူသော ခပ်လှမ်းလှမ်းမှအသံ။ နှစ်ယောက်စလုံး လှည့်ကြည့်လိုက်၏။ ချိုတီနှင့် ခင်မွန်။ ကွန်ကရစ်လမ်းကွေ့တွင် ရပ်နေရာမှ စားပွဲဆီသို့ လာကြသည်။ ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကို စိုးတင် မြင်ပေလိမ့်မည်။ တအံ့တသြအကြည့်ဖြင့် သူ ခေတ္တအကြာ ငေးကြည့်နေမိသည်။ ချက်ချင်း သတိဝင်လာကာ...

"ဟာ... ချိုတီတို့၊ လာလေ... လက်ဖက်ရည် သောက်ပါဦး"

သောက်မှာပေါ့ဟု ချိုတီ လှမ်းနောက်၏။ ချိုတီနှင့်ယှဉ်လျက် လျှောက်လာသော ခင်မွန်က လှမ်းကြည့်ရင်း ပြုံး၏။ စားပွဲအနီးသို့အရောက်တွင် ဆိုင်ဘက်သို့ သူလက်ခုပ်တီးပြီး ခေါ်၏။ အမှုထမ်းသူငယ် ရောက်လာသောအခါ ထိုင်ခုံနှစ်လုံးတွင် ချိုတီတို့ ထိုင်ကြသည်။ မှာလေဟု စိုးတင်ပြော၏။ ကော်ဖီဟုပြောပြီး ခင်မွန်လက်နှစ်ချောင်း ထောင်သည်။ ဆိုင်အမှုထမ်းက ချိုပေါ့လားဟု မေး၏။ ချိုတီက ခေါင်းညိတ်၏။ သူငယ်လေး သွားတော့မှ...

"ကိုကြီးသော်တို့ကို အဝေးကြီးက လှမ်းမြင်တာ၊ အံ့သြသွားတယ်"

ခင်မွန့်စကားကြောင့် စိုးတင် ပြုံး၏။ စိုးတင်က...

"ငါတို့က ဒီမှာ ခဏ...ခဏ ထိုင်နေကျပါ။ နင်တို့နဲ့သာ မဆုံတာ"

ချိုတီက လွယ်အိတ်ကို စားပွဲထောင့်တွင် တင်ရင်း...

"ဦးစိုးတင်တို့ ဒီမှာ လာငမ်းတာလား"

ဟာ...ဒီကောင်မလေး၊ ပေါက်ကရရှစ်ဆယ်ဟု စိုးတင် ရယ်ပြီးပြော၏။ ခင်မွန်နှင့် ချိုတီတို့ ရယ်ကြသည်။ သူ ပြောသည်။

"ဒီလက်ဖက်ရည်ဆိုင်က ကက်ဆက်မဖွင့်ဘူးလေ၊ အေးအေးဆေးဆေး စကားပြောလို့ ကောင်းတယ်။ ဒါကြောင့် ဒီမှာ တကူးတက လာ...လာ...ထိုင်ကြတာ"

"ချိုတီတို့ ဒီလမ်းက ပြန်နေကျ၊ တစ်ခါမျှ မဆုံပေါင်"

"တစ်ခါတလေ ဟိုဆိုင်ထဲ ဆိုင်နောက် သစ်ပင်တွေအောက်မှာ ထိုင်ကြတာ။ လမ်းကနေ ဘယ်မြင်ပါ့မလဲ"

စိုးတင်က ဝင်ဖြေသည်။ သူ ခင်မွန်ကို ကြည့်ကာ...

"ကျောင်းပြန် နောက်ကျတယ်နော်"

"ဒီနေ့ လက်တွေ့ရှိလို့"
mgyoe.com

mgyoe.com
ဩော်...ဟု ပြောကာ သူ ခေါင်းညိတ်၏။ လက်ဖက်ရည် လက်ကျန်ကို သောက်လိုက်သည်။ အချိုပန်းကန်လုံးကို ကျင်းကာ လက်ဖက်ရည်ကြမ်း ငှဲ့သည်။ ခင်မွန်တို့ ကြားများကြားသွားသလားဟု တွေး၏။ ကြားမယ်မထင်ပါဘူး။ အဝေးကြီးပါ။ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်သည်။

"ကိုကြီးသော်တို့ အဖွဲ့ကော နေထိုင်ကောင်းကြသလား"

သူ မဖြေမီ စိုးတင်က ဝင်၍...

"ပို့သသော မေတ္တာကြောင့် အားလုံး ကျန်းမာချမ်းသာကြပါတယ်။ အောင်ကြိုင်က ဘောလုံး အကန်ကောင်းလို့ ခြေမကို ပုလင်းကွဲ မဆိုစလောက် ရှတာကလွဲရင်ပေါ့လေ"

မေးသူ ချိုတီက တဟင်းဟင်း ရယ်နေသည်။ ရယ်သံနှင့်အတူ...

"ခင်မွန်ရေ...ငါတို့ လက်တွေ့ရှိတဲ့နေ့ဆို ပြန်တိုင်း...ပြန်တိုင်း ဒီဆိုင်ကို လှမ်း...လှမ်းကြည့်ရမယ်။ ကော်ဖီကပ်သောက်ရအောင်လေ"

ရပါတယ်။ နေ့တိုင်းလောက်နီးနီး ကျွန်တော်တို့ ဒီမှာထိုင်ကြတာပဲ။ ဒီ ဆိုင်မှာ လပေးသောက်ကြတာဆိုတော့ တိုက်နိုင်ပါတယ်ဟု သူ ပြောသည်။ သူ့ အပြောကြောင့် ကော်ဖီပန်းကန် လာချပေးသော သူငယ်က ပြုံးသွားသည်။

"ဌာနကို လာမလည်ကြတော့ဘူးလား"

စိုးတင် အမေးကို ခင်မွန်က...

"ဗုဒ္ဓဟူးနေ့လောက်ကျရင်တောင် အလည်လာမယ်လို့ ချိုတီတို့နဲ့ မနက်ကပဲ ပြောဖြစ်ကြသေးတယ်"

သူ့ကို စိုးတင် ကြည့်သည်။ မျက်လုံးတွင်သာ ပြုံးယောင်ယောင်ရှိ၏။ မင်းပျော်နေတယ် မဟုတ်လားဟူသော အကြည့်ဟု ထင်၏။ သူ စိတ်မလုံ။

"နင်တို့ လာလည်တဲ့အခါ ငါ့သူငယ်ချင်းကို ကျူရှင်လေး ဘာလေးပေးကြပါဦးဟာ။ ကျူရှင်ခ ငါပေးပါ့မယ်"

ချိုတီသည် ပိန်ရှည်ရှည်ကိုယ်ကို ကိုင်းကာ ဘာကျူရှင်လဲဟု မေး၏။

"စွဲနည်းလေး ဘာလေး"

ခင်မွန် ရယ်၏။ ချိုတီက...

"ချိုတီတောင် မစွဲနိုင်သေးတာ၊ ဘယ်လိုလုပ် ကျူရှင်ပေးမလဲ"

သူ့ကို စိုးတင် လှမ်းကြည့်ပြီး...

"ကြားလား၊ ဒီကျူရှင် မဖြစ်သေးပါဘူး။ နောက်တစ်ကျူရှင် စုံစမ်းကြတာပေါ့"
mgyoe.com

mgyoe.com
မျက်နှာမှာ ပူနွေးနွေးဖြစ်သွားသည်။ အထင်တရှားကြီး စကားရိပ်မိမည် စိုးသော စိတ်သက်သာရာရသွား၏။

"ကိုင်း...ငါ့တူမကြီး ခင်မွန်ကကော ညည်းတို့ ကိုကြီးသော်အတွက် စွံနည်း တစ်ရာ အနီးကပ် တစ်ပတ်သင်တန်း အပြတ်သင်တန်း စုံစမ်းပေးပါဦး"

သူ ရှက်နေမှန်းသိ၍ ခင်မွန်က...

"ကျောင်းလိပ်စာပေးလေ၊ ခင်မွန် သွားပြီး စုံစမ်းပေးပါ့မယ်"

ရယ်ကြသည်။ ချိုတီက ကိုကြီးသော်တို့ကို နောက်လို့၊ ပြောင်လို့ သိပ်ကောင်း တာပဲဟု ရယ်မောပြီး ပြော၏။

သူ ရယ်ရင်းနှင့်...

"ဒီလိုဆို ရုံသွင်းပါလား၊ တစ်ခါနောက်ရင် ပြောင်ရင် သုံးဆယ့်ငါးပြားနှုန်းနဲ့။ မကောင်းဘူးလား"

ရယ်ပွဲတို့သည် ကျွမ်းဝင်မှုပမာဏကို အဆပိုလာစေသည်ဟု အားရစွာတွေး၏။

* * *

"အမေ..."

နှုတ်ခမ်းမဖွင့်သော အင်းသံဖြင့် ထူးနေကျအတိုင်း အမေ ထူး၏။

"အမေ့ အပ်ချုပ်ဆိုင်ကလည်း လုံချည်လေး သုံးထည်ကို သုံးလေးရက်တောင် ချုပ်နေရသတဲ့လားဗျာ။ ဒီလောက်ကြာတဲ့ စက်ကြာ အပ်ချုပ်ဆိုင်ကို နောင်မအပ်ပါနဲ့တော့"

အမေသည် စာရင်းတွက်နေသောလက်ကို ရပ်ကာ...

"မင်းမှာ ပုဆိုးတစ်ဒါဇင်မကရှိတာ ဝတ်ပါလေ့တော်။ ဒီသုံးထည်ကို ဘာဖြစ်လို့ များ လောနေရတာလဲ"

"ဟာ...ဒီတစ်ဒါဇင်က မနှစ်က ချုပ်ထားတာတွေ။ တစ်ခါလာ ဒါ၊ တစ်ခါလာ ဒါ၊ ဒါဝတ် သူဌေးဖြစ်နေပြီ။ ချည်နဲ့ ရခိုင်တွေ၊ ယောတွေချည်းပဲ။ နောက်ဆို ကျိုင်းတုံနဲ့ အင်ဒိုနီးရှားလုံချည်ပဲ ဝတ်တော့မယ်။ အဲဒါတွေက အရောင်လည်း လွင်တယ်။ အနံကြီး ကွင်းကြီး"

မျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း သဘောပါတော်ဟု ပြုံး၍ ပြော၏။ သူ့ခေါင်းကို အမေ ဖျတ်ခနဲကြည့်ကာ...

"ဆံပင်တွေ ရှည်လှပြီ၊ သွားညှပ်ဦးလေ"

"မရှည်ပါဘူး၊ ရပါသေးတယ်"
mgyoe.com

mgyoe.com

"ကုပ်ကို နောက်ကဆံပင် ထောက်တောင် ထောက်နေပြီ။ ဘယ့်နှယ်မရှည် ရမှာလဲ"

"ဒီခေတ်မှာ ဒီလောက်ဆံပင်က မရှည်လှပါဘူး အမေရဲ့"

"ဟိုတုန်းကတော့ နားရွက်ဖျားကို ဆံစထောက်ရင် ယားတယ်ဆို၊ မင်းပဲ ပြောတာ"

"ခုတော့ နေနေကျ ဖြစ်သွားတာကိုး အမေရ"

ကလေးတစ်ယောက်ကို ပြုံးကြည့်သကဲ့သို့ အမေ ပြုံး၏။ မင်းက ကျောင်းသားတုန်းကတော့ ခေတ်မဆန်ဘဲ ခုကျမှ ခေတ်ဆန်တော့တာကိုးဟု ရယ်သံဖြင့် ပြော၏။ စကားအဆုံးတွင် အိမ်ရှေ့တံခါးတွေ သွားပိတ်သည်။ အဖေ့ဟောက်သံ တခေါ်ခေါ်ကို ကြားရလေ၏။

❑

mgyoe.com

m.gyoe.com

[ ၉ ]

ပန်းချီပြပွဲတွင် ရေဆေးနှစ်ကား၊ ဆီဆေးတစ်ကား ပြပွဲတင်ကြောင်း၊ ပြပွဲသို့ လာရန် ချိုတီက ဖိတ်စာလာပေးသည်။ အောင်ကြိုင်က ထိုနေ့ကျလျှင် လိုက်မည်ဟု ပြောသည်။ ကောင်းတာပေါ့ကွာ၊ ငါတစ်ယောက်တည်းဆိုတော့ ကြောင်တက်တက်ကြီး၊ မင်း အဖော်လိုက်တော့ ဟန်ကျတာပေါ့ဟု သူပြောလိုက်သည်။ အဲဒီနေ့ကျရင် အပန်းဖြေ ရိပ်သာထဲမှာ ခင်မွန်တို့၊ လှလှတို့လည်း ရှိနေမှာပါဟု ချိုတီ ပြောသွားသည်။ စိုးတင်က အဲဒီနေ့ကျရင် ရုံးကို လာမနေနဲ့တော့။ မင်း ခွင့်တင်သွားပေါ့ဟု ပြောသည်။

"ဒီနှစ်အတွင်း မင်း ခွင့်နှစ်ရက်ပဲ ရှိသေးတာ၊ နှစ်ကုန်ဖို့ လတစ်ဝက်လောက်ပဲ ကျန်တော့တယ်လေ။ တစ်ရက်တလေ ခွင့်ယူပြီး နားသင့်ပါတယ်။ အထူးသဖြင့် အသည်းနှလုံး စစ်ဆင်ရေးအဆင့်တစ် ကာလမှာ"

အောင်ကြိုင်က အခြေအနေကို သိထားပြီးဖြစ်သည်။ ကျန်လူတွေကိုတော့ သူ အသိမပေး။ မတိုင်ပင်ခဲ့။

"ဟုတ်တယ် ကိုကြီးသော်၊ ကိုကြီးသော်က မခင်မွန်ဆီ အကြောင်းမရှိ အကြောင်းရှာပြီး ကျောင်းမှာ သွားသွားတွေ့တာ နှစ်ခေါက်၊ သုံးခေါက်လား ရှိသေးတယ်။ တစ်ပတ်တစ်ခါလောက် ကျောင်းဘက်ကို သွားသင့်တယ်ဗျ"

အေးပါကွာဟု ပြောပြီး စကားဖြတ်လိုက်ရ၏။ ညွှန့်ညွှန့်တို့အုပ်စု ရုံးခန်းထဲသို့ ဝင်လာကြသည်။

* * *

mgyoe.com

နတ်တော်သဝဏ်လွှာ ပန်းချီပြပွဲ၏ ကားတစ်ဝက်ကျော်ကျော်ကို ကြည့်ပြီးပေပြီ။ ကားတိုင်းကိုပင် သဘောကျနေသည်။ မျိုးရာဇာညွန့်၏ မင်္ဂလာဦးညဉ့်ပန်းချီ ကားပါ ခရမ်းရောင်ကို အာရုံစွဲနေ၏။ မောင်မောင်စနေ၏ ဒွါဒသမမြောက် အချစ်ပန်းချီကားပါ မြေခသစ်ရွက်ကို မှတ်မှတ်ရရ ရှိနေသော်လည်း အဓိပ္ပာယ်လိုက်မမိ။ မူလင်း၏ အိမ်ထောင့်တာဝန် ပန်းချီကားပါ အမျိုးသားပုံ၊ စဉ့်အိုးဘေးတွင် အဝတ်လျှော်နေပုံ၊ ကလေးအကျီတွေကြားမှ ဘာရာစီယာအစ၊ မရွှင်ပျသော အမျိုးသား၏ မျက်နှာထားတို့မှာ သဘာဝကျလှပေသည်။ ချိုတီ၏ လုပ်အားပေး ကျောင်းသူ ပန်းချီကားမှာ လှလှ၏ပုံတူ၊ ရုံးခန်းတွင် တံမြက်လှည်းနေပုံ။ ရေတကျချိန် ပန်းချီ ကားမှာ လှေဆိပ်ရှုခင်း၊ လှေတွေ၊ သမ္ဗန်တွေ၊ တောင်းပလုံးတွေ၊ အထုပ်တွေဖြင့် မြစ်ကြောင်းခရီး သွားမည့်သူတွေ၏ပုံ။ ဣန္ဒြေအမည်ရှိ ဆီဆေးကားသည် ဖန်မီးအိမ်ရှေ့တွင် စာဖတ်နေ သော အမျိုးသမီး၏ပုံ။ ကိုယ်တစ်ပိုင်း၊ ခင်မွန်၏ ပုံတူ၊ တန်ဖိုး မပါ။ မရောင်းဟု စာကပ်ထား၏။

"မခင်မွန့် ဓာတ်ပုံလို့တောင် ထင်ရတယ်။ ချိုတီ တကယ်တော်တာပဲ။ အသေးစိတ်ကို ရေးထားတာ။ မီးအိမ်အရောင် ဝါတာတာအလင်းက မျက်နှာပေါ်ကျနေတာ သဘာဝကျတယ်နော် ကိုကြီးသော်..."

ဟုတ်တယ်ဟု ပြန်ပြောရင်း ပို့စကတ်၊ ကတ်တလောက်ရောင်းသော ခုံရှည် တွေ စားပွဲတွေဘက်သို့ လှမ်းကြည့်၏။ မေးမြန်းသူ၊ ဝယ်သူ၊ ကြည့်သူတွေ ပြည့်နေ ၏။ ခင်မွန်နှင့် လှလှတို့ကို သွား၍ရှာသူ ချိုတီ ပြန်မရောက်သေး။ ပွဲတစ်ပတ် ပြည့်အောင် ကြည့်ပြီးသွား၏။ ချိုတီ၏ကားတွေ ချိတ်ထားရာသို့ တစ်ခေါက်ပြန်သွားသည်။ ဣန္ဒြေ ပန်းချီကားကို လက်တစ်ကမ်းအကွာမှ ကြည့်၏။ နောက်တစ်လှမ်းဆုတ်ပြီး ကြည့်၏။ သုံးလေးလှမ်းအဆုတ်၊ ထိုမှ ဆုတ်မည်ပြင်စဉ် ကျောင်းသူတစ်စုနှင့် ကျောချင်းတိုက်မိ၍ သူ တောင်းပန်သည်။ ဆောရီးဗျာနှင့် ကိစ္စမရှိပါဘူး ဖြေသံကြားတွင် ခင်မွန်တို့ သုံးယောက်ကို လေးငါးလှမ်းအကွာတွင် မြင်လိုက်၏။ ထိုအနားရောက်မှ ချိုတီက...

"ခုန ဘာဖြစ်လို့လဲ"

"ဣန္ဒြေကားကို နောက်နည်းနည်းခွာပြီး အကြည့်မှာ ကျောချင်းတိုက်မိလို့"

အောင်ကြိုင်က တော်ပါသေးရဲ့၊ ဖနောင့်နဲ့ နောက်ပြန်ပေါက်တယ်လို့ ထင်မသွားတာဟု ပြော၏။

"ခပ်လှမ်းလှမ်းက ကြည့်တယ်ဆိုလည်း ကိုကြီးသော်ရယ်...ရုံးကနေ ဒီကိုလှမ်းကြည့်ရောပေါ့။ ဆီဆေးဆိုတော့ ဝေးမှမဟုတ်ဘူးလား"

လှလှက မနောက်စဖူး နောက်သည်။ ရယ်ကြရင်း ဣန္ဒြေဘက်သို့ လှမ်း

mgyoe.com
ကြည့်ကြသည်။

"မခင်မွန့်ပုံတူ မဟုတ်လား"

သူ့အမေးကို ချိုတီ ခေါင်းညိတ်ပြီး ဖြေ၏။

"လက်ရာက အံ့သြစရာ ကောင်းလောက်အောင် ကောင်းပါတယ်။ ကားရဲ့ နာမည်နဲ့လည်း တကယ် လိုက်ပါတယ်။ ဣန္ဒြေရှင်ရဲ့ ရင်တွင်းစရိုက်က သိပ်စူးစူးစိုက်စိုက် ကြည့်စရာတောင် မလိုဘူး။ တစ်ချက်ကြည့်ရုံနဲ့ ထင်းခနဲ မြင်ရတယ်"

စကားအဆုံးတွင် ချိုတီ ပြုံး၏။ ခင်မွန် ရှက်ပြုံး ပြုံးသည်။

"ကိုကြီးသော်ကို မုန့်စပ်တူကျွေးအောင် ကျွန်မ အဆိုတင်သွင်းပါတယ်"

တိုးတိုး ရယ်ကြသည်။ အောင်ကြိုင်က...

"ခုန ကိုကြီးသော်ပြောတဲ့ စကားက ကျွန်တော် သင်ပေးထားတဲ့ စကားပါ"

အရယ်တွေ ဆက်သွား၏။

* * *

အလုပ်မှ တစ်ခဏနားလျှင် ထိုတစ်ခဏအချိန်သည် ခင်မွန့်အတွက် ဖြစ်သည်။ အိမ်ပြန်ရောက်လျှင် အမေ့ကိစ္စအတွက် စာရင်းဇယား ကူမှတ်စရာမှတ်၊ အိမ်ကိစ္စ ဆောင်ရွက်စရာ ဆောင်ရွက်၊ စာရေးစာဖတ်၊ အချိန်ပို မရှိသော်လည်း တစ်ခုနှင့်တစ်ခု အကူး အပြောင်းကြားတွင် ခင်မွန့်မျက်နှာကို မြင်နေသည်ချည်း။ ခင်မွန့်အပြုံးတွေ ရောက်လာတတ်သည်ချည်း။ ခင်မွန့်ကို သတိရတိုင်း ခင်မွန်သဘောကျသော စာရေးဆရာဝတ္ထု တွေကို မကျန်အောင် ရှာဖတ်ငှားဖတ်သည်။ နှစ်သက်သော အဆိုတော်တွေ၏ သီချင်းတွေ ကို ရှာနားထောင် ငှားနားထောင်သည်။ စကားစပ်မိသည့်အခါ မသိမရှိရအောင် မှတ်မှတ် သားသား နားထောင်သည်၊ ဖတ်သည်။ စိုပြည်သော စကားဝိုင်း၊ အကြောင်းအရာချင်း လက်မယှက် မရှိစေရသော စကားဝိုင်းဖြစ်မှသာ ပို၍ ခင်မင်ရင်းနှီးမှု ရှိမည်ဟု တွက် ထားသည်။ အခြေအနေ ပြောင်းလဲလာသည်ကို စိုးတင်က...

"မင်း မဆိုးဘူး၊ ခင်မွန်က တော်တော်ရည်မွန်တဲ့ မိန်းကလေး။ ပါးလိုက်တာလည်း လှပ်လို့။ မင်းအနေအထားကို ရိပ်တော့ ရိပ်မိမှာပါ။ မင်း ဝတ်စားဆင်ယင်ပုံတွေ၊ သူ့ဆီ သွားသွားနေတာတွေ သိလောက်ပါတယ်"

"နောက်နှစ် ဒီအချိန်လောက်ဆိုရင် ငါစကားစလို့ရကောင်းပြီ ထင်တယ်နော် စိုးတင်"

စိုးတင် စဉ်းစားနေ၏။

mgyoe.com

mgyoe.com

"အခြေအနေပေးရင် ဒ့ါထက် စာကောင်း စာမှာပေ့ါလေ၊ မဟုတ်ဘူးလား။ အခြေအနေနဲ့ ဆပြီး တွေးရတဲ့ကိစ္စပဲ"

"ငါ့ကို ငြင်းလိုက်မှာ တော်တော်စိုးတယ်"

"ချက်ချင်းကြီး ခေါင်းညိတ်မယ့် မိန်းကလေး မဟုတ်ဘူးနော်"

"သိပါတယ်၊ ချိုတို့ ပန်းချီကားအမည်အတိုင်း ဣန္ဒြေ မဟုတ်လား"

"မင်းကို ချီးကျူးစရာရှိတယ် တင့်သော်"

သူ တွေးမရ။ ထို့ကြောင့်...

"ဘာကိစ္စ..."

"အဲဒီ ပန်းချီကားကို မင်းက ရောင်းချင်ရောင်းပါ။ မရောင်းရင် လက်ဆောင် ပေးပါလို့ ခင်မွန့်ရှေ့မှာ ချိုတို့ကိုပြောတဲ့စကား။ အကွက်ပဲ။ ရည်းစားစကား မလာခင် သံယောဇဉ်ရဲ့ ဥယျာဇဉ်၊ နိဒါန်း၊ ပဏာမစကား သဘောဖြစ်သွားတယ်။ ပန်းချီပညာအရ အိမ်မှာ ချိတ်ထားချင်တာကိုရော၊ ခင်မွန့်ပုံကို အမြတ်တနိုးချိတ်ပြီး ကြည့်နေချင်တာရော စကားနှစ်ခွ ထွက်သွားတယ်။ ဒီနေရာမှာကျတော့ မင်းက လာဘ်မြင်ပြန်ရော။ ငါ့တပည့် မဆိုးဘူး"

ရယ်ရယ်မောမောဖြင့် အားပေးစကား စိုးတင် ဆိုသည်။

"ငါ သူ့ကို တကယ်လည်း မြတ်နိုးပါတယ်ကွာ"

"အင်း"

"ဘယ်လိုချစ်မှန်း ပြောလည်းမပြတတ်၊ ရေးလည်းမပြတတ်နိုင်အောင်ပါပဲ"

"သိပ်မပြောနဲ့၊ လေထဲမှာရောပြီး စကားခွန်အားတွေ ကုန်ကုန်မယ်။ အရေးထဲကျတော့မှ ဟဲ...ဟဲ...မခင်မွန် နေကန်းတယ်နော်။ မံမံ စားပြီးပြီလား။ အီအီးရော ပါပြီးပြီလားဆိုပြီး အိုးနင်းခွက်နင်း စကားတွေ ပြောမိမှာလည်း သတိထား။ ငါတုန်းက လည်း မအေးမိကို ရည်းစားစကားပြောတုန်းက မှားသွားတာလေ"

မအေးမိနှင့် စိုးတင်တို့က တစ်ခန်းတည်း ကျောင်းနေဘက် သူငယ်ချင်း။ ကျွန်တော် ခင်ဗျားကို မေတ္တာရှိနေတာ သိမှာပါဟူသော စကားကို ပြောရမည့်အစား ခင်ဗျားကျွန်တော့်ကို မေတ္တာရှိနေတာ သိမှာပါဟု မှားပြောမိသည့်စကား။ မအေးမိက ယခုထိ ရယ်စရာအဖြစ် မကြာခဏ ပြန်ပြောတတ်သည်။

"မှားခြင်းမှား ငါဆိုရင် အဲသလို မှားမှာမဟုတ်ဘူး။ ကျွန်တော့်ကို ခင်ဗျား လက်ထပ်ပါရစေလို့ ပြောပါရစေလို့ အမှားကောင်း မှားပစ်လိုက်မယ်လေ"

စိုးတင်က ရယ်ရင်းနှင့် တော်တော် အူမြူးနေတာပါလား။ လျှာသွက် အာသွက်

mgyoe.com

ဖြစ်လာပြီ။ မင်း အခြေအနေ သိပ်တိုးတက်လာပြီ။ ပုံစံ ပြင်ပစ်တဲ့အဆင့်မှာပဲ ဂုဏ်ထူးနဲ့ အောင်နေပြီဟု နောက်၏။

* * *

စက္ကူအိတ်ကိုကြည့်ပြီး ဘာလဲ ကိုကြီးသော်ဟု မပြအုန်း မေးသည်။ သြော်... ခေါင်းလိမ်းဆီနဲ့ ရေမွှေးပါဟု ခပ်ပေါ့ပေါ့ ဖြေလိုက်သည်။ ဘာအမျိုးလဲ၊ ဘယ်လောက်လဲ စကားရှည်လာမည် စိုးသည်။ ရုံးခန်းထဲတွင် လူစုံနေသောအခိုက် ဝယ်လာသောပစ္စည်း အကြောင်း မသိစေချင်။

"ကြည့်ရအောင်"

ငါ့နှယ်၊ လွယ်အိတ်ယူပြီး သွားမဝယ်မိတာ ဒုက္ခပဲဟု နောင်တရသည်။ ညွန့်ညွန့် က ခေါင်းငုံ့ပြီး ရေးနေရာမှ လှမ်းကြည့်၏။ မကြည့်ပါနဲ့၊ ခေါင်းလိမ်းဆီပဲ ဟာဟု ပြောလျှင် မကောင်း။ ထို့ကြောင့် စက္ကူအိတ်ကို မပြအုန်းထံ ကမ်းလိုက် ရ၏။ ညွန့်ညွန့်က မပြအုန်း စားပွဲဆီသို့ ထလာ၏။ ယာဒလေခေါင်းလိမ်းဆီဘူးကို ဖွင့်ကြည့်သည်။ အပြာရင့်ရောင် ပလတ်စတစ်ဘူးကို ကြည့်ကာ လှလိုက်တာဟု မပြအုန်း ပြောသည်။ ရောမအက္ခရာ ပိုင်၏အရောင်သည် ပြောင်လက်နေ၏။ အဖြူရောင်အဖုံးကို ဖွင့်ပြီး ရနံ့ကို ရှူကြည့်၏။ ညွန့်ညွန့်က မပြအုန်းဆီမှ ဘူးနှင့် အဖုံးကိုယူပြီး မွှေးကြည့်သည်။

"ယာဒလေပေါင်ဒါ အနံ့ပဲနော် မမပြ"

မပြအုန်းက ဒီခေါင်းလိမ်းဆီ ဒီတစ်ခါပဲ မြင်ဖူးတယ်ဟု ပြောပြီး သူ့ဘက်သို့ လှည့်ကာ...

"ဘယ်လောက် ပေးရသလဲ ကိုတင့်သော်"

"လေးဆယ့်ရှစ်ကျပ်"

ဈေးက မနည်းပါလားဟု မပြအုန်း ပြောသည်။ ညွန့်ညွန့်က အဖုံးပြန်ဖုံးပြီး ဘူးထဲသို့ ပြန်ထည့်သည်။ မပြအုန်းလက်ထဲက ရှေနယ် တစ်ဆယ့်ကိုး ရေမွှေးပုလင်းကို လှမ်းကြည့်ရင်း...

"နံပါတ်ငါး မဟုတ်ဘူးနော်"

သူ ခေါင်းညိတ်ပြီး နံပါတ်ငါးက မရသလောက် ရှားနေလို့ဟု သူ ဖြေချိန်တွင် မင်းဇော်က သူတို့ထံသို့ လျှောက်လာ၏။ သင်းနေတာပဲဟု မပြအုန်းပြောသည်။ ညွန့်ညွန့် က ခါးကိုင်းပြီး ရေမွှေးပုလင်းအဝအနီးသို့ နှာခေါင်းကပ်၏။

"စိမ်းဖန့်ဖန့် အရောင်ကိုက သဘောကျစရာပဲ။ ဘယ်လောက်ပေးရသလဲ

mgyoe.com

mgyoe.com
ကိုကြီးသော်"

မမြအုန်းလက်ထဲမှ ရေမွှေးပုလင်းကို မင်းဇော်ယူကြည့်၊ အနံ့ခံကြည့်ပြီး အား... မွှေးနေတာပဲဟု ပြောသည်။ ဘယ်လောက်ပေးရလဲဟု မင်းဇော်ကပါ မေးသည်။

"နှစ်ရာ့ရှစ်ဆယ့်ငါးကျပ်"

အမလေးဟု ညွှန့်ညွှန့် ညည်းသည်။ ဈေးက ခေါင်ခိုက်နေပါလားဟု မမြအုန်းက ပြောသည်။ အင်္ကျီရင်ဘတ်ကို ဆွတ်မည်ပြင်သော မင်းဇော်လက်က ချက်ချင်း ရုပ်သွား၏။ မဆွတ်ဝံ့တော့ဘူးဟု ပြောပြီး ပုလင်းဖုံး ပြန်ဖုံးသည်။ စက္ကူဘူးထဲသို့ ရေမွှေးပုလင်း ပြန်ထည့်သည်။ မမြအုန်းက ခေါင်းလိမ်းဆီနှင့် ရေမွှေးဘူးကို စက္ကူအိတ်ထဲသို့ ထည့်ပြီး သူ့ထံသို့ ပြန်ကမ်း၏။

"ကိုကြီးသော် ဘယ်သူ့ကို လက်ဆောင်ပေးဖို့လဲ"

မင်းဇော်ကို နှာခေါင်းရှုံ့ပြကာ...

"ဟာ... ငါသုံးဖို့ ဝယ်လာတာပါကွာ"

"မသိဘူးလေ၊ အရင်ကဒါတွေ ကိုကြီးသော် သုံးမှမသုံးတာ။ ဒီတော့ လက်ဆောင်ပေးဖို့လားလို့ တွေးတာပေါ့ဗျ။ တကယ်ကော သုံးမှာလား"

အတွန့်တက်သော မင်းဇော်ကို သူမပြောရသေးခင် ညွှန့်ညွှန့်က...

"ကိုကြီးသော်ဆီက ဒီရနံ့တွေ မရရင် အမိပ္ပာယ်က ညွှန့် ရှင်းနေပြီပဲ"

မင်းဇော်က ဟာ... ဟုတ်သားပဲဟု ပြောသည်။ ညွှန့်ညွှန့်က...

"မိုးလေဝသက ဘာမှလည်း မကြေညာဘဲနဲ့ ထူးထူးခြားခြား ပြောင်းလဲသွားတယ်နော်"

သူ့ကို နောက်သည်။ မင်းဇော်က...

"ဂြိုဟ်တုနဲ့ အဆက်အသွယ် ပြတ်သွားလို့ပါ"

ရယ်ကြသည်။ စက္ကူအိတ်ကို ဗီရိုထဲသို့ လှမ်းထည့်ရင်း...

"အလုပ်လုပ်စရာတွေ သွားလုပ်ကြလေ။ မင်းတို့ ဒီမှာ တောစကား တောင်စကား လာပြောနေတာ။ သုံးလေးနှစ် မကတော့ဘူး။ နိုင်ငံတော်ဘဏ္ဍာ ယိုဖိတ်တယ်ကွ"

စကားဝိုင်း စဲစေချင်မှန်းသိကြ၍ ရယ်ကြသည်။ အသံသဲ့သဲ့ကြားလျှင် မနေတတ်သော အောင်ကြိုင်ကပါ စစ်ဆေးဖာထေးလက်စ ဖယောင်းစက္ကူကိုကိုင်ကာ ရောက်လာ၏။ ဘာလဲ...ဘာလဲ၊ ရယ်စရာကို သူတစ်ပါးဆီ ခွဲတမ်းချမပေးရင် နောင်ဘဝမှာ အမြီး တိုတတ်တယ်နော်ဟု ပြောကာ စားပွဲရှေ့တွင် ရပ်၏။

မွှေးပျံ့ပျံ့ ရနံ့တွေ မပျောက်ပြယ်သေး။ ❑
mgyoe.com

mgyoe.com

# [ ၁၀ ]

အချိန်ပိုဆင်းရသဖြင့် လေးနာရီခွဲလောက်တွင် ချိုတီထံသို့ ဖုန်းဆက်ရန် စိတ်ကူးရသည်။ စနေနေ့ဖြစ်၍ ကျောင်းမှ ပြန်ရောက်လောက်ပြီဟု ထင်၏။ စနေနေ့မျိုးတွင် လုလုတို့ ခင်မွန်တို့အိမ်သို့ ချိုတီ သွားချင်သွားတတ်သည်။ ရုပ်ရှင်ကြည့်ချင် ကြည့်တတ်သည်။ ရှိလိုရှိငြား၊ ရှိလျှင်လည်း စကားပြောရတာပေါ့ဟု စိတ်ကူးကာ ဖုန်းဆက်သည်။

ချိုတီ၏ အဒေါ်က ပြန်မရောက်သေးကြောင်း၊ ခင်မွန်တို့အိမ်တွင်ရှိကြောင်း ပြောသည်။ မည်သည့်ဌာနမှ မည်သူမည်ဝါဖြစ်ကြောင်း သူပြောလိုက်သည်။ ချိုတီပြောပြ၍ သိပါကြောင်း ချိုတို့ အဒေါ်ပြောကာ ခင်မွန်တို့အိမ်ကို ဖုန်းဆက်ပါလားဟု ပြောသည်။ ဖုန်းနံပါတ်မသိကြောင်း သူပြောပြသောအခါ ခင်မွန်တို့အိမ်မှ ဖုန်းနံပါတ်ပေးသည်။ ခင်မွန် လိပ်စာရေးပေးစဉ် ဖုန်းနံပါတ် ပေးမထား။ မေ့ပဲ မေ့ခဲ့သလား၊ တမင်ပင် မပေးသလား မတွေးတတ်။ ထို့ကြောင့် ဆက်ရကောင်းနိုး မဆက်ရကောင်းနိုး ခဏစဉ်းစားသည်။ ချိုတီနဲ့ စကားပြောတာပဲလေ။ စိတ်ရှင်းအောင်ထားပြီး ဂဏန်းခွက် လှည့်သည်။

တစ်ဖက်မှ ထူးသံကြားရသည်။ အမျိုးသမီး အသံ။ ချိုတီကို စကား ပြောမလို့ပါဟု ချိုချိုသာသာ ပြောလိုက်သည်။ ဒီအသံ မာကျောကာ အမိန့်ဆန်သွားလျှင် မသင့်၊ ဘယ်သူလဲ၊ အဲအသံတယ်ပြီး မာရေကျောရေဟု ချိုတီကို မေးကောင်းမေးမည်။ ဦးတင့်သော်ပေါ့ဟု ချိုတီဖြေလျှင် မိမိ၏အမည်နှင့် မနှစ်သက်စရာ တစ်ခုခု တွဲနေမည် စိုးသည်။ တစ်ချိန်ချိန်တွင် ထိုအိမ်နှင့် ပတ်သက်ရသည့်အခါ စိတ်အထစ်အငေါ့ ဖြစ်ကောင်းဖြစ်မည် စိုးရသည်။ ချိုတီ စကားပြောနေပါတယ်ဟု ပြောသံကြားရ၏။

mgyoe.com

"ကိုကြီးသော်ပါ"

ဟုတ်လား၊ ဘယ်ကဆက်လဲဟု မေးသည်။

"ရုံးက ဆက်တာ၊ အချိန်ပို ဆင်းရလို့"

ဪ...ဟု ချိုတီ ဆို၏။

"ချိုတီ့အိမ်ကို ဆက်တော့ မခင်မွန်တို့ အိမ်မှာရှိတယ်ပြောလို့ ချိုတီ့ အဒေါ်ကပဲ ဖုန်းနံပါတ် ပေးလိုက်တာ။

မနက်ကတည်းက အိမ်ကို ပြောခဲ့တာ၊ ကျောင်းကနေ ဒီမှာရှိမယ်လို့ ပြောသည်။

"တခြား မဟုတ်ပါဘူး၊ ဟိုပန်းချီကား ကျွန်တော် လိုချင်လို့ပါ။ ဝယ်ဆိုလည်း ဝယ်ပါ့မယ်"

ချက်ချင်း ပြန်မဖြေ။ စကားပြောခွက်ကို လက်ချောင်းလေးတွေစုကာ ပိတ်လိုက်ဟန်ရှိ၏။ ဘယ်သူလဲဟူသော မေးသံ။ ကိုကြီးသော်ဟူသော ချိုတီ့ဖြေသံ။ ဘာတဲ့လဲ ဟူသော အမေး။ ပန်းချီကား ဝယ်နေတာဟူသော ချိုတီ အဖြေ။ သဲ့သဲ့ ကြားနေရသော အသံတွေ မကြားရ။ လက်ဖဝါးဖြင့် အသံလုံအောင် ဖုံးဖိလိုက်ဟန် တူ၏။ ခဏအကြာ တွင်...

ရောင်းတော့ မရောင်းပါဘူး။ ချိုတီ စဉ်းစားပါရစေဦးဟု ဖြေသည်။

"ကျွန်တော့်အိမ် ဧည့်ခန်းမှာ ချိတ်ထားချင်တယ်ဗျာ၊ သိပ်သဘောကျလို့ပါ"

ချိုတီ ဒီကားကို ဘယ်သူ့မှ ပေးလည်းမပေး၊ ရောင်းလည်း မရောင်းပါဘူး။ တကယ်လို့ လက်ဆောင်ပေးချင်ပြီဆိုရင် ကိုကြီးသော်ကိုပဲ ပေးပါ့မယ်။ လောလောဆယ် တော့ ချိုတီ့ဆီမှာပဲ ထားချင်သေးလို့ပါဟု ပြောသည်။

"ဒီကားကိစ္စ ကျွန်တော်ပြောတာ ခဏခဏဖြစ်နေလို့ စိတ်အနှောင့်အယှက် ဖြစ်သွားလား"

ဟင့်အင်း...တော်တော် များများကလည်း ကိုကြီးသော်လိုပဲဝယ်ကြ၊ တောင်းကြပါ တယ်ဟု ရယ်သံဖြင့် ဖြေသည်။

"ဒါထက် စိတ်မရှိနဲ့နော်၊ မသိလို့ မေးပါရစေ"

မေးပါ ကိုကြီးသော်ဟု ပြောသည်။

"ချိုတီရေးတဲ့ကား ဖြစ်ပေမယ့် ပုံတူက မခင်မွန့်ပုံတူဖြစ်နေလို့ မခင်မွန် မကျေနပ်မှာ စိုးလို့လား။ သူ့ကို ကျွန်တော်ဘာကူပြီး ပြောပေးရမလဲ။ ပြောပေးမှဆိုလည်း ပြောပေး မယ်လေ"

ကိစ္စမရှိပါဘူး၊ သူ့ကြောင့် မဟုတ်ပါဘူး။ အဲဒါကြောင့် မဟုတ်ပါဘူး ကိုကြီးသော်

mgyee.com
ဟု ချိုတီဖြေရှင်းသည်။

"ကဲ...ဒါဆိုလည်း လက်ဆောင်ပေးတဲ့ အချိန်အထိ စောင့်တာပေါ့ဗျာ၊ ဒါပဲနော်"

ဟုတ်ကဲ့ဟု ဖြေသည်။ ဖုန်းချခါနီးအထိ ခင်မွန်များ စကားလာပြောမည်လားဟု မျှော်တွေး တွေးသည်။ ဣန္ဒြေ ပန်းချီကားကိစ္စကို ချိုတီ ပြောပြမှာပဲ။ ခင်မွန် ဘယ်လို တွေးမလဲ၊ ငါ တွေးစေချင်သလို တွေးရင် ကောင်းမှာပဲဟု တွေးသည်။

* * *

တပို့တွဲ လလယ်၏ မွန်းတည့်နေသည် အပူရှိန်မပြင်း။

ဌာနတံခါးဝသို့ ရောက်သောအခါ ခပ်စိမ့်စိမ့် ရှိလာ၏။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ မင်ဘူး၊ လက်ကိုင်ပဝါ၊ တိုလီမုတ်စ ဝယ်ရင်းနှင့် ဘားလမ်း လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သွားသောက်သည်။ အခန်းထဲသို့ ရောက်သောအခါ မမြအုန်းက...

"ဧည့်သည်တွေ လာသွားကြတယ်၊ မစောင့်နိုင်လို့ ပြန်သွားကြတယ်"

"ဘယ်သူတွေလဲ"

"မခင်မွန်တို့လေ"

ဟာ...သေလိုက်ပါတော့ဟု နှုတ်က ထွက်မိမတတ် ဖြစ်သွားသည်။ လက်ဖက်ရည် ဝင်သောက်နေလို့ လွဲသွားရတာဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ မမြအုန်းက သူတို့ ရုပ်ရှင်သွားကြမလို့ မစောင့်တော့တာတဲ့ဟု ပြော၏။ ချိုတီတို့၊ လှလှတို့ရောပါလား မေးသည်။ မမြအုန်း ခေါင်းညိတ်သည်။ မတွေ့ဆုံလိုက်ရလို့ မချင့်မရဲ ဖြစ်နေသည်။ ကုလားထိုင်တွင် ထိုင်ရင်း...

"ကျွန်တော့်ကို ဘာမှာသွားသေးလဲ"

"ကျွန်မကိုတော့ ဘာမှ ပြောမသွားဘူး။ မောင်အောင်ကြိုင့်ကိုတော့ ဘာလဲ မသိဘူး ပြောသွားတယ်"

အောင်ကြိုင့် စားပွဲသို့ လှမ်းကြည့်၏။ အောင်ကြိုင် မရှိ။ မမြအုန်းက ခွဲမှူးခေါ်လို့ အောင်ကြိုင် အပြင်လိုက်သွားတယ်ဟု ပြောသည်။ စားသောက်ဆိုင်နှင့် အနီးအနားသို့သာ သွားလျှင်ချက်ချင်း လိုက်တွေ့ချင်စိတ် ပေါ်နေသည်။ ပစ္စည်း ပစ္စယတွေကို အံထဲသို့ထည့်ပြီး ကုလားထိုင်တွင် စိတ်မသက်သာစွာ ထိုင်သည်။ ဆီပြန်နေသော မျက်နှာကို လက်ကိုင် ပဝါဖြင့် သုတ်ရင်း...

"ကျွန်တော်ကလည်း ဒီနေ့ကျမှ အပြင်သွားမိတယ်ဗျာ"

ကိုယ့်ကိုယ်ကိုယ် နောင်တဖြင့် အပြစ်တင်သံ။ မမြအုန်းက ပြုံးသည်။ ဝဝဖိုင့်ဖိုင့်
mgyee.com

mgyoe.com
ကိုယ်ကို တစောင်းလှည့်ကာ မျက်နှာချင်းဆိုင်သည်။

"ချိန်းထားလို့လား"

"ဟင့်အင်း"

"သူတို့ ဒီကို အလည်မလာတာတောင် အတော်ကြာပြီပဲ"

ခေါင်းညိတ်လိုက်သည်။ မမြအုန်း၏ စူးစမ်းသောအကြည့်ကို သတိပြုမိလိုက်သည်။ ခပ်ပြာပြာ နှုတ်ခမ်းမှာ ပြုံးတုံ့တုံ့။

"ကလေးမလေးတွေက ခင်စရာကောင်းတယ်"

ထင်မြင်ချက်စကား မပြန်။

"သူတို့ သုံးယောက်စလုံးက ဒီနှစ် နောက်ဆုံးနှစ် ရောက်သွားပြီထင်တယ်"

"မဟုတ်ဘူး၊ ဒီနှစ်မှ တတိယနှစ် တက်ကြတာ"

ဪ...ဟု မမြအုန်း ဆို၏။ မျက်ခုံးထူ နှစ်ဖက်သည် ဆတ်ခနဲ တက်သွားပြီး...

"ကိုတင့်သော်ကို သူတို့ တော်တော် ခင်ကြတာနော်"

"ကျွန်တော့်တင် မကပါဘူး၊ ဌာနကလူတွေ အားလုံးကို သူတို့ခင်ကြတာပါပဲ။ မမြအုန်းကိုလည်း သူတို့ ခင်မင်ကြတာပဲ မဟုတ်လား"

အပျိုကြီး စကားအစ်နေတာလား မသိဘူး။ ဆင်ဆင်ခြင်ခြင် ပြောမှဟု သတိပြုသည်။ အောင်ကြိုင်တို့၊ စိုးတင်တို့က တစ်ခါ နောက်ပြောင်ပြီး ပြောသည်တို့ကို မမြအုန်း ကြားခဲ့သလား။ စကားစပြတ်သွားအောင် ဖိုင်တွဲကို လှမ်းယူလိုက်သည်။ ပိုက်လုံးအရေအတွက်တွေကို ပြန်ပေါင်းနေလိုက်သည်။ လက်ရေးနှင့် ကိုက်မကိုက် ကိန်းတွေစစ်လိုက်မည်။ တစ်ရွက်၊ နှစ်ရွက်၊ သုံးရွက်။ အလုပ်ထဲသို့ အာရုံရောက်သွားသည်။ ဒုတိယဖိုင်ကို လှမ်းအယူတွင် ရေသောက်နေသော အောင်ကြိုင်ကိုတွေ့သည်။ အောင်ကြိုင်က သောက်ရေအိုးစင်တွင် ဖန်ခွက်ကိုင်းချိတ်ရင်း လက်ဖက်ရည်သောက်ဟန်၊ စားသောက်ဆိုင်ဘက်သို့ လှမ်း၍ မေးငေါ့ပြသည်။ ထိုနောက် အခန်းထဲမှ ထွက်သွား၏။ ပြောစရာ တစ်ခုခုရှိပြီဟု နားလည်လိုက်၍ ဖောင်တိန်ကို ပြန်ဖုံးလိုက်သည်။ ထိုင်ရာမှ ရုတ်ခနဲ ထလိုက်သည်။

* * *

ခုနစ်ရက်မျှသော ရက်သတ္တတစ်ပတ်ကို စောင့်ဆိုင်းရလွန်းသည်ဟု သည်းမခံချင်။

"ခြောက်နာရီ ထိုးသွားပြီကွ၊ သူတို့ ဒီနေ့ လက်တွေ့မရှိလို့ အစောကြီးကတည်းက ပြန်သွားကြပြီနဲ့ တူပါတယ်"
mgyoe.com

mgyoe.com
မှောင်ရိပ်ဆိုင်းနေပေပြီ။ အသုပ်ဆိုင် ခုံပေါ်ရှိ အောက်လင်းမီးအရောင်သည် ဆိုင်ဝန်းကျင်သို့ ပျံ့လျက်ရှိလေသည်။ စိုးတင်သည် ကြက်သွန်ဖြူ ဥခွံကိုနွှာရင်း...

"ပန်းချီကား မင်း လာယူတဲ့နေ့ကျတော့ကော ငါလိုက်ဖို့ လိုသေးလား"

သူ ခေါင်းညိတ်၏။ ဟင်းခါးဇွန်းကို ပန်းကန်လုံးထဲသို့ ပြန်ထည့်ပြီး...

"လိုက်ခဲ့ပါကွာ၊ မင်းပါတော့ ပိုကောင်းတာပေါ့။ ငါ တစ်ယောက်တည်း ဆိုရင် တစ်မျိုးကြီး။ ကောင်မလေးတွေ ကြားထဲမှာ ဒီလိုကြီး ငေါင်းစင်းစင်းနဲ့လို့ ဆားက မြင်မယ်။ ငါလည်း နေရထိုင်ရ ကျုံ့တယ် စိုးတင်ရ"

သူ့ကို ကြည့်ပြီး ပြုံးသည်။

"ဒါဆိုလည်း လိုက်ရတာပေါ့။ ငါပါလာရင် ရှုပ်နေမှာ စိုးလို့ပါ"

"ရှုပ်တယ်လို့ ခုထိ မထင်သေးပါဘူး"

စိုးတင် ခပ်တိုးတိုး ရယ်၏။

"ကောင်းကွာ၊ နောက်ကျရင်တော့ ရှုပ်တယ်လို့ ထင်ချင်ထင်မယ်ပေါ့ ဟုတ်လား"

"သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကို အဲသလို ရက်ရက်စက်စက် ထင်လာတဲ့ အထိ အခြေအနေကောင်းလာမှာကို မင်း မလိုလားဘူးလားကွာ"

သူ့ကို နှာခေါင်း ရှုံ့ပြသည်။

"လိုလားပါတယ်၊ လိုလားပါတယ်"

ကိုယ့်စကားကို သဘောကျကာ သူ ရယ်သည်။

"ဒါ ပန်းချီကားလေးတစ်ကား လက်ဆောင်ရမယ်ဆိုတာနဲ့ မူပြောင်းလာတာ"

"ပန်းချီကားရတာထက် ပုံဇာတ် ကာယကံရှင်က ဒီကားကို ငါတောင်းမလို့ အစောကြီးကတည်းက စိတ်ကူးခဲ့တာ။

"ဒါပေမဲ့ ကိုကြီးသော်က တရရနဲ့ တောင်းနေမှတော့ သူ့ကိုပဲ ပေးလိုက်ပါဟာဆိုတဲ့ မခင်မွှန့် စကားကြောင့် မူပြောင်းလာတာပါ"

ကောင်းပါလေ့ဗျာဟု စိုးတင် ရယ်ညည်း ညည်း၏။ စိုးတင်က မြင်းခွာရွက်သုပ် ပန်းကန်ကို လက်စသတ်သည်။ ထပ်ယူပါဦးဟု သူ ပြော၏။ သားနဲ့ မယားနဲ့လူကွ၊ အိမ်ကျရင် စားရဦးမှာဟု စိုးတင် ပြောသည်။ ငါတော့ နောက်တစ်ပန်းကန် ယူဦးမယ်ဟု သူပြောပြီး မှာသည်။

"မင်း တော်တော် စားတာပဲ၊ ခုတလော နည်းနည်းတောင် ဝလာတယ်"

"ပန်းချီကား ရတော့မယ်ဆိုတာနဲ့ စားကောင်း အိပ်ကောင်း"

"ဟင်း...ခင်မွှန်ကို ကွယ်ရာကနေ တော်တော် စွဲလမ်းလို့ မစားနိုင်မရှိ၊ မအိပ်နိုင်မရှိ
mgyoe.com

ဖြစ်နေတယ်ပေါ့"

"မဟုတ်ဘူးကွ၊ စားမှ ကျန်းမာမယ်။ ကျန်းမာမှ နေ့တိုင်းခုလို သွားနိုင်လာနိုင်မယ်။ အဲဒီတော့မှ မခင်မွန် ရုံးကိုလာလာ၊ ငါက အလည်သွားသွား တွေ့ခွင့်ရှိမယ်။ နေမကောင်းရင် တွေ့ဖို့လွဲသွားမယ်"

"ဆင်ခြေချည်းပါလား တင့်သော်၊ အိပ်တာကျတော့ကော"

"အိပ်မှ အိပ်မက်ထဲမှာ တွေ့ရဆုံရ စကားပြောရတဲ့ အခွင့်အရေးရနိုင်တယ်လေ။ မအိပ်ဘဲနဲ့ ဘယ့်နှယ် အိပ်မက်မက်လို့ ရနိုင်ပါ့မလဲ"

"အံမယ်... တယ်ဟုတ်ပါလား၊ မင်းတွက်ကိန်းနဲ့ မင်းတော့ ဟုတ်လို့။ အမှန်က မင်း ဒီစကားမျိုးကို ကျောင်းသားဘဝက ပြောတတ်ခဲ့ဖို့ ကောင်းတယ်"

"အဲဒီတုန်းက ငါ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့တာပဲ"

"မင်း ဥစ္စာကလည်း ခုကျမှ လူပျိုပေါက်စ ပြန်ဖြစ်နေပြီ"

"ပြန်ဖြစ်တာ မဟုတ်ဘူး စိုးတင်၊ ငါတို့အမျိုးက တစ်မျိုးကွ။ နှစ်ကြာလေလေ ပြန်ပြန်ငယ်လေ၊ ရှေ့နှစ်ခါဆို ခုထက်ငါ တစ်နှစ်ပိုငယ်ဦးမှာ"

သူ့စကားကြောင့် စိုးတင် ရယ်သည်။ အိပ်မက်ဆိုတာ မအိပ်ရသေးဘဲနဲ့လည်း မက်လို့ရတဲ့အရာလို့ မင်းကိုကြည့်ပြီး ငါယုံသွားပြီဟု သူ့ကို ပြောသည်။

* * *

ကျွန်မတို့ပြောပေးလို့ ရတာနော်ဟု လှလှက ဝင်နောက်၏။ သူ ပြုံးသည်။ ပိုက်ထားသော ပန်းချီကားကို တစ်ချက်ကြည့်ကာ ကျေးဇူးပါပဲဗျာဟု လှလှကို ပြောသည်။ စိုးတင်က ပလတ်စတစ်အိတ်ကြီးနှင့် ဓာတ်မြေဩဇာအိတ်ကြီးကို လွယ်အိတ်ထဲမှ ထုတ်၏။ ဒါနဲ့ ထည့်ထားရအောင်ဟု စိုးတင် ပြောသည်။ ချိုတီက ထည့်စရာ ပြုစရာပါ တစ်ခါတည်း ယူလာတာကိုးဟု ပြောသည်။ စိုးတင်က သူ ရှာခိုင်းလို့ ကျွန်တော့်မှာ သိမ်ကြီးဈေး စီရုံအောက်က တကူးတကကို သွားရှာပြီး ဝယ်ရတာဟု ပြောသည်။ စိုးတင်က ပလတ်စတစ်အိတ်ထဲသို့ ဦးစွာထည့်သည်။ ထိုနောက် ဓာတ်မြေဩဇာအိတ်ထဲသို့ ထည့်သည်။

"ငါ ယူထားပါ့မယ်ကွာ၊ လွတ်လည်း မကျစေရပါဘူး။ ဆေးကိုလည်း သွားမဖိမိစေရဘူး"

စိုးတင် စကားကို သဘောကျကာ ရယ်ကြသည်။ မင်း တမြတ်တနိုး ဂရုတစိုက် ရှိနေတာ ငါသိပါတယ်ဟု အဓိပ္ပာယ် ထွက်စေသည့်စကား။

mgyoe.com

mgyoe.com

"ဘာစားကြမလဲ၊ ပြောပါ"

ချိုတီ ခေါင်းခါ၏။ လုလုက ကျောင်းထဲမှာက စားနေကျတွေ၊ တစ်နေ့နေ့မှ ကျွေးဖို့ ပိုက်ဆံစုထားပေါ့ဟု ပြော၏။

"ဟာ…ရပါတယ်၊ လုလုတို့သာ ပြောပါ။ အသင့်ပါပဲဗျာ"

"ကိုကြီးသော့် နေ့စဉ် မုန့်ဖိုးကို သုံးလလောက် စုထားမှဖြစ်မှာ"

သူ ရယ်၏။ စိုးတင်က…

"ကိစ္စ မရှိပါဘူး၊ အမေ့ဆီက သူ ခိုးထားတဲ့ ငါးကျပ်တန်တစ်ရွက် သူ့ ဆီမှာ ကျွန်တော် တွေ့တယ်"

ခင်မွန်က နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့်ကွယ်ပြီး ရယ်သည်။

"ပဏာမအနေနဲ့ ခုလည်း တစ်ခုခု စားကြပါလား၊ ဒီမှာ စကားပြောရ တာလည်း မကောင်းပါဘူး။ စာကြည့်တိုက် ရှေ့ကြီးမှာ"

စိုးတင် ပြောသည်။ ချိုတီက တစ်နာရီမှာ အတန်းရှိသေးတယ် ဦးစိုးတင်ရဲ့၊ နောက်မှ ဖြည်းဖြည်းပေါ့ဟု ပြောသည်။ ချိုတီကို…

"ကျေးဇူးပါပဲဗျာ၊ ပြောမပြတတ်အောင်ပါပဲ"

"ပြောမပြတတ်ရင်လည်း မပြောတာပဲ ကောင်းပါတယ်"

ခင်မွန် နောက်သည်။ ဟုတ်တယ်၊ အမှန်ပဲဟု စိုးတင်က ဝင်နောက်သည်။

"ဒီကားကို ကျွန်တော် ရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ တကယ် မမျှော်လင့် တာပါ"

သူ့စကားကြောင့် ချိုတီ ပြုံးကာ…

"အနုပညာလက်ဆောင်က မဆိုစလောက်ပါ။ ချီးမွမ်းစကား၊ ကျေးဇူးစကား တွေက ပိုပြီးတောင် များနေပါပြီ ကိုကြီးသော်ရယ်"

ပြန်ခါနီးတွင် မခင်မွန်ကိုလည်း ကျေးဇူးတင်ပါတယ်ဗျာဟု ပြောဖြစ်အောင် မနည်း ကြိုးစားရသည်။ အဲဒီစကားကို မပြောရဲဘူး၊ ဘာဘူး မလုပ်နဲ့။ ပြောဖြစ်အောင်ပြော၊ မပြောရင် နောက်ဆို ငါမင်းနဲ့ မလိုက်တော့ဘူးဟု စိုးတင်ပြောထား၍သာ ပြောခဲ့ရ၏။

* * *

နှင်းရနံ့ လွင့်စပြုပေပြီ။

မျက်လွှာချထားသော ခင်မွန့်ပုံကို လှမ်းကြည့်သည်။ ထိုနောက် အိပ်ခန်းထဲမှ ထွက်လိုက်သည်။ ရုံးပိတ်ရက်များတွင် သွေ့ခြောက်သော အာနိသင် ရှိသည်ဟု ထင်၏။ ထိုနေ့များမှာ ခင်မွန်နှင့် ဧကန် မဆုံနိုင်သောရက်များဟု အလိုလို နားလည်နေသည်။

mgyoe.com

mgyoe.com
ရုံးဖွင့်ရက်တိုင်းကို ခင်မွန် အလည်အပတ် ရောက်လာမည့်နေ့ဟု မမျှော် ကိုးနိုင်သော်လည်း မနက်ဖြန်ဟူသော မြေသိမ့်စရာ ရှိသေးသည်။ အကြောင်းမရှိ အကြောင်းရှာပြီး ခင်မွန့်ဆီသို့ အလည်သွားချင်သည်။

သိကျွမ်းမြင်ဖူးသောသူ မဟုတ်သော မိမိကို ခင်မွန့် မိသားစုက မည်သို့ သဘောထားမည်မသိ။ အမေးအမြန်းထူသော လူကြီးတွေသာ ဖြစ်နေလျှင် စိတ်ကျဉ်းကျပ်ရမည်။ ရုံးမှာ သိခဲ့သူတစ်ယောက်အနေနှင့် ရုံးပြင်ပတိုင်အောင် ဆက်ဆံစရာ ရှိ မရှိ၊ ရှိခဲ့လျှင် မည်မျှမည်သို့ ခင်မင်နေ၍လဲ။ ထို့ပြင် လူပျိုဟု သိနေပါက အခြေအနေကို သိအောင် မေးပါက ဖြေလိုက်ပါက ငါတို့သမီး၊ ငါ့တို့ညီမကို လူပျိုလာလှည့်တာလားဟု တွေးကောင်း တွေးကြမည်လား။

ဘာဖြစ်လဲကွ၊ သွားလည်ရုံနဲ့ နှင်မချပါဘူးဟု စိုးတင် အားပေးခဲ့သည်။

ရွယ်တူဆိုရင်တော့ မြင်ရုံနှင့် အဝေးကပင် မြင်နိုင်ပါသည်ဆိုတာမျိုး တွက်ကောင်းတွက်မှာပေါ့။ မင်းကိုတော့ ချက်ချင်းကြီး အဲသလို တွက်မှာ မဟုတ်ပါဘူး။ ပြီးတော့ မင်းက လူကြီးလူကောင်းပဲ၊ နေပုံထိုင်ပုံ ပြောပုံဆက်ဆံပုံနဲ့ မင်းရာထူး ဌာနန္တရနဲ့ပဲ မချေမင် ဆက်ဆံကြမှာ မဟုတ်ပါဘူးဟု စိုးတင် ရှင်းပြခဲ့သည်။

မင်းကောင်မလေးက လိပ်စာတွေ၊ ဘာတွေ ပေးထားတာ သူ့အိမ်က ဆက်ဆံရေး မပြေလည်တတ်ရင်လည်း ဘယ်ပေးထားပါ့မလဲ။ အလည်လာဖို့လည်း ဖိတ်ခေါ်ထားဖူးသားပဲဟု စိုးတင် တွက်ချက်ပြ၏။

အလည်သွားရေးမှာ စိတ်ထဲတွင်သာ ရှိခဲ့သည်။

ကျန်ခဲ့သည့် တနင်္ဂနွေနေ့က ခင်မွန်တို့အိမ်သို့ အလည်သွားမည်ဟု စိတ်ပိုင်းဖြတ်ကာ အိမ်မှထွက်လာခဲ့သည်။ သတ္တိကင်းမဲ့သော ခြေဦးသည် အောင်ကြိုင့်အိမ်သို့ လှည့်သွားခဲ့သည်။ အောင်ကြိုင်တို့အိမ်တွင် ခဏနေသည်။ သွားမယ်လေဟု အားတင်းသည်။ သခင်ကို မရှိသေသော ဖိနပ်တို့သည် ခင်မွန့် အိမ်သို့ရောက်အောင် ထမ်းဆောင်ခေါ်ငင်သွားခြင်း မရှိခဲ့။ စိုးတင်တို့ အိမ်တွင်သာ မိုးချုပ်ခဲ့ရသည်။

ကိုယ့်ကိုယ်ကိုယ် အားမရ။ သတ္တိမရှိလေစွဟု ဒေါသဖြစ်သည်။ ချစ်လွန်းလို့ သတ္တိမရှိတာ၊ သတ္တိမမွေးတာပဲလေဟု စိတ်ထဲမှာ ပြောမိသည်။

❑

mgyoe.com

mgyoe.com

# [ ၁၁ ]

အိမ်တက်မင်္ဂလာ ဆွမ်းကျွေးဖိတ်စာ။ ဦးကြည်စော၊ ဒေါ်ခင်သီဟု ဖိတ်သူ၏ အမည်။ ဖိတ်စာနောက်တွင် ကိုကြီးသော်၊ ခင်မွန်တို့အိမ်က ဖိတ်တာပါ။ ခင်မွန်ဟု လက်မှတ်နှင့်တကွ တွေ့ရသည်။

"ဌာနက လူကုန်တော့ မဖိတ်နိုင်လို့ ဆယ်ယောက်ပဲ ဖိတ်တယ်တဲ့။ တိုးတိုးတိတ်တိတ်လို့ ကျွန်မကို မှာသွားတယ်"

ညွှန့်ညွှန့်က တိုးတိုးပြောသည်။ ထိုစကားကြားမှ ဖိတ်စာကို လွယ်အိတ်ထဲသို့ ဖျတ်ခနဲ ထည့်လိုက်သည်။ ထိုနောက်...

"စိုးတင်တို့ မမြအုန်းတို့ကို ဖိတ်လား"

"ဖိတ်ပါတယ်၊ အောင်ကြိုင်တို့၊ မင်းဇော်တို့ကိုလည်း ဖိတ်ပါတယ်"

"အဲဒီနေ့ မိညွှန့် သွားမယ်မဟုတ်လား"

ခေါင်းညိတ်သည်။ အီလက်ထရွန်းနစ် ဂဏန်းတွက်စက်ကို ပိတ်ရင်း...

"မမြနဲ့လည်း တိုင်ပင်ထားတယ်၊ အချိန်က ညနေလေးနာရီခွဲဆိုတော့ အပြန် မိုးမချုပ်အောင် စောစောတော့ သွားမှ"

"ခြောက်နာရီ၊ ခြောက်နာရီခွဲဆိုရင် မမှောင်တော့ပါဘူး။ ငါတော့ ဖိုးဇော်တို့၊ အောင်ကြိုင်တို့နဲ့ အတူတူလာမယ်လေ"

* * *

mgyoe.com

mgyoe.com

စိတ်ကူးယဉ်တို့သည် ရွှေရည်ငွေရည် လိမ်းကျံလျက် ရှိလေသည်။

ခင်မွန့် အပြုံးသည် နဝရတ်ကိုးပါး စုံညီသည်ထက် မင်္ဂလာရှိသည်ဟု အောက်မေ့၏။ မနေ့က၊ တစ်နေ့က၊ တမြန်နေ့က စိတ်စောခဲ့သမျှတို့သည် ပြေပျောက် သွားကြသည်။ ခြံဝသို့ လာ၍ကြိုသော ခင်မွန်နှင့် ချိုတီကို စားစရာတွေ ကုန်မှာစိုးလို့ ခြေကုန်သုတ်လာကြတာဟု စိုးတင်ပြောသည်။

ချိုတီက...

"လမ်းထိပ်က ခြေသံတွေ အတိုင်းသား ကြားရတယ်လေ၊ ကိုင်းတောထဲ ဆင်အုပ်ပြေးလာသလား အောက်မေ့ရတယ်။ ဝုန်း... ဝုန်း... ဝုန်း... ဝုန်းနဲ့"

အောင်ကြိုင်က ဟင်းရည်အိုးထဲမှာ မိုးမရွာသေးပါဘူးနော်ဟု ခင်မွန်ကို နောက်၏။ လေးလက်မလောက်ပဲ ရွာရပါသေးတယ်ဟု ခင်မွန် ရယ်ပြီးပြော၏။ မင်းဇော်က...

"ရေချည်းသက်သက်ဆိုလည်း ကျွန်တော်တို့ တစ်ဝသောက်ကြဖို့ သန္နိဋ္ဌာန်ချပြီး ချီတက်လာကြတာဗျ"

ထိုအချိန်တွင် ပြန်ကြသော ဧည့်သည်မိသားစု နှစ်စု၊ သုံးစုကို ခင်မွန် နှုတ်ဆက်စကား ပြော၏။ ခင်မွန့်ကို ရပ်၍ စောင့်ရင်း ခြံဝန်းကျင်ကို သူကြည့်၏။ ပေတစ်ရာပတ်လည်သာသာရှိမည့်ခြံ၊ ခြံထဲတွင် အပင်ကြီး သိပ်မရှိသေး။ မြက်တွေ ပျိုးထားခါစသာရှိသေး၏။ အိမ်က ဆောက်ပြီးခါစ။ ရေနံချေးနံ့၊ သဘော်သဆေးနံ့တွေ သေဝပ်ခါစပင်ရှိသေး၏။ လေးပင်သုံးခန်း။ ကွန်ကရစ်အခင်း၊ ပျဉ်ကာ၊ ကျောက်ပြားမိုး။ ခေါင်းရင်းတစ်ခန်းမှ အဆောင်တစ်ဆောင် ထုတ်ထား၏။ နို့နှစ်ရောင် မှန်တရုတ်ကပ် ပြတင်းနှစ်ပေါက်ဘက်တွင် ဧည့်သည်အရိပ်အယောင်တွေ တွေ့ရ၏။

"လာလေ...ကိုကြီးသော်"

ချိုတီ ခေါ်သည်။ လုလုကော ရောက်နေပြီလားဟု မင်းဇော်မေး၏။ မနက်ကတည်းက ရောက်နေတယ်ဟု မင်းဇော်ကို ဖြေသည်။ မမြအုန်းတို့ကောဟု မင်းဇော်မေးသောအခါ ချိုတီ ခေါင်းခါပြီး သူတို့အုပ်စုထဲက ဘယ်သူမှမလာကြသေးဘူး။ စုပြီးလာကြမယ် ပြောတာပဲဟု ချိုတီ ပြောသည်။ ဧည့်သည်တွေကို နှုတ်ဆက်ပြီး သူတို့နောက်သို့ လိုက်လာသော ခင်မွန်က...

"ဦးစိုးတင်က မိန်းမနဲ့ ကလေးတွေ ဘာလို့ခေါ်မလာတာလဲ"

စိုးတင်မဖြေမီ အောင်ကြိုင်က...

"လူပျိုယောင်ဆောင်ပြီး လာတာလေ"

စိုးတင်က ခွေးကောင်ကလေးဟု ဆဲ၏။ ထို့နောက် ကလေးအငယ်ကောင်

mgyoe.com

mgyoe.com
ဝက်သက်ပေါက်နေလို့ မလာဖြစ်ကြတာပါဟု ဖြေ၏။ လှေကားထစ်ပေါ်သို့ ရောက်သောအခါ သီချင်းသံသဲ့သဲ့ ကြား၏။ အိမ်ရှေ့ဝရန်တာ သံပန်းကွက် ပန်းခက်တွေကို တွယ်တက်နေသော သုံးလေးနှစ်အရွယ် ကလေးကို ခင်မွန် ပြေးချီ၏။ လိမ့်ကျမယ် အိမ်ထဲမှာ သွားနေနော်ဟု ပြောပြီး အိမ်ပေါ်ဆင့်သို့ တင်ပေး၏။ သူက ကိုကို့ သားလေဟု သူတို့ကို လှည့်၍ပြောသည်။ မင်းဇော်က အောင်ကြိုင့်လိုပဲ ဟိုပေါ်တက်၊ ဒီပေါ်တွယ်နဲ့၊ တော်တော် ဆော့တာပဲဟု ရယ်စရာဆို၏။ ခင်မွန်က အောင်ကြိုင်ကို လှမ်းကြည့်ပြီး ရယ်၏။

သီချင်းသံသည် ပို၍ နီးလာ၏။

* * *

နွေဦး၏ နေ့ဝင်ပြီးစ။

ရင်ထဲမှာ အေးနေသည်။ ခြေလှမ်းတိုင်းသည် ပေါ့ပါးနေ၏။ နှစ်ပေါင်း များစွာ သွားနေကျ သဲမြေလမ်းသည် ပို၍ သာယာနေသည်ဟု ထင်ရ၏။ စည်းရိုး တစ်လျှောက်က သစ်ပင်တွေ၊ ဝါးပင်တွေထံမှ ညင်သာသော သစ်ခတ်သံတွေကြားတွင် ခင်မွန့်ရယ်သံ၊ စကားပြောသံတွေ ပုံ့တင်ပါလာသည်ဟု အောက်မေ့၏။

ခင်မွန်တို့ မိသားစုနှင့် သိကျွမ်းခွင့်ရခြင်းသည် ကြီးစွာသော တန်ဖိုးတစ်ရပ်။ စိတ်ဝမ်းကောင်းကြပုံရှိသည်ဟု လေ့လာ၍ ရခဲ့သည်။ နောင်နောင်သောကာလတွင် ခင်မင်ရင်းနှီးသော ဆက်ဆံရေး ထူထောင်နိုင်မည်ဟု တွက်သည်။ ခက်ခဲစွာ ကြိုးပမ်းရန် သိပ်မရှိဟု မျက်နှာရိပ် မျက်နှာကဲတွေအရ နားလည်ခဲ့သည်။ မောက်မာခြင်း မရှိသော စိတ်ဓာတ်အရာတွင် ခင်မွန်၏ မိဘ၊ ခင်မွန်၏ အစ်ကို၊ အစ်မတို့ တူညီကြသည်ဟု မှန်းဆမိခဲ့သည်။

ခင်မွန့် ဖခင် ဦးကြည်စောသည် အေးလွန်းသောသူ ဖြစ်ဖွယ်ရှိ၏။ စကား နည်းသည်။ ပြုံးပြုံး ပြုံးပြုံးနှင့် နေတတ်သည်။ ကျန်းမာရေး များစွာကောင်းပုံမပေါ်။ အရပ်ရှည်၍လား မသိ။ ပိန်လွန်းသည်ဟု ဆိုချင်စရာ။ အသား ခပ်ဖြူဖြူ၊ ဖော်ရွေသော်လည်း ဇနီးဖြစ်သူ ဒေါ်ခင်သီကဲ့သို့ စကားကို သိုင်းသိုင်းဝိုင်းဝိုင်း မဆိုတတ်။ ဒေါ်ခင်သီသည် အရပ်ခပ်ပျပ်ပျပ်။ ခင်ပွန်းသည်ထက် အသားဖြူသည်။ ဆံဖြူများစွာ နှောလျက်ရှိသော်လည်း သွားလာလှုပ်ရှားပုံမှာ သွက်သွက်လက်လက်။

သမီးနှစ်ယောက်တွင်ရှိသော နှုတ်ခမ်း၊ မျက်စိုး မျက်လုံးနှင့် နဖူးအကျမှာ ဒေါ်ခင်သီ၏ အမွေ။ ခင်မွန့် အစ်ကိုသည် ဖခင်နှင့် ကိုယ်နေကိုယ်ဟန် မျက်နှာကျ ပို၍
mgyoe.com

mgyoe.com
တူသည်။ သူတို့ မိသားစုသည် အနေပျော်ပျော် နေတတ်သော မိသားစုဟု သိခဲ့ရ၏။ ကိုကို၊ မမ၊ ညီမလေး၊ သားကြီး၊ သမီးကြီး၊ သမီးလေး အခေါ်အဝေါ်တွေ၊ ရယ်မော ပြုံးရွှင်စွာ ပြောကြဆိုကြပုံတွေ၊ ဂရုတစိုက် ဆက်ဆံပုံတွေ ကြားခဲ့ မြင်ခဲ့ရသည်။

"သူ့အစ်ကို ကိုသန်းစောက မင်းထက် သုံးနှစ်ပဲ ကြီးတာ။ အစ်မ ဝင်းဝင်းစောက မင်းထက် ငါးနှစ်တောင် ငယ်သေးတာပဲ တင့်သော်ရ"

စိုးတင် စကားကို ခေါင်းတစ်ချက်သာ ညိတ်ပြခဲ့သည်။ အေးကွယ်... နောင်လည်း ဝင်ပါထွက်ပါ။ တစ်ယောက်အကြောင်းရှိ တစ်ယောက် အကူအညီပေးရတာပေါ့ဟု ဒေါ်ခင်သီ ပြောသည်။ ဧည့်သည်တွေ ပြန်သွားကြချိန်တွင် သူတို့လူစုသာ ကျန်နေခဲ့သည်။ လက်ဖက်ဝိုင်း၊ အချိုဝိုင်းတွင် စကားလက်ဆုံကျခဲ့ကြသည်။

နဖူးစာ ရေးတတ်သော နတ်သူငယ်လေးကို ခုကတည်းက ကျေးဇူးတင်နေသည်။

* * *

အတွေးဖြင့်ပင် ရင်ထဲ၌ နွေးသည်။ ပို့စကတ်ကို အကြိမ်ကြိမ် ကြည့်သည်။ ကိုကြီးသော်တို့ကို သတိရပါတယ်။ သဘာဝရှုခင်းတွေကို သဘောကျတတ်တဲ့ ကိုကြီး သော်ကို ခင်မွန်တို့ အသုံးလုံး လုပ်အားပေးစခန်း ပတ်ဝန်းကျင်က နေရာဒေသကို မြင်စေချင် ပါတယ်။ ခင်မွန်ဟု ရေးထားသည်။ ခင်မွန့်လက်ရေးကိုမြင်တိုင်း ပျော်သည်။ သူ သတိရရှာ ပေသားပဲဟု ကြည်နူးစွာ တသသည်။ သူ့ဆီကို စာရေးရကောင်းမလားဟု စဉ်းစားသည်။

မသင့်ပါဘူးလေဟု စိတ်တို့လိုက်ရ၏။ ပို့စကတ် ပို့ရကောင်းမလား တွေး၏။ ပြန်လာမည့်ရက်နှင့် ပို့စကတ်ရောက်မည့်ရက်က ကပ်နေသည်။ စာတိုက်ကဆရာတွေ အလုပ်သိပ်များနေပါက တစ်ပတ်အတွင်း စာရောက်နိုင်ဖွယ် မရှိ။ ပြန်ရောက်တော့မှပဲ ခင်မွန်တို့သုံးယောက်ကို တစ်နေရာရာမှာ ကျွေးမွေးမည်ဟု စိတ်ပိုင်းဖြတ်လိုက်ရသည်။ ပန်းချီကားအတွက် ပြန်လည်တို့ပြန်ရမည့်တာဝန် ရှိသေးသည်။

"ဘယ့်နှယ်လဲ ငါ့လူ၊ ကျောင်းထဲက လက်ဖက်ရည်ဆိုင်ထိုင်ဖို့ အဖော်မစပ်တာ ကြာပြီပဲကွ"

စိုးတင်က ပြုံးကာ ခနဲ့၏။

"ညနေ ရုံးဆင်းရင် သွားမယ်လေ၊ မင်းကို အားနာလို့ပါ"

"ငါ့ အားနာတာ မဟုတ်ပါဘူး၊ ခင်မွန်မရှိတဲ့အရပ်မို့လို့ မသွားတာများကွာ။ အချင်းချင်း လွမ်းလောက်အောင် အပိုတွေပြောနေပြန်ပါပြီ"

သူ တဟားဟား ရယ်၏။ စိုးတင်က သူ့ကိုကြည့်ကာ...

mgyoe.com

mgyoe.com
"ရှေ့နယ်ရေမွှေးနံ့က တယ်...သင်းပါလား"

သူ့မျက်နှာ နီမြန်းမြန်း ဖြစ်သွား၏။ လတ်သောအသားအရေကြောင့် ပါးနှစ်ဖက်မှ အရှက်ရောင်သည် ချက်ချင်း မပြယ်။

"အခြေအနေတွေက တော်တော့်ကိုကောင်းနေပြီပဲ သူငယ်ချင်း၊ ဖွင့်ပြောဖို့ပဲ ကျန်တော့တယ်။ မင်း ပြောရင် သေချာပါတယ်"

"ဘာလဲ၊ ပါးရိုက်ခံရဖို့ သေချာတာလား"

အေး...ငါပြောမှာ မင်း သိနှင့်နေသားပဲဟု စိုးတင်က ရယ်သံဖြင့် ဆို၏။

"မင်း ပေးထားတဲ့ ဖွင့်ပြောချိန်က ရှေ့နှစ်ခါ တန်ဆောင်မုန်း၊ နတ်တော် ဆိုတော့ ဝေးလှသကွာ"

ညည်းညည်းညူညူ ပြောလိုက်၍ စိုးတင် ခေါင်းကုတ်သည်။

"နှစ်ပေါင်း သုံးဆယ်ကျော် မေ့မေ့လျော့လျော့နေတုန်းက နေခဲ့ပြီးမှ အခုတော့ ဘယ့်နှယ်...ဘယ့်နှယ် ရောမမြို့ကြီးကို မိနစ်ပိုင်းထဲနဲ့ အပြီးဆောက်ချင်နေရသတုံး ငါ့လူရ"

"တကယ် ချစ်မိလို့နဲ့ တူပါတယ်"

"ဘုရား...ဘုရား၊ ခုထိ တူပါတယ်ပဲ ရှိသေးလား"

"ဒါတောင် ကိုယ့်ကိုယ်ကိုယ် သေသေချာချာမမေးရသေးလို့ စိုးတင်ရ"

"မင်း ရယ်စရာတွေချည်း လျှောက်မပြောနေနဲ့၊ ခင်မွန် မင်းဆီကို စာထည့်တာ ဘာတွေရေးလဲ"

"စာ မဟုတ်ပါဘူး၊ ပို့စကတ်ပါ"

"အခြေအနေက အရင်နဲ့စာရင် တော်တော့်ကို ဟုတ်လာပြီပဲ။ သူ လုပ်အားပေးက ပြန်လာရင် နေကောင်းလား၊ ထိုင်ကောင်းလား သတင်းမေးသွားဖို့ မင်း စိတ်မကူးဘူးလား"

သူ ခေါင်းခါကာ ဟင့်အင်းဟု ပြောပြီး...

"သိပ် စိတ်ကူးတာပေါ့ စိုးတင်ရာ"

ပြောပြီး သူ ရယ်နေစဉ် အင်း... လူပျိုကြီး... လူပျိုကြီး၊ တယ်... သတိဝီရိယ ကောင်းရှာပေသားပဲဟု နောက်၏။

* * *

ရုပ်ရှင်အပြီးတွင် ချစ်တီးထမင်းဆိုင်သို့သွားကာ စားကြသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်တွင် ခဏထိုင်ကြသည်။ ခင်မွန်ပြောပြသော ဒေသဓလေ့တွေ၊ လှလှ ပြောပြသော ခရီးလမ်းပန်းတွေ၊ ချိုတီ ပြောပြသော အစားအသောက်အကြောင်း တွေ
mgyoe.com

mgyoe.com
နားထောင်၍ ကောင်းသည်။ ငါးနာရီသာသာလောက်တွင် ခင်မွန်က ရုပ်ရှင် ကြည့်လို့လည်း ကောင်း၊ စားလို့ကောင်း၊ သောက်လို့ကောင်း ဒါပေမဲ့ ပြန်ကြရအောင်ဟု ပြောသည်။ ခဏ...ခဏ...အဲသလို ကျွေးနိုင်ပါစေဟု ချိုတီ နောက်၏။ ကျောင်းကိုလာလည်ရင် ကျွန်မတို့ ကျွေးပါ့မယ်ဟု လှလှပြောသည်။

အပြန်လမ်းသည် ချမ်းမြေ့စရာ အဝဝကို ခင်းထားသည်ဟု ခံစားရ၏။

အမှတ်တရနေ့ဟု အိမ်ရောက်ရောက်ချင်း နေ့စဉ်မှတ်တမ်းတွင် ရေးမည်ဟု စိတ်ကူးသည်။

❑

mgyoe.com

mgyoe.com

# [ ၁၂ ]

မိုးဖက်ဆွတ်သည် မြေငွေ့ ငြိမ်းလောက်အောင်ပင် ရွာခဲ့သည်။ သန့်စင်သော မြေပြင်ကို ဖန်တီးပေးလိုက်သကဲ့သို့ ရှိလေ၏။ မြေ၏အဆင်းသည် မသွေ့ခြောက်တော့။ ပင်နှယ်ပင်မြင့် အားလုံးသည် နုပျိုသောအသွင်ဖြင့် ယိမ်းကာလှုပ်ကာ နေကြ၏။ ဝေးလံသော နေရာတွေသို့ ငေးမျှော်ကြည့်သော်လည်း အမြင်မမှုန်၊ ဖုန်ငွေ့လွှမ်းခြင်း ကင်းနေသည်။ ကောင်းကင်၏အရောင်သည် ကြည်လင်သောအပြာ။ အခါမဟုတ်မိ အကြိုထောက် ရောက်လာတတ်သော မိုးတိမ်ပါးပါးကို မြင်ရသည်။

"အမေ့သားကို ဝါကျွတ်ရင် အိမ်ထောင်ချပေးဖို့ ကျွန်တော်တို့ ကြံစည်ထားတယ်"

အပြင်သို့ ကြည့်နေသော မျက်လုံးကို စိုးတင်ဘက်သို့ လှည့်လိုက်၏။ အမေက စိုးတင်ကို ပြုံးကာ...

"မင်း သူငယ်ချင်းကို ကောင်းမယ်ထင်သလိုပေါ့ကွယ်"

ကိုင်း... ဘယ့်နှယ်လဲ တင့်သော်ဟု လှမ်းနောက်၏။

"ကျွန်တော် ဆွေပြမျိုးပြ တစ်နေ့လောက်မှ ခေါ်လာဦးမယ်"

သည်အိမ်သို့ ခင်မွန်တို့ သူငယ်ချင်းတစ်စု လာလည်မည်။ ဦးစိုးတင်ဆီ အရင်ဝင်ပြီးမှ ဦးစိုးတင် လိုက်ပို့ပေါ့ဟု တလောတုန်းက ခင်မွန်ပြောခဲ့ဖူးသည်။ ထိုအကြောင်း အမေသိသောကြောင့် စိုးတင်က တည့်တည့်နောက်နေသည်။

"ကျွန်တော်တို့ဘက်က သတို့သမီးက ငယ်ပေမယ့် လိမ္မာတယ်"

အနှောင့်အသွား မလွတ်စွာပြောသော စကားကို အမေက အရွှန်းဖက်ကာ...

"ဒါဖြင့် အမေတို့ဘက်က သတို့သားက ကြီးပြီးမလိမ္မာဘူးလို့ ဆိုတာပေါ့"

mgyoe.com

mgyoe.com

အဖေက ခေါင်းရင်းခန်းတွင် သတင်းစာဖတ်နေရာမှ လှမ်းကြည့်ပြီး ရယ်၏။ ပက်လက်ကုလားထိုင်တွင် နောက်မှီထားရာမှ ခါးမတ်သည်။ သတင်းစာကိုင်ထားသော လက်ကို ရင်ဘတ်ပေါ်တွင် တင်ထား၏။

"အဲဒီ ကလေးမလေးက အသက် ဘယ်လောက်ရှိပြီလဲ မောင်စိုးတင်"

"ဆယ့်ကိုး၊ နှစ်ဆယ်လောက်ပါပဲ"

"ကျောင်းသူလား"

"ရန်ကုန် တက္ကသိုလ်မှာ နောက်ဆုံးနှစ် တက်နေတယ် အမေ"

စိုးတင် စကားအဆုံးတွင် အမေက ဩော်...ဩော်...ဟု အသံပြုပြီး ခေါင်းညိတ်နေ၏။

"စိုးတင် ပေါက်တတ်ကရ ပြောတာတွေ အမေက တကယ်ထင်မနေနဲ့ဦး"

အမေ လှမ်းအကြည့်တွင်...

"ဒီကောင်တွေ ကျွန်တော့်ကို နောက်နေတာ၊ ကောင်မလေးနဲ့ ကျွန်တော်က မောင်နှမလို ရိုးရိုးသားသားခင်တာ"

စိုးတင်က အလျားရှည်သော ကျောကိုဆန့်ကာ အပြင်သို့ တစ်ချက်ကြည့်ပြီး...

"ဟုတ်ပါတယ်၊ အိပ်ခန်းထဲမှာ ခုတင်ခေါင်းရင်းမှာ နိုင်လွန်ကြိုးတန်း၊ အဲဒီမှာ အိမ်တက်မင်္ဂလာဆွမ်းကျွေး ဖိတ်စာတွေ ကောင်မလေး ပို့လိုက်တဲ့ ပို့စကတ် တွေချိတ်။ ခေါင်းရင်းမှာ ကောင်မလေးပုံတူ ပန်းချီကားချိတ်။ ဒါတွေအားလုံးက ရိုးရိုးသားသား ခင်မင်တဲ့ လက္ခဏာတွေပဲ။ ဟုတ်တယ်မဟုတ်လား အမေ"

အမေနှင့်အဖေ ရယ်ကြသည်။ အဖေက မင်းတို့ သူငယ်ချင်းနှစ်ယောက်က တကယ့်ကောင်တွေကွာ၊ မျက်နှာချင်းဆိုင်တာနဲ့ ခွပ်နေကြတာပဲဟု ရယ်ရင်း ပြော၏။ သူ ရယ်သာ ရယ်နေရ၏။ မျက်နှာထား ခက်နေ၏။ ငြင်းစကား၊ ကွယ်စရာစကား ချက်ချင်း မစဉ်းစားနိုင်အောင် ဖြစ်သွား၏။

* * *

"ဟေး...ဖိုးသော်၊ ညှော်သည်တွေ ဖိတ်ထားပြီး အိမ်ခန်းထဲ ဝင်ပုန်းနေသလား"

တစ်ဝက်သာသာ ကုန်သေးသော ပန်းကန်ကို စားပွဲပေါ်တွင် စွန့်ထားခဲ့ရပေတော့မည်။ သူ ထိုင်ရာမှ ထလိုက်သည်။ စိုးတင်အသံက ရင်ကိုခုန်သွားစေခဲ့ပြီ။ အမေက...

"စားလက်စနဲ့ တစ်ပန်းကန် ကုန်အောင်စားလိုက်ပါလား သားရယ်"

"နေပေ့စေ...အမေ၊ နောက်မှ ဆက်စားမယ်"

mgyoe.com

mgyoe.com

နောက်ဘက်အဆောင်သို့ သွားမည်အပြုတွင် စိုးတင်က ခန်းဆီးမပြီး ဝင်လာ၏။ အမေတို့က ထမင်းစားခေါ်၏။ စားပြီးပြီ အမေဟု ပြောသည်။ ထမင်းစားလက်စဟု စိုးတင် ရိပ်မိဟန်တူ၏။

"ဟော့ကောင်...ပြီးအောင် စားပါကွ၊ ငါ ဧည့်ခံထားလိုက်ပါ့မယ်"

"ဧည့်သည်တွေ ပြန်မှ ဆက်စားမယ်၊ ရပါတယ်၊ အားနာစရာကြီး"

"မင်းနှယ်ကွာ...ထမင်းကို အရစ်ကျစားတယ်လို့၊ ခုမှ ဘယ်လို...ဘယ်လို ဖြစ်နေတာလဲ"

အမေတို့ ပြုံးသည်။ မကြားယောင်ပြုကာ လက်သွားဆေးသည်။ စိုးတင်က နောက်ဘက်အဆောင်ထဲသို့ ဆင်းလာ၏။ အနားရောက်မှ အသံခပ်အုပ်အုပ်ဖြင့်...

"မင်းက အမေတို့ရှေ့မှာ အရမ်းမနောက်နဲ့ကွာ၊ မကောင်းဘူး"

ရှက်သွားမှန်းသိ၍ စိုးတင် အေးပါဟုပြောပြီး ကျိတ်၍ရယ်သည်။ ထမင်းစားခန်းထဲသို့ ပြန်အဝင်တွင် ခန်းဆီးကိုမကာ ထမင်းသုံးဆောင်ကြပါဦးလားကွယ်ဟု အမေဧည့်ဝတ်စကားပြော၏။ သုံးဆောင်ပါ ကြီးကြီးဟူသော ချိုတီအသံ။ ကျွန်မတို့ စားလာခဲ့ပြီးပါပြီဟူသော လှလှ၏အသံ။ ပြီးပါပြီ အဘွားဟူသော ခင်မွန်အသံ။ ချိုတီကဲ့သို့ ကြီးကြီးဟုပင် ခေါ်စေချင်သည်။ ခုတော့ အဘွားတဲ့၊ မဟုတ်တာဟု တွေး၏။ အင်းလေ ... သူ့အဘွားနဲ့ အမေနဲ့က မတိမ်းမယိမ်းဆိုတော့ အဘွားလို့ ခေါ်မှာပေါ့လေဟု ဖြေရ၏။ အမေက ခဏနော်ဟု ပြောသည်။ စားပါကြီးကြီး၊ ဖြည်းဖြည်း စားပါဟူသော ချိုတီနှင့် ခင်မွန့်အသံကို ကြားရသည်။ အမေက ခန်းဆီးစကို ပြန်ချပြီး ဧည့်ခန်းသို့ ထွက်မည့် သူတို့နှစ်ယောက်ကို...

"ဧည့်သည်တွေအတွက် အမေ တစ်ခုခု စီစဉ်ထားလိုက်မယ်"

စိုးတင်က ချင်းသုပ် မဟုတ်လား အမေဟု မေး၏။ အမေသည် ချင်းသုပ်ကြိုက်။ ကိုယ်တိုင် ချင်းစိတ်ပြီး စိမ်သည်။ အဆာမှအစ ကိုယ်တိုင်ကြော်သည်။ အမေ့လက်ရာ မင်း စားဖူးပါတယ်ဟု အမေပြောသည်။ စိုးတင်က အမေ့ချင်းသုပ်အကြောင်း လမ်းမှာတွင် ကျွန်တော်ကြွားလာလို့ သူတို့သိပြီးကြပြီဟု ပြန်ပြောသည်။ ကုလားထိုင်တွင် အမေ ပြန်လည်ထိုင်ချိန်တွင် ဧည့်ခန်းထဲသို့ သူတို့ဝင်သည်။

"ကိုကြီးသော် ထမင်းစားတောင် မခေါ်ဘူး"

ချိုတီ နောက်၏။

"ဟင်း မကောင်းလို့ပါ၊ ဈေးထဲမှာ တစ်ခုခုလိုက်ကျွေးမလို့ပါ ချိုတီ"

ချိုတီ ပြုံးပြီး စားလာခဲ့ပြီးပါပြီ။ အလကားပြောတာပါဟု ပြော၏။ လှလှက

mgyoe.com

mgyoe.com
ဦးစိုးတင်က စကားဝင်ပြောသလိုလို၊ ဘာလိုလိုနဲ့၊ မေးစေ့နားက ထမင်းလုံး သုတ်လိုက်ပါဦးဟု အရွှန်းပြောသည်။ စိုးတင်က ညစာချန်ထားတာဟုပြောရင်း နှစ်ယောက်ထိုင် ကုလားထိုင်တွင် သူနှင့်အတူထိုင်၏။

"အေးအေးဆေးဆေးပဲ မဟုတ်လား"

အားလုံးကို မေးသော မေးခွန်း။ သို့သော် သူ့အကြည့်သည် ခင်မွန့်ထံသို့ ဦးစွာရောက်၏။

"သိပ်တော့ အေးအေးဆေးဆေးကြီး မဟုတ်ဘူး"

ခင်မွန် ဖြေသည်။ လှလှက...

"ညနေစာ စားပြီးမှ ပြန်မယ်စိတ်ကူးတာပဲ"

"လှလှတို့ ချက်လေ၊ ကျွန်တော်တို့နှစ်ယောက် ဈေးသွားပေးမယ်"

သူ့ကို လှလှက ပြုံးသည်။ ထို့နောက်...

"အလကား ပြောတာပါ။ တကယ် အေးအေးဆေးဆေး လာလည်တဲ့အခါ ကျမှ အဲသလို ချက်ပြုတ်စားကြတာပေါ့"

"ဟုတ်တယ်နော်၊ တစ်နေ့လောက်မှ အဲသလို ချက်ပြုတ်စားရအောင်။ ချိုတီက ရေနွေးအိုးကို ကျက်အောင်တည်တတ်တယ်။ လှလှတို့က ချက်တာပြုတ်တာ သိပ်တော်တာ။ လှလှက မီးမွှေးတတ်တယ်၊ ခင်မွန်က မီးသွေးမီးဖို တည်တတ်တယ်"

ရယ်ကြသည်။ စိုးတင်က...

"ဒါဆို ဟင်းက မြိုင်နေပြီပဲ၊ ရေနွေးပြန်ကြော်နဲ့ ရေနွေးကုန်းဘောင်ကြော် ကြော်၊ ရေနွေး ဆယ့်နှစ်မျိုးဟင်းချို ဖြစ်ပြီ။ တော်တော်မြိန်မယ်"

* * *

နွေး၍ချိုသော ဝေဒနာကို သိမှတ်လျက် ရှိသည်။

အမေတို့နှင့် ရင်းနှီးမှု အတော်အတန်ရသွားသော ခင်မွန်တို့သည် အမေတို့ သဘောသဘာဝကို သိတန်သရွေ့ သိသွားကြမည်ထင်၏။ အမေတို့သည် ခင်မင်ဖွယ် ကောင်းသော သူများဟု ခင်မွန်တို့ ယူဆကြဟန်ရှိ၏။ အမေတို့နှင့် အာလာပသလ္လာပ စကား ပြောဆိုချိန်တွင် အပြောအဆို အနေအထိုင် ကျဉ်းကျပ်သော လက္ခဏာတွေ မရှိကြ။ ခင်မွန်၏ မိသားစုနှင့် တွေ့ဆုံစအချိန်က စိတ်ဓာတ်မကြည်လင်စရာ ထင့်တွေးစရာ မရှိသကဲ့သို့ပင် ခင်မွန်တွင်လည်း မိမိနည်းတူဟု အောက်မေ့သည်။ အဖေက အမေ့လို စကားကြွယ်ကြွယ် မဆိုတတ်။ သို့သော် ဖော်ရွေသော အပြုံးအရယ်များဖြင့် လူငယ်တွေနှင့်
mgyoe.com

mgyoe.com
မဝေးစွာ စကားစမြည်ဆိုခဲ့သည်။ ဣန္ဒြေအတင်း လွန်သော၊ ပြုံးရယ် ခြင်းသည်ပင်လျှင် လူကြီးတွင်မပြုအပ်ဟု ယူဆသော သူမျိုး မဟုတ်ကြ။ ထို့ကြောင့် ကျေနပ်ဖွယ်ကောင်းသော တွေ့ဆုံပွဲဟု စိတ်ချမ်းမြေ့ခဲ့ရသည်။ သမီးက ဘယ်မှာနေလဲ၊ သမီးကကော ကျောင်းမှာပဲ လား၊ ဘာ...အဓိကယူလဲမေးသော အမေ့စကားတွေ။ ဪ... မောင်တင့်သော် တစ်လော ကသွားတဲ့ အိမ်တက်မင်္ဂလာက မခင်မွန်တို့အိမ်ကကိုး ဟူသော သတိတရပြန်လည် ပြောသံ။

"သား အိပ်ခန်းထဲမှာ ချိတ်ထားတဲ့ ပန်းချီကားက ချိုတီဆွဲတဲ့ ပန်းချီကားကိုး"

အမေ၏ ဝမ်းသာအားရစကား။ ချိုတီ ပြုံးသည်။ ခင်မွန်ပြုံးသော်လည်း မျက်နှာ တူရှုမထား။ ပန်းချီကားက ခင်မွန့်ကို ပုံတူဆွဲထားတာလေဟု စိုးတင် စကားထောက်၏။ သူ ရင်ခုန်လာ၏။ ပန်းချီကားကို ဧည့်ခန်းထဲမှာ ချိတ်ထားပါတယ်ဟု ချိုတီတို့ကို ပြောခဲ့ သည်။ ခင်မွန်တို့ ရောက်လာကတည်းက ဧည့်ခန်းထဲတွင် ပန်းချီကား မရှိသည်ကို မြင်ခဲ့ကြ ပြီးသား။

ဣန္ဒြေရောဟု ချိုတီ မေးစဉ်က ဗီရိုထဲမှာ သိမ်းထားတယ်ဟု ဖြေခဲ့သည်။ သိပ်ါဘူး၊ ရောင်းများ စားသလားလို့ဟု လှလှ နောက်သည်။ အမေ့ကို စကားပိတ်ခဲ့ဖို့ ကောင်းသည် ဟု နောင်တဖြင့် ရှက်တွေး တွေးသည်။ အမေ့စကားအဆုံးတွင် အဖေကပါ ဣန္ဒြေကို ချီးကျူးသည်။ တစ်ထေရာတည်း တူတာပဲကိုးဟု အဖေပြောသည်။ ခင်မွန်သည် မျက်နှာ ကြက်ကျောက်ပြားတွေကို ကြည့်သယောင်၊ ဘုရားစင်ကို ကြည့်သယောင်၊ စားပွဲခင်း မှန်အောက်က ဥရောပနှင်းခဲ တောင်တန်းဓာတ်ပုံကို ကြည့်သယောင် နေလေ၏။

"လှလှက လှေလှော်အသင်းမှာ ဗိုလ်"

စိုးတင်က စကားလွှဲသည်။ အမေက ဟုတ်လားဟု တအံ့တဩပြောကာ ရေကူး လည်းတော်မှာပေါ့ဟု မေးပြောပြော၏။

"ကူးတတ်ရုံလေးပါ ကြီးကြီး၊ ပြိုင်ပွဲတော့ မဝင်လောက်ပါဘူး"

လှလှထံသို့ အမေ့စကား ရောက်သွား၏။

* * *

ငါ့ကို ခင်မွန် သိသွားပြီ ထင်တယ်ဟု မရွှံ့မရဲ တွေးသည်။ တစ်ခုတော့ ရှိပါတယ် လေ။ သူ့ကို ငါမြတ်နိုးတယ်ဆိုတဲ့ သဘောတော့ ပေါ်လွင်သွားပါတယ်။ စော်ကားရာတော့ မကျပါဘူး။ အတင့်ရဲသလိုများ ဖြစ်သွားသလားတော့ မသိဘူး။ ရိုးရိုးသားသား ချိတ်တယ် လို့ သဘောပေါက်အောင်တော့ စကားကြုံရင် ပြောမှဖြစ်မယ်ဟု တွေးလိုက်၏။
mgyoe.com

mgyoe.com
ဒီအကြောင်း စိုးတင်ကို ကြိုပြီးပြောထားမှ၊ ငါကပြောပြော၊ စိုးတင်က ပြောပြော ခင်မွန် သိဖို့က လိုရင်းပဲဟု စိတ်ကူးသည်။ စိုးတင်စားပွဲသို့သွားပြီး လက်ဖက်ရည်သောက် ဆင်းရအောင်ဟု ခေါ်သည်။ ခဏကွာဟု စိုးတင်ပြောပြီး အလုပ်ကို လက်စသတ်သည်။ ဌာနတွင်း စားသောက်ဆိုင်ထဲသို့ ရောက်မှ...

"ပန်းချီကားကိစ္စကြောင့် ခင်မွန်ငါ့ကို တစ်မျိုးများထင်မလား စိုးတင်"

စိုးတင်က နှုတ်ခမ်းစေ့ပြီး ခပ်စုစု၊ ခပ်ဖောင်းဖောင်း ပြုံး၏။ နှုတ်ခမ်းမွေး နှစ်ဖက် မို့မို့ကြွကြွ ဖြစ်လာ၏။

"ဘယ်လို ထင်မှာကိုလဲ"

"သူ့ ပုံတူပန်းချီကားကို ခုတင်ခေါင်းရင်းမှာ ချိတ်ထားတယ်ဆိုတာ အမြဲ တစိမ့်စိမ့် ကြည့်ချင်လို့။ အဲဒါကိုက မရိုးသားတဲ့သဘောလို့ ခင်မွန် တွက်များတွက်မလား"

"တွက်ရင် ကောင်းတာပေါ့"

ဟာကွာဟု သူ ပြောသည်။ သူ့ကို စေ့စေ့ကြည့်ကာ...

"မဟာကွာနဲ့လေ၊ မင်းတွက်သလို ခင်မွန်တွက်ရင် ပိုကောင်းတာပေါ့။ မဟုတ်ဘူးလား၊ သိမ်မွေ့တဲ့ ကြေညာချက်တစ်စောင် ဖြစ်သွားတာ မင်းသဘောမကျဘူးလား တင့်သော်၊ သဘောမကျရင်လည်း မင်းသဘောပေါ့"

သူ ခေါင်းခါသည်။

"မဟုတ်ဘူး၊ ဒီလိုလည်း မဟုတ်ဘူး။ အမေက ငါ့အခန်းထဲမှာ ပန်းချီကားချိတ်ထားတာ ပြောလိုက်တော့ ငါလည်း အိုးတိုးအမ်းတမ်းဖြစ်သွားတာ မင်းအမြင်ပဲ"

"ခုပြီးခုပေါ် ဖြစ်သွားတာကိုး၊ မင်းမှ မဟုတ်ဘဲ။ ခင်မွန်ပါ ရှက်ကိုးရှက်ကန်း ဖြစ်သွားတာပဲလေ။ ဒါ ကောင်းတဲ့ လက္ခဏာပဲ"

"ဒါတော့ ဒါပေါ့၊ ငါ့ကို မခင်မွန်က ဟိုသင်းကွာ၊ ဘယ်လိုပြောရမလဲ။ ဒီလိုကွာ... ဒီလူကြီး ငါ့ကို ကြိုက်နေတာပဲ၊ ဘာပဲလို့ တွေးသွားမလားပေါ့ စိုးတင်ရာ"

"ဟ...လိုရင်းက ဒါပဲ၊ တွေးသွားတာ ကောင်းတယ်လို့ ငါပြောသားပဲ"

"သူ သိစေချင် တွေးစေချင်တာကတော့ ဟုတ်တယ်လေ၊ သိပ်စောများ စောသွားလားလို့ပါ"

"ဟ...ဒါဆိုလည်း လွယ်လွယ်လေး၊ မခင်မွန် ခင်ဗျား ကျွန်တော် ခင်ဗျားကို အဲသလို... အဲသလို ဖြစ်နေကြောင်း၊ ခင်ဗျားအခု မတွေးပါနဲ့ မသိပါနဲ့ဦး။ ခရစ်သက္ကရာဇ် နှစ်ထောင်ပြည့်တဲ့နှစ်ကျမှ တွေးပါ သိပါရန် ရိုသေစွာပန်ကြားပါသည်လို့ စာရေးပေါ့ကွ၊ မကောင်းဘူးလား"
mgyoe.com

mgyoe.com
ပြောပြီးတော့ စိုးတင် ရယ်နေသည်။

* * *

သုံးယောက်စလုံးတွေ့တယ် ကိုကြီးသော်၊ စက္ကူဘူးကို မခင်မွန့်လက်ထဲ ကျွန်တော် ထည့်ခဲ့ပါတယ်။ ဖောက်ကြည့်ပြီး ကျေးဇူးတင်ပါတယ်လို့ စကားပါးလိုက်တယ် ဟု အောင်ကြိုင်ပြောသည်။ စက္ကူဘူးပေါ်တွင် သုံးယောက်စလုံး၏ အမည်ရေးခဲ့သည်။ အတွင်းတွင် အော်ဒီကလုံး ရေမွှေးတစ်ပုလင်းနှင့် လက်ကိုင်ပဝါ ခြောက်ထည်စီ။ စာမေးပွဲရက်အတွင်း စိတ်ကြည်လင်စွာ ဖြေနိုင်ရေးအတွက် လက်ဆောင်ဟု ရုံးသုံးကတ်တလောက် ကတ်ပြားပေါ်တွင် ရေးထားခဲ့သည်။

"မခင်မွန်က ကိုကြီးသော်ကို အားနာလိုက်တာတဲ့"

အောင်ကြိုင့်စကား တစ်ဆင့် ကြားရသည်မှာ ရင်အေးသည်။

"တခြား ဘာမှာလိုက်ကြသေးလဲ"

သူ့ကို ခေါင်းခါပြသည်။

* * *

ကျစ်ဆံမြီး ဆံပင်ကို ပခုံးရှေ့တွင်ချကာ ညွန့်ညွန့် ပြောသည်။

"ခုနတုန်းက ဖုန်းလာတယ် ကိုကြီးသော်"

အစည်းအဝေး ခန်းထဲမှာရှိနေစဉ်က လာသောဖုန်း။ ဘယ်သူ့ဆီကလဲဟု မေးပြီး မှတ်တမ်းတွေကို စားပွဲပေါ်တွင် တင်၏။ အထွက်စာတွဲလာယူသော ရုံးအကူလူငယ်ကို ဖိုင်တွဲတွေ လှမ်းပေးပြီးမှ ညွန့်ညွန့်က...

"မခင်မွန်တို့ ဆက်တာ၊ စာမေးပွဲ ဖြေနိုင်ကြပါတယ်တဲ့။ သုံးလေးရက်နေရင် သူတို့ဒီကို အလည်လာကြဦးမယ်တဲ့၊ အဲဒါပါပဲ"

"ဒီမှာ လာပြီး ကူညီမတဲ့လား"

"မမေးမိလိုက်ဘူး"

"ကနေ့ကျမှ သူတို့ကလည်း ဖုန်းဆက်တယ်။ မနေ့က စာမေးပွဲပြီးတာ။ စာမေးပွဲလည်းပြီးရော ရုပ်ရှင်တစ်ပွဲပြီးတစ်ပွဲ ကြည့်နေကြပြီနဲ့တူတယ်"

"ဟုတ်မှာပေါ့၊ မိညွန့်တုန်းကလည်း ဒီလိုပဲ။ တစ်နေ့ သုံးပွဲကို ကြည့်ပစ်လိုက်တာပဲ"

* * *

mgyoe.com

mgyoe.com

နှုတ်ဖြေစာမေးပွဲတွင် အခက်တွေ့ခဲ့ရပုံကို ချိုတီက ပြန်လည်ပြောပြပြီး မဟာသိပ္ပံအနံ့ကလေးရရုံလောက် မျှော်လင့်ချက်ပဲ ရှိပါတယ်ဟု ပြောသည်။ လှလှက မဟာသိပ္ပံတက်ခွင့်ရလည်း ငါ့အိမ်က အခြေအနေ မကောင်းဘူးဟု ပြောသည်။ ငါတို့ ရှိပါတယ်ဟာ၊ ဝိုင်းပြီး ကြံကြ၊ ဖန်ကြတာပေါ့ဟု ခင်မွန် ဝင်ပြောသည်။ ကျွန်တော်လည်း ရှိတာပဲဗျာဟု သူ ဝင်ပြောသည်။ စကားဝိုင်းတွင် တစ်ယောက်၏ဘဝကို တစ်ယောက် ပို၍သိလာရသည်။

လှလှ၏ဖခင်က အထည်စက်ရုံတစ်ရုံမှ သာမန်အလုပ်သမား၊ မိခင်က နန္ဒဝန်ဈေးထဲတွင် အထည်ဆိုင်ဖွင့်ထားသည်။ မောင်နှမမွေးချင်း လေးငါးယောက်၊ အားလုံး ကျောင်းသူကျောင်းသား။ လှလှသည် မောင်ညီမများအတွက် ငဲ့သည်။ အမေ့ဆိုင်တွင် ကူရေးနှင့် အောက်လက် မွေးချင်းတွေ၏ ပညာရေးကို စဉ်းစားနေရ၏။ ချိုတီက အခြေအနေကောင်းသည်။ မိခင်ဖြစ်သူက အိမ်ထောင်ထိန်းသိမ်းသူအဖြစ် တာဝန်ယူသည်။ ဖခင်က အဝေးပြေးကားနှစ်စီး ထောင်ထားသည်။ မိမိကားအတွက် ထောင်ထားသော စက်ပြင်ရုံက ပြင်ပအလုပ်တချို့ပါ လက်ခံသည်။ ချိုတီတွင် ဆယ်တန်းကျောင်းသူ ညီမတစ်ယောက်သာရှိသည်။

"ဆရာ သင်တာကို နားထောင်နေရတုန်း၊ စာကျက်နေရတုန်း၊ ဖတ်နေ စာမေးပွဲဖြေနေရတုန်းသာ ပျော်တာ။ ဘဝရှေ့ရေး တွေးလိုက်ရင် မောမောသွားတယ်"

လှလှ ညည်းသည်။ သို့သော် အပြုံးမပျက်။

"ညနေပိုင်း ကျူရှင်တက်ပြီးတော့ ကျောင်းနေရင်ကော"

"ကျွန်မ တစ်ယောက်အတွက်ကတော့ ဟုတ်တယ်လေ၊ ကျွန်မအတွက် မိဘမှာ တာဝန်မပိုပေမယ့် အမေတို့နဲ့ မောင်လေးတွေ၊ ညီမလေးတွေအတွက် တာဝန် မယူသလိုဖြစ်နေမှာပေါ့ ကိုကြီးသော်"

ချိုတီက သူငယ်ချင်းရာ၊ အောင်စာရင်းထွက်တော့ တို့စဉ်းစားကြတာပေါ့ ဟု ပြောသည်။ ကိုကြီးသော်လည်း ရှိနေတာပဲ။ နည်းလမ်းရှာဖို့ ငါတို့ အင်အားအများကြီးပါ။ ဒီကိစ္စတွင် မကဘူးလေ၊ တခြားကိစ္စတွေလည်း ကိုကြီးသော်ကို တိုင်ပင်ရတာပေါ့ဟု ချိုတီဆက်၍ ပြော၏။ လှလှက ချိုတို့ ပခုံးကို လှမ်းထုပြီး...

"ဘာ...တခြားကိစ္စလဲ၊ ငါ့မှာ ဘာမှုမရှိဘူး"

ရှက်သံဖြင့် ရယ်ပြောပြောသည်။ ချိုတီနှင့် လှလှတို့ကို ခင်မွန်က ပြုံး၍ ကြည့်နေ၏။

"နင်က မရှိဘူးဆိုလည်း မရှိဘူးပေါ့ဟာ"

mgyoe.com

mgyoe.com

ချိုတီ ထေ့သည်။ သူက ဘာလဲဟု မေးသည်။ လှလှ ခေါင်းခါစဉ် ခင်မွန်နှင့် ချိုတီတို့ ရယ်ကြသည်။

"အလကားပါ၊ လှလှဆီက တစ်ယောက်က အဖြေတောင်းထားလို့"

သူ့ သဘောမပေါက်ဟန် မျက်နှာထားကာ...

"အဖြေက စာမေးပွဲခန်းထဲမှာ ထားပဲ ထားခဲ့ရပြီပဲ။ ဘယ့်နှယ်...အဲဒီသူကို ပေးလို့ ဖြစ်မှာလဲ"

ရယ်သံတွေကြားတွင် လှလှ၏ မျက်နှာသည် နီမြန်းမြန်းဖြစ်နေ၏။ ရော၍ ရယ်နေရင်း ဟုတ်သားပဲ။ အဲလို ဖြေလိုက်ဖို့ ကောင်းတယ်ဟု ပြော၏။ ချိုတီက ဒါဖြင့် ငါသွားဖြေပေးရမလား၊ အဲဒီအတိုင်းလေဟု သွေးတိုးစမ်းအမေး မေး၏။ လှလှ ပြုံး၍သာ နေ၏။ စကားနည်းသွားခိုက်တွင် ဌာနတွင်း စားသောက်ဆိုင်၏ အသံတွေ စားပွဲသို့ရောက်လာ၏။ စီးကရက်မှာသံ၊ မုန့်၊ လက်ဖက်ရည်၊ ကော်ဖီမှာသံ၊ ငွေရှင်းရန် ခေါ်သံ၊ ဖွန်းသံ၊ ပန်းကန်သံ၊ လက်ဖက်ရည်ကြမ်းကရား အဖုံးခေါက်သံ။ ကက်ဆက်မှ မင်းအောင်၏ ရဝေသံ။

"တိုင်ပင်စရာရှိလည်း တိုင်ပင်ပေါ့လေ"

လှလှကို သူ လှမ်းပြော၏။ ချိုတီက...

"ကိုကြီးသော်က ချိုတီတို့ အုပ်စုထဲမှာ လူကြီးဆိုတော့ တိုင်ပင်ရမှာပါ၊ စိတ်ချ။ လှလှ ကိစ္စကလည်း တိုင်ပင်စရာ အဆင့်အထိ ဖြစ်မလာသေးပါဘူး။ လှလှ အမျိုးသားက"

"ငါ့ အမျိုးသား မဟုတ်ပါဘူး"

လှလှက စကားဖြတ်ပြောပြီး အခေါ်အဝေါ် ဝင်ပြင်၏။ ချိုတီက အေး... မှားသွားတယ်၊ ဆောရီး...ဆောရီးဟု ပြောပြီးမှ...

"လှလှကို ကမ်းလှမ်းတဲ့သူက စိုက်ပျိုးရေးနဲ့ ဘွဲ့ရပြီးပြီ။ ငသိုင်းချောင်းသား၊ မိဘတွေက ကော်ပိုရေးရှင်း ဝန်ထမ်းတွေပဲ ကိုကြီးသော်၊ ကိုသိန်းအောင်တဲ့။ နောက်လေးငါးခြောက်လဆိုရင် ပျဉ်းမနား ရေဆင်းတက္ကသိုလ်မှာ အလုပ်ရမယ်။ အသက်က နှစ်ဆယ့်ရှစ်ကိုးလောက်ရှိပြီ။ လူပုံပန်းက အသားညိုညို၊ ဝဝဖိုင့်ဖိုင့်၊ ဆံပင်ကောက်ကောက်၊ မချောတော့ မချောဘူး၊ ရုပ်သန့်တယ်ခံ့တယ်၊ တစ်ဦးတည်းသောသား။ ခုလောလောဆယ်တော့ မြေနီကုန်းမှာ စာအုပ်ဆိုင်ဖွင့်ထားတယ်။ စိတ်ဓာတ်က မဆိုးပါဘူး။ စကားနည်းလွန်းတာရယ်၊ အေးတိအေးစက်နေတာရယ်တော့ အပြစ်လို့ဆိုရမလား မသိဘူး"

"စကားနည်းတာနဲ့၊ အေးတိအေးစက်နေတာ ကောင်းတာပဲ။ ဘာဖြစ်လဲ၊ စိတ်သဘောထား ကောင်းတယ်၊ စာရိတ္တ ကောင်းတယ်ဆိုရင် မဆိုးပါဘူး"

mgyoe.com

mgyoe.com

လှလှက အသက်နည်းနည်းကြီးနေတယ်ဟု သူ့စကားအဆုံး၌ ပြော၏။ ဒါက လည်း...ဟု ပြောမိမည် ဖြစ်သွား၏။ အသက်ကြီးတာ ဘာဖြစ်လဲ။ လှလှက နှစ်ဆယ်၊ အဲဒီ အမျိုးသားက ရှစ်နှစ်၊ ကိုးနှစ်ကြီးတာကလေးများဟု မပြောမိအောင် သတိထားလိုက် ရသည်။

"အသက် ဘယ်လောက်ကွာတယ်"

မေ့ယောင်ပြုပြီး သူ မေးသည်။ လှလှက...

"ရှစ်နှစ်ကျော်ကျော်ကွာတယ် ကိုကြီးသော်"

"ဥရောပ စကားပုံက အသက်လေးဆယ်မှာမှ ဘဝစတယ်လို့ အဆိုရှိတာပဲ။ နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုးဆိုတာ လူငယ်ပဲ"

ငါ့ဆို ဘယ်လိုပြောမလဲ မသိဘူး၊ သုံးဆယ့်လေးနှစ်ကျော်ဆိုတော့ လေး ဆယ်တွင်း စာရင်းထဲထည့်ပြီး ပယ်ပုံပြုမလား မသိဘူးဟု တွေး၏။ သူ့စကားကို မည်သူမျှ မတုံ့ပြန်။

"အသက်ကွာတာ ဘယ်လိုပြဿနာရှိသလဲ လှလှ"

"အသက်ကြီးနေတော့ တစ်မျိုးပေါ့ ကိုကြီးသော်"

"လှလှတို့ မိဘက သဘောတူနိုင်မယ် မထင်လို့လား"

"အိမ်ကတွင် ဘယ်ကပါ့မလဲ ကိုကြီးသော်၊ ပတ်ဝန်းကျင်က ရှိသေးမဟုတ် လား။ သူ့အမျိုးသားက သူ့ထက် အသက်ကြီးတယ်ဆိုတာကိုက တစ်မျိုးလေ။ ရှယ်တူ မရတော့လို့လို့၊ ဘာတော့လို့လို့နဲ့၊ ဒါတွေက ရှိသေးတယ်လေ။ ကိုကြီးသော် အမျိုးသမီး လောကကို သိမလားမသိဘူး"

ရိပ်စား နားလည်လာသည်။ ခေါင်းတစ်ချက် ညိတ်ပြီး...

"အင်း...ဒါလည်း တွက်ရမှာပဲ"

နှေးကွေးစွာ ခပ်တိုးတိုး ပြောလိုက်သည်။ လှလှက သူ့ကို ကြည့်ပြီး...

"ဒါပေမဲ့ သူ့ကို ယတိပြတ်တော့ လှလှ မပြောသေးပါဘူး။ စဉ်းစားရ မှာတော့ အများကြီးပါ"

စဉ်းစားခြင်း ခံစားခွင့်ရှိသေးသော ထိုအမျိုးသားဘက်မှ ဝမ်းသာရင်း အား တက်ရသေးသည်။

❑

mgyoe.com

mgyoe.com

[ ၁၃ ]

မအိပ်လျက် မက်သော အိပ်မက်ဟု ခံစားရသည်။ ဘဝအတွက် အဖော်မဲ့စွာ နေမိခဲ့သော အချိန်တွေကို နှမြောရကောင်းမှန်း သိလာသည်။ ကလေးဘဝ၊ ကျောင်းသားဘဝ၊ ဘွဲ့ရ၊ အလုပ်ခွင်ဝင်၊ မနက်ရုံးသွား၊ ညနေပြန်၊ အချိန်ပိုဆင်း၊ ဌာနတွင်း လူမှုရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး တာဝန်တွေဖြင့် မွေ့လျော်ခဲ့သည်။ အပေါင်းအသင်းတွေနှင့်အတူ သွားစရာရှိတာသွား၊ စားစရာရှိတာစား၊ ရယ်မောပျော်ရွှင်ခဲ့သည်။ ကျောင်းနေဖက်တွေ၊ ဌာနတွင်းရှိ ရွယ်တူတန်းတူတွေ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းသွားကြသည်။ ချစ်သူအိမ်သူ ကင်းမဲ့လျက်ရှိသော ကိုယ့်ကိုယ်ကိုယ် မေ့မေ့လျော့လျော့ပင် ရှိခဲ့သည်။ ရုပ်ရှင်ကြည့်၊ ပွဲလမ်းသဘင်သွား၊ သီချင်းနားထောင်၊ စာဖတ်ခြင်းတို့ဖြင့် ကုန်လွန်ခဲ့သော အချိန်များ။

"မင်း...ဘယ်သူ့ကိုမှ ဘာဖြစ်လို့ စိတ်မဝင်စားခဲ့တာလဲ တင့်သော်"

"ခင်မွန့်ကို အစောကြီးက တွေ့ခဲ့ရင် မင်း ဒီလိုမေးစရာတောင် မရှိပါဘူး စိုးတင်"

စိုးတင် ပြုံး၏။ သူ ဆက်၍ ပြောသည်။

"ဒါပေမဲ့...မျှော်လင့်ချက်တော့ သိပ်မထားတော့ပါဘူး"

စိုးတင် မျက်ခုံးတွန့်ကာ...

"ဘာဖြစ်လို့"

"လှလှတို့ကိစ္စ မင်း သိသားပဲ။ ကိုသိန်းအောင်ကို ငြင်းကောင်း ငြင်းပစ်မယ့် သဘောရှိတယ်။ အဲဒါက အသက်ကွာလို့"

"ဒါက လှလှ ကိစ္စပဲ၊ မင်းကို ခင်မွန်က အဲသလိုမျိုး စဉ်းစားမယ်လို့ အတပ်

mgyoe.com

mgyoe.com
ပြောနိုင်လို့လား"

"မပြောနိုင်ပေမဲ့ ငါ သူ့ကို ကမ်းလှမ်းရင် သူလည်း ဒီလိုပဲ စဉ်းစားမှာပေါ့"

"လှလှ ပြဿနာထဲက ကိုသိန်းအောင်ကို ငါ မမြင်ဖူးလို့ မပြောတတ်ဘူး။ မင်းနဲ့ ခင်မွန်ကျတော့ အသက်သာကွာတယ်၊ အရွယ်မှ မကွာတာပဲ။ မင်းက ခင်မွန်နဲ့ ရွယ်တူလို့သာ မထင်ရတာ။ မသကာ သုံးလေးငါးနှစ်ပဲ ကွာမယ်လို့ တွက်ကြမှာပဲ။ မင်းက အနေနုတာပဲ"

စိုးတင်ကိုကြည့်ကာ ရယ်သည်။

"ညနေ ရုံးဆင်းရင် ကြိုက်တဲ့ဆိုင်မှာ ကြိုက်တာပြော၊ ကျွေးပါ့မယ်"

စိုးတင်က ငါ အကောင်းပြောတာပါ၊ မင်းက အိမ်ထောင့်ဒုက္ခ ရှန်းရ ကန်ရမှ မရှိတာဟု ပြောသည်။ သူ ရယ်နေစဉ်...

"ပြီးတော့ အသက်ဆိုတာ ကြီးတယ်မရှိဘူး၊ မှတ်ထား၊ များသာများလာတာ"

ပြောပုံကို သဘောကျ၍ သူ ဟက်ဟက်ပက်ပက် ရယ်သည်။

"ခင်မွန်ကို မင်း အဲဒီစကား သွားပြောပေးဖို့ ကောင်းတယ်"

"နောက် လေးငါးခြောက်လလောက်ဆို ပြောလို့ ရနိုင်ပါပြီ"

"ငါ့ကို ကောလွှတ်ပစ်မှာ စိုးရတယ်၊ ရှိရင်းစွဲ ခင်မင်မှုကလေးပါ ကိစ္စတုံးသွားမှာ တွေးလန့်နေတယ်"

စိုးတင်က ပြုံးသည်။ စွပ်ကြယ်ပခုံးကြိုးကို တစ်ချက်ဆွဲတင်ပြီး...

"ခင်မွန်က နားလည်မှု ရှိမှာပါ၊ လက်ခံရင် လက်ခံတယ်။ လက်မခံရင် လက်မခံဘူးလို့ ကောင်းကောင်းမွန်မွန်ပြောမှာပါကွ။ ပိုးခနဲ၊ ပက်ခနဲတော့ ပြောမယ် မဟုတ်ပါဘူး"

အားပေးစကားကို ကိုးသော်လည်း စိတ်မရဲ။

"နောက် တစ်ခုက..."

စကားအစတွင် စိုးတင်က တစ်စုံတစ်ရာ ပြောမည်ပြု၍ သူ ရပ်သည်။ အင်း... ဆိုပါဦးဟု စိုးတင် ပြောသည်။

"အဲဒါက တခြားမဟုတ်ပါဘူးကွာ၊ ငါ အစိုးရိမ်လွန်တာ ဖြစ်ချင်လည်း ဖြစ်မယ်။ ဘာလဲဆိုတော့ ခင်မွန်မှာ ရှိများရှိနေလားပေါ့"

"ဘာ ရှိနေမှာလဲ"

"ဩော်... ဒေသကောလိပ်မှာရော၊ အခု တက္ကသိုလ်မှာရော နေခဲ့တာပဲ။ ခု ဘွဲ့ပဲ ရတော့မယ်။ ချစ်သူတွေ၊ ဘာတွေရှိသလားလို့ပေါ့ကွာ"

စိုးတင်က ပုဏ္ဏားကွယ်တွင် ကျောမှီပြီး အိမ်ရှေ့သို့ ငေး၏။ စိုးတင်ပေးမည့်

mgyoe.com

mgyoe.com
ထင်မြင်ချက်ကို သူ မျှော်သည်။ အင်းဟု နှုတ်ခမ်းစေ့ကာ မြည်သံရှည် ပြုပြီးမှ...

"ထင်တော့ မထင်ဘူး၊ ဒါပေမဲ့ ပြောတော့လည်း ဘယ်ပြောနိုင်မလဲ။ သူလည်း နှစ်ဆယ်ကျော်ပြီပဲ။ မင်း စကားလေးဘာလေး တောက်စမ်းမကြည့်ဘူးလား"

"တစ်မျိုး ထင်မှာစိုးလို့"

သူ့ကို ခေါင်းယမ်းပြသည်။

"တိုက်ရိုက်ကြီးတော့ ဘယ်ဟုတ်မလဲ၊ သွယ်သွယ်ဝိုက်ဝိုက်ပေါ့"

"မိန်းကလေးဆိုတာက ယောကျ်ားလေးလို မဟုတ်ဘူးလေ၊ ဘာမဆို သိုသိုသိပ် သိပ် လျှို့လျှို့ဝှက်ဝှက် မဟုတ်လား စိုးတင်ရ၊ သိဖို့ခက်တယ်"

"ချိုတီတို့၊ လှလှတို့ဆီကကော ဘာသံ ညာသံမှ မကြားရဘူးလား"

ခေါင်းခါပြလိုက်သည်။ ထိုနောက်...

"တစ်ခုတော့ တွက်လို့ရတယ်၊ သူနဲ့ငါနဲ့ စပြီး သိရကျွမ်းရတုန်းက ကိစ္စလေ"

စိုးတင် အင်းလိုက်၏။

"တကယ်လို့သာ သူ့မှာ ချစ်သူ ဘာညာရှိနေရင် ငါ့ကို အကူအညီတောင်းမယ် မဟုတ်ဘူး။ လိုက်နှောင့်ယှက်တဲ့ ကောင်လေးမြင်သာအောင် အစောကြီးက တွဲပြပြမှာပေါ့"

စိုးတင် ခေါင်းညိတ်ပြီး...

"အဲဒီကာလကနေ အခုအထိ၊ ကြားထဲက အချိန်မှာ ရည်းစားရှိ၊ မရှိကျတော့ သိဖို့ မလွယ်ဘူး"

စိုးတင် ခေါင်းကုတ်သည်။

"တစ်ယောက်ကို သွားမေးရင်တော့ အမှန်အတိုင်း သိရမယ်"

"ဘယ်သူ့ကိုလဲ"

သူ မေး၏။

"ခင်မွန်"

စိုးတင်က ပြောပြီးတော့ ရယ်သည်။

"အေးပေါ့ကွာ၊ မင်းကတော့ ရယ်နိုင်မှာပေါ့"

"ဟား... ဘယ့်နှယ်... ရယ်မိတာကိုပဲ အမှုလာပတ်နေပါကရော့လား။ ပုဏ္ဏာ ရှိရင် အဖြေရှိတယ်။ စဉ်းစားကြတာပေါ့၊ ခဏနေဦး၊ ထမင်းအိုး တည်လိုက်မယ်၊ မိန်းမနဲ့ ကလေးတွေက မနက်ဖြန် ညနေကျမှ သူတို့အမျိုးအိမ်က ပြန်လာကြမှာ"

ထိုင်ရာမှ ထရင်းပြောသည်။ ဒီမယ်... သူငယ်ချင်း၊ မရခင် ချဉ်းကပ်လိုက်ရတာ မင်း အသိပါ။ ခုကျတော့ မြင်လား၊ အိမ်ထောင်ရေးဆိုတာ ဒီလိုပဲကွ၊ မင်းမလာခင်က
mgyoe.com

mgyoe.com
အဝတ်တွေ လျှော်ထားရတယ်။ ဟာ... ဒါတွေပြောလို့ မင်းနားလည်မှာ မဟုတ်သေးပါဘူးဟု ပြောပြီး အိမ်ထဲသို့ ဝင်သွားသည်။

* * *

ဌာနသို့ အလည်လာသော ဧည့်သည်ကို ဌာနစားသောက်ဆိုင်တွင် တစ်ခုခုကျွေးရသကဲ့သို့ အမှန်အတိုင်း မသိချင်။ ချစ်သူကို ကြင်နာသဒ္ဓါသော အယုအယ ဘဝများဖြစ်ပါကဟု အငှားတွေး တွေးမိသည်။ ထိုအတွေးမျှဖြင့်ပင် ခြေလှမ်းတွေ ပေါ့ပါးနေ၏။ ရင်သည် နွေးနွေးခုန်ခုန် ရှိလှချေ၏။ ခင်မွန်နှင့်အတူ ယှဉ်၍ လျှောက်လာရသည်ကို ကြည်နူးသည်။ ခင်မွန်၏ခြေသံကို ကျက်မိနေသည်။ သနပ်ခါးနှင့် အုန်းဆီရနံ့ကို မှတ်မိနေပေပြီ။

"မခင်မွန် ကျောင်းဘက်ကို ရောက်သေးလား"

"အောင်စာရင်းထွက်ဖို့ နီးပြီလား၊ သွားစုံစမ်းတုန်းကပဲ တစ်ခေါက်ရောက်တယ်။ ကိုကြီးသော်ကော ညနေရုံးဆင်းရင် အဲဒီက လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်လား"

"မထိုင်ဖြစ်တာ ကြာပြီ"

ကျွန်မတို့လည်း ကျောင်းမသွားရော ကိုကြီးသော်လည်း မရောက်တော့ဘူး မဟုတ်လားဟု အဓိပ္ပာယ် တွက်မည်စိုး၍ စကားဆက်ရ၏။

"စိုးတင်က မွေးမြူရေးလုပ်နေတော့ မလိုက်နိုင်တာနဲ့ သွားပြီးမထိုင်ဖြစ်တော့ဘူးလေ"

ခင်မွန် ခေါင်းညိတ်သည်။

"ချိုတီကော"

"ကန္တီက အဘွားတွေဆီ သွားတယ်၊ ဒီလကုန်မှ ပြန်ရောက်မယ်လို့ ပြောတယ်"

"လှလှက အိမ်မှာ ကျူရှင်ဖွင့်ထားတယ်ဆို၊ အခြေအနေ ကောင်းလား"

"မဆိုးပါဘူး၊ မူကြိုဆိုပေမဲ့ ကျောင်းသား သုံးဆယ်ကျော် ရထားတယ်။ ရှေ့နှစ်ကျရင်တော့ မှတ်ပုံတင်ပြီး ကျကျနန လုပ်မယ်ပြောတယ်"

"သူနဲ့ သူ့ပုဂ္ဂိုလ် ကိစ္စကော"

"တန်ဆောင်မုန်းလထဲမှာ အဖြေပေးမယ်လို့ ပြောတယ် ကိုကြီးသော်"

"သူ့ပုဂ္ဂိုလ် ကံကောင်းပါ့မလား"

ခင်မွန် ခေါင်းခါ၏။ ပြီးမှ...

"မသိဘူး ကိုကြီးသော်၊ သူ စဉ်းစားတုန်းပဲတဲ့"

mgyoe.com

ကော်ဖီပန်းကန်၊ မုန့်ပန်းကန်တွေ ရောက်လာခိုက် စကားခဏပြတ်သွား၏။

"ကျွန်တော်လည်း လှလှကို ဘယ်လို အကြံဉာဏ် ပေးရမှန်း မသိတော့ပါဘူးဗျာ"

"ခင်မွန်ကတော့ ခေါင်းညိတ်ပါ၊ ခေါင်းခါပါ ဘာမှ မပြောချင်ဘူးလေ။ ဒါပေမဲ့ အဲဒီလူကို နှစ်ရှည်လများ ဒုက္ခပေးထားသလို မဖြစ်စေနဲ့လို့၊ ဟုတ်တယ်လေ၊ ဟိုဘက်က လူက တစောင့်စောင့်နဲ့၊ ဒါပဲ ခင်မွန် ပြောတယ်"

"ဒါထက် လှလှ အစဉ်းစားရ ခက်နေတာ ဘယ်လိုကြောင့်လဲ၊ သူ့အနေနဲ့လား၊ သူ့မိဘ အနေနဲ့လား၊ ကျွန်တော် မေးလည်း မကောင်းဘူးလေ"

ခင်မွန် ပြုံး၏။

"သူ့အနေနဲ့ရော၊ သူ့မိဘအနေနဲ့ရော နှစ်နေရာကနေ စဉ်းစားရတဲ့ သဘောပဲ။ သူ့မိဘကတော့ မတူဘူး၊ တူတယ် မပြင်းထန်လှပါဘူး။ ကိုသိန်းအောင်က အသက်ချင်း ကွာတာထက် လူချင်းကပါကွာတာ။ ဆယ့်လေးငါးနှစ် ကွာတယ်လို့ မြင်တာနဲ့ သိနိုင် တယ်။ အဲဒါကို လှလှ အဒေါ်တွေ၊ အစ်မဝမ်းကွဲတွေက ပြောတယ်တဲ့"

သက်ပြင်းတစ်ချက် တိတ်တဆိတ် ချမိ၏။ စိုးတင်၏စကားကို ပြေး၍ သတိရ သည်။ အသက်ကွာသော်လည်း အရွယ်ကွာခြားခြင်း မရှိရေးသည် အတော်အရေးကြီး ပကလား၊ စိုးတင်က တယ်သိပါလား။ ကေန္တ... သူ့မိန်းမထံမှရသော ဗဟုသုတသာ ဖြစ်ပေလိမ့်မည်ဟု တွေး၏။ ခင်မွန့်စကားကို နားထောင်သည့်ဟန်နှင့် ခေါင်းတညိတ်ညိတ် နေလိုက်၏။

"ကိုသိန်းအောင်ကို မခင်မွန် မြင်ဖူးလား"

"ဟုတ်ကဲ့"

"နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုးကို ဘယ်လောက်လို့ ထင်ရလို့လဲ"

"လေးဆယ်ဝန်းကျင်လို့ ထင်ရအောင် ရင့်တာတော့အမှန်ပဲ ကိုကြီးသော်"

ဒါဆိုရင်တော့ ဟုတ်တာပေါ့လေ၊ ဒါကျတော့လည်း လှလှအနေနဲ့ စဉ်းစားစရာ ပေါ့လေဟူသော စကားမျိုး မပြောမိအောင် သတိထား၍ နေရသည်။ ထင်မြင်ချက် စကားမဝင်လျှင် ကောင်းပါ့မလားဟု အကြောင့်ကြပိုသည်။ လှလှတို့ ကိစ္စကို တွေးတောနေ သကဲ့သို့ နေခြင်းက ပိုကောင်းမည်ဟု စိတ်ကူးရသည်။

"လှလှအနေနဲ့ကတော့ ကိုသိန်းအောင်ကိုသာ မေတ္တာရှိနေရင် တော်တော် စိတ် ညစ်မှာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့... လှလှစိတ်ထဲ သိပ်အာရုံ ရှိချင်မှရှိမှာ"

သြော်... ဒီစကားကို စောင့်စားသူသာ ကြားပါက ဝမ်းနည်းရှာမည်ဟု တွေး

mgyoe.com

mgyoe.com
သည်။ ငါက ခင်မွန့်ကို ကမ်းလှမ်းမျှော်တဲ့အခါမှာ အဲဒီစကား တစ်ဆင့်ကြားရ သူကငါ့ကို ပြောပါ့မလား၊ ငါ ကိုသိန်းအောင်ကို သွားမရှာသလို၊ သွားမပြောသလို နေမှာပဲ။ နေရမှာပဲ ပေါ့လေ၊ သူတစ်ပါးကိစ္စ။ ပြီးတော့... ဝမ်းနည်းစရာ သတင်းမျိုး။ အင်း... တယ်ခက်ပါ ကလား၊ လောကကြီး၊ အသိရခက် အမှန်းရခက်တဲ့ အရာတွေချည်း ပါလားဟု အတွေးစုံ မိ၏။ အတွေးတွေကြားတွင် စိတ်ထင့်စရာကြောင့် မျက်မှောင် တစ်ချက် ကြုတ်မိ၏။ ခင်မွန့်မှာ ရည်းစားရှိများရှိခဲ့လား၊ ရှိခဲ့ရင်တော့သွားပြီ။ အတော်ခက်တဲ့ ပြဿနာပဲဟု တွေးမိသည်။

"မခင်မွန် မုန့်စားလေ"

စမူဆာပန်းကန်ကို တိုးပေးကာ ပြောလိုက်သည်။

"သိပ်မဆာလို့ပါ"

"တစ်ပန်းကန်လုံး ကုန်အောင် မစားတောင်မှ တစ်ခုတော့စားပါ"

ခင်မွန် ပြုံး၏။

"တကယ် မဆာလို့ပါ"

"တစ်ခုတည်းပါ"

အားနာစွာကြည့်ပြီး စမူဆာတစ်ခုယူ၏။

"လှလှကတော့ သူ့ပြဿနာ ကျွန်တော့် ပြောပြခဲ့ပြီးပြီ။ မခင်မွန်ကလည်း တိုင်ပင် စရာရှိရင် တိုင်ပင်ပါ"

"အို...ကိုကြီးသော်ကလည်း"

ရှက်ပြုံးဖြင့် ဆို၏။

"ကျွန်တော် အကောင်းပြောတာပါ။ ကျွန်တော်တို့၊ မခင်မွန်တို့၊ ချိုတီတို့ ဆိုတာ အရင်းအချာတွေလို့သာ ပြောမရတယ်။ မောင်နှမ အသိုက်အဝန်း ဖြစ်နေ ပြီပဲ။ ပြောပေါ့ တိုင်ပင်ပေါ့ဗျာ၊ ဒီသဘောနဲ့ ပြောတာပါ"

ခင်မွန်သည် အသံနိမ့်ကာ ရယ်နေ၏။ ရယ်သံဖြင့်...

"စိတ်ချ ကိုကြီးသော်၊ ဟုတ်ပါတယ်၊ ခင်မွန်လည်း ဒီလိုပဲ။ ယူဆပါတယ်။ တိုင်ပင်စရာရှိလာရင် တိုင်ပင်မှာပါ။ မရှိသေးတော့ မတိုင်ပင်သေးဘူးပေါ့"

ဆို့မော မောခဲ့ရသမျှ ပြေပြီဟု အောက်မေ့၏။ ဝမ်းသာပြုံး မဖြစ်အောင် သတိ ထားပြီး တစ်ချက်ပြုံးကာ...

"ဒါတင် မကပါဘူး၊ လူမိုက်ငှားစရာရှိလည်း ပြောပါဦး"

ခင်မွန် ရယ်မြဲ ရယ်နေ၏။ ဟုတ်တယ်...ဟုတ်တယ်ဟု ပြောသည်။ သူ ပြောပြီး

mgyoe.com